
# ချင်းအမျိုးသားရေးရာ စာစောင်



**စာစီစာရိုက်၊ တည်းဖြတ်**

ဗိုလ် ခင်မောင်လေး

**စီစဉ်ထုတ်ဝေသူ**

သတင်းနှင့်ပြန်ကြားရေးဌာန
ချင်းအမျိုးသားတပ်ဦး

**ချင်းအမျိုးသားတပ်ဦး၊ သတင်းနှင့်ပြန်ကြားရေးဌာနမှ သုံးလတစ်ကြိမ်ထုတ်ဝေသည်။**

**မူပိုင်**

ချင်းအမျိုးသားတပ်ဦး

**မီဒီယာ ဆက်သွယ်ရန်**

cnfinfo88@gmail.com
zamsdal6@gmail.com
bhmaunglay@gmail.com
&
+918259946415
www.chinland.org

**ပုံနှိပ်**

KL Offset Printers
M.G. Road, Tuikhuahtlang, Aizawl, Mizoram

# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ၁။ ပါတီအာဘော် | ...................... | ၁ |
| ၂။ ကာတွန်း | ...................... | ၄ |
| ၃။ ဟား စရာ | ...................... | ၇ |
| ၄။ ကဗျာ | ...................... | ၁၀ |
| ၅။ သတင်းတိုထွာ | ...................... | ၁၆ |
| ၆။ ချင်းအမျိုးသားတပ်ဦး၏ ထုတ်ပြန်ကြေညာချက်များ | .......... | ၂၂ |
| ၇။ ဆောင်းပါး | | |
| - သမ္မတသိန်းစိန်၏ ငြိမ်းချမ်းရေးဖော်ဆောင်ခြင်းအပေါ် ပြန်လည်သုံးသပ်ခြင်း | ........... | ၂၅ |
| - ပြည်သူ့ဆန္ဒအောင်ပွဲ၊ ခြိမ့်ခြိမ့်သဲ | ........... | ၂၇ |
| - ချင်းပါတီနှင့် ချင်းပြည်သူ့နီတိ | ........... | ၃၃ |
| - အပြောင်းအလဲဟာ ရွေးကောက်ပွဲထက် ပိုမိုခက်ခဲလိမ့်မည် | .... | ၃၆ |
| - တခါသေဖူးတော့ ပျဉ်ဖိုးနားလည်သင့်ပြီပေါ့ | .......... | ၄၀ |
| - ဗဟိုအာဏာလျော့ချပုံ နှစ်မျိုးနှစ်စား | ........... | ၄၃ |
| - တန်းတူညီမျှခြင်း (Equality) | ........... | ၄၅ |
| - လူနေအိမ် သမိုင်းအကျဉ်း | ........... | ၄၉ |
| - တိုင်းရင်းသားများ၏ တန်းတူအခွင့်အရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့်အပေါ် ၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေများ မည်မျှထိ အကာကွယ်ပေးပါသနည်း | ........... | ၆၄ |
| - ချင်းတို့ဌာနေဇလပ်မြေမှာ အောက်ချင်းငှက်တွေ တောင်ပံကျိုးသွားခြင်း | .. | ၈၂ |
| ၈။ ပညာရှိ အဆိုအမိန့်များ | ...................... | ၈၇ |

# ပါတီအာဘော်

## ငြိမ်းချမ်းစွာ အာဏာလွှဲပြောင်းရေး

ဒီမိုကရေစီကို ကျင့်သုံးသော၊ ဒီမိုကရေစီကို အားပေးထောက်ခံသော နိုင်ငံများတွင် ဒီမိုကရေစီဝေါဟာရကို ကိုယ်စားပြုဒီမိုကရေစီဟူ၍ ကျယ်ကျယ်ပြန့်ပြန့် နားလည်ထားကြပြီး၊ ထိုကိုယ်စားပြု ဒီမိုကရေစီအတွက် မရှိမဖြစ်လိုအပ်သည့် ရွေးကောက်ပွဲများကို ပုံမှန်ကျင်းပကြသည်။ ရွေးကောက်ပွဲ ဆိုသည်မှာ သတ်မှတ်ထားသော မဲဆန္ဒနယ်မြေများတွင် မဲဆန္ဒရှင် နိုင်ငံသားပြည်သူလူထုက မိမိတို့ကြိုက်နှစ်သက်သော လွှတ်တော်ကိုယ်စားလှယ်များကို မိမိတို့၏ နိုင်ငံရေးလိုအင်ဆန္ဒကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် လွတ်လွတ်လပ်လပ်ရွေးချယ်နိုင်သော နိုင်ငံသားတို့၏ အခွင့်အရေးပင်ဖြစ်သည်။ ဒီမိုကရက်တစ်ရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်ရှိသော နိုင်ငံသားတိုင်းက တန်ဖိုးတူမဲတစ်မဲစီ ပိုင်ဆိုင်ကြခြင်း၊ မည်သူ့ကိုမဆို ရွေးချယ်နိုင်ခြင်း၊ နိုင်ငံရေးပါတီများနှင့် နိုင်ငံသားများက ရွေးကောက်ပွဲများတွင် လွတ်လပ်စွာအရွေးခံပိုင်ခွင့်နှင့် လွတ်လပ်၍တရားမျှတမှုရှိသော ရွေးကောက်ပွဲဖြစ်ခြင်းစသည့် အင်္ဂါရပ်များ ပြည့်စုံရမည်။ ချင်းအမျိုးသားတပ်ဦးသည် ဒီမိုကရေစီရရှိ ထွန်းကားရေးကို မိမိ၏ နိုင်ငံရေးရည်မှန်းချက်တခုအဖြစ် ထားရှိသည်နှင့်အညီ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ (၈) ရက်နေ့တွင်ကျင်းပခဲ့သော အထွေထွေရွေးကောက်ပွဲကို ကြိုဆိုခဲ့ပြီး၊ ဒီမိုကရေစီကျင့်စဉ်များ၊ အခြေခံများနှင့်အညီ အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး ထွက်ပေါ်လာသော ရွေးကောက်ပွဲရလဒ်အပေါ် ကြိုဆိုအသိအမှတ်ပြုကြောင်း ထုတ်ပြန်ခဲ့သည်။

ဒီမိုကရေစီနိုင်ငံများတွင် အထွေထွေရွေးကောက်ပွဲကျင်းပပြီးစီးပြီး၊ ထွက်ပေါ်လာသောရလဒ်ကို သက်ဆိုင်သည့် နိုင်ငံရေးပါတီများ၊ နိုင်ငံရေးခေါင်းဆောင်များက အသိအမှတ်ပြုကြသည်။ ရွေးကောက်ပွဲတွင် ရှုံးနိမ့်သည့်ပါတီများ၊ ပုဂ္ဂိုလ်များက အနိုင်ရရှိသည့် ပါတီ၊ ခေါင်းဆောင်များကို ကြိုဆိုနှုတ်ဆက်ကြပြီး၊ မိမိတို့ ရှုံးနိမ့်ကြောင်း ဝန်ခံကြသည်မှာ ဒီမိုကရေစီ၏ လှပသောအပြုအမူများပင်ဖြစ်သည်။ ၂၀၁၅ အထွေထွေရွေးကောက်ပွဲ မကျင်းပမီ နှစ်ရက်အလို နိုဝင်ဘာလ (၆) ရက်နေ့တွင် သမ္မတဦးသိန်းစိန်က ရွေးကောက်ပွဲအကြို မိန့်ခွန်း၌ " အစိုးရနဲ့ တပ်မတော်အနေနဲ့ ရွေးကောက်ပွဲရလဒ်ကို လေးစားလိုက်နာမှာဖြစ်ပြီး၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေါ်ပေါက်လာမယ့်အစိုးရကို လက်ခံသွားမယ်" ဟု ကတိပေးပြောကြားခဲ့သည်။ ၎င်း ကတိပေးပြောကြားချက်သည် တိုင်းသူပြည်သားများအတွက် အလွန်ပင်စိတ်ချမ်းမြေ့ဘွယ်ပင်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ပြည်သူလူထု၏ နိုင်ငံရေးလိုအင်ဆန္ဒကို လေးစားမှုပြုသည့်အပြင် အသစ်ဖွဲ့စည်းမည့်အစိုးရထံ အာဏာလွှဲပြောင်းမည်ဟူသော

သဘောပါသည့်အတွက်ကြောင့် ဖြစ်ပါသည်။ အစဉ်အလာကောင်းသော ဒီမိုကရေစီနိုင်ငံတွင် ရွေးကောက်ပွဲရလဒ်ကို အသိအမှတ်ပြုသည်နှင့် ချောမောစွာ အာဏာလွှဲပြောင်းရေးသည် ချက်ချင်းဆောင်ရွက်ရမည့် လက်ငင်းတာဝန်ဖြစ်ပါသည်။

နိုဝင်ဘာလ (၁၁) ရက်နေ့တွင် ပြန်ကြားရေးဝန်ကြီး ဦးရဲထွဋ် က "သမ္မတ၏ ရွေးကောက်ပွဲရလဒ်အပေါ် အထူးဝမ်းမြောက်ကြောင်း" သမ္မတကိုယ်စားပြောကြားပေးရာတွင် " NLD ၏ အနိုင်ရဦးဆောင်မှုကို ကြိုဆိုကြောင်း၊ အစိုးရက ဥပဒေအရ အချိန်ဇယားအတိုင်း ငြိမ်းချမ်းစွာ အပြောင်းအလွှဲလိုက်နာပြုလုပ်သွားမည်" ဟူ၍လည်းကောင်း၊ နိုဝင်ဘာလ (၁၅) ရက်နေ့တွင် နိုင်ငံရေးပါတီ (၇၀) ထက်မနည်းနှင့် တွေ့ဆုံဆွေးနွေးစဉ် " ရှေ့နှစ်တွင် အစိုးရသစ်ထံသို့ ဥပဒေနှင့်အညီ ချောချောမောမောအလွှဲအပြောင်းပြုလုပ်ရန်" ဆိုပြီး ကတိပြုခဲ့သည်။ နိုင်ငံခြားသတင်းဌာနများမှလည်း သမ္မတဦးသိန်းစိန် ၏ အာဏာလွှဲပြောင်းရေး ကတိပေးပြောကြားချက်ကို အထူးဖော်ပြခဲ့ကြသည်။


ဒေါ်အောင်ဆန်းစုကြည်သည် နိုဝင်ဘာလ (၁၀) ရက်နေ့တွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်း နှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်တို့ကို တွေ့ဆုံဆွေးနွေးရန် ကမ်းလှမ်းခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည် ကမ်းလှမ်းချက်ကို လက်ခံကြပြီး သူရဦးရွှေမန်းနှင့် နိုဝင်ဘာလ (၁၉) ရက်နေ့တွင်လည်းကောင်း၊ သမ္မတဦးသိန်းစိန်၊ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်တို့နှင့် ဒီဇင်ဘာလ (၂) ရက်နေ့တွင်လည်းကောင်း သီးခြားစီတွေ့ဆုံခဲ့ကြသည်။ သူရဦးရွှေမန်း၏ စီစဉ်ပေးမှုဖြင့် ဒေါ်အောင်ဆန်းစုကြည် သည် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်လည်း ဒီဇင်ဘာလ (၄) ရက်နေ့တွင် တွေ့ဆုံခဲ့ကြသည်။ ပြန်ကြားရေးဝန်ကြီး ဦးရဲထွဋ် က သမ္မတဦးသိန်းစိန်နှင့် ဒေါ်အောင်ဆန်း စုကြည်တို့သည် အာဏာအလွှဲအပြောင်းချောမွေ့ရေးကို အဓိကဆွေးနွေးခဲ့ကြသည်ဟု ပြောကြားခဲ့သည်။


ထိုဆွေးနွေးချက်များကို အကောင်အထည်ဖော်နိုင်ရန် မြန်မာနိုင်ငံ ဒီမိုကရေစီအသွင်ကူးပြောင်းရေးတွင် ယခင်က အစဉ်အလာမရှိခဲ့သည့် နိုင်ငံတော်အကြီးအကဲတာဝန် စံနစ်တကျလွှဲပြောင်းပေးသည့်အစဉ်အလာကောင်းတရပ်ထူထောင်ရန် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နှင့် NLD ပါတီဥက္ကဌ ဒေါ်အောင်ဆန်းစုကြည်တို့ ဒီဇင်ဘာလ (၂) ရက်နေ့တွင် တွေ့ဆုံဆွေးနွေးခဲ့ကြခြင်း ဖြစ်သည်။ ရလဒ်အနေဖြင့် ဒီဇင်ဘာလ (၁၂) ရက်နေ့တွင် နိုင်ငံတော်အစိုးရနဲ့ NLD ပါတီတို့သည် နိုင်ငံတော်အကြီးအကဲတာဝန်လွှဲပြောင်းရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးကော်မတီများတို့ကို ဖွဲ့စည်းထားပြီးဖြစ်ကြောင်း သမ္မတရုံးက သတင်းထုတ်ပြန်ခဲ့သည်။ ထိုကော်မတီတို့ကို အစိုးရဖက်က ပုဂ္ဂိုလ် (၅) ဦးပါသော နိုင်ငံတော်အကြီးအကဲတာဝန်လွှဲပြောင်းမှု အထောက်အကူပြုကော်မတီကိုလည်းကောင်း၊ NLD

ဖက်က ပုဂ္ဂိုလ် (၆) ဦးပါသော အသွင်ကူးပြောင်းရေးအဖွဲ့တစ်ခုကိုလည်းကောင်း ဒီဇင်ဘာလ (၁၀) ရက်နေ့တွင် ဖွဲ့စည်းခဲ့ပါသည်။ ဤအဖွဲ့နှစ်ဖွဲ့တို့အကြား ဒီဇင်ဘာလ (၁၆) ရက်နေ့တွင် ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင်တက်ရောက်ခဲ့ပြီး မိတ်ဆက်သဘောမျိုး တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ ဒီဇင်ဘာလ (၂၂) ရက်နေ့တွင် နေပြည်တော်၌ ပထမဆုံးအကြိမ် တွေ့ဆုံဆွေးနွေးခဲ့ကြပြီး နိုင်ငံတော်အကြီးအကဲတာဝန်လွှဲပြောင်းမည့် အခမ်းအနားနှင့် ဝန်ကြီးဌာနများစံနစ်တကျ လွှဲပြောင်းနိုင်ရေးလုပ်ငန်းစဉ်တို့ကို ဆွေးနွေးခဲ့ကြပါသည်။


နိုင်ငံတကာတွင်ဖြစ်စေ၊ နိုင်ငံတစ်နိုင်ငံတွင်ဖြစ်စေ သဘောတူညီချက်၊ စာချုပ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ နိုင်ငံတကာဥပဒေများ... အရ သက်ဆိုင်ရာသို့ အာဏာလွှဲပြောင်းသည့်အခါ စံနစ်တကျ၊ ချောချောမောမော၊ ငြိမ်းချမ်းစွာ မလွှဲပြောင်းနိုင်လျှင် ဆုံးရှုံးနစ်နာမှုများ ပေါ်ပေါက်တတ်သည်။ ၁၉၉၀ ခုနှစ်၊ အထွေထွေရွေးကောက်ပွဲတွင် NLD က ၈၀ ရာခိုင်နှုန်းကျော် အနိုင်ရခဲ့သော်လည်း အာဏာလွှဲပြောင်းမှုမရှိခဲ့သဖြင့် ကျွန်ုပ်တို့ တိုင်းပြည်သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍပေါင်းစုံ နစ်နာဆုံးရှုံးမှုများစွာ ရှိခဲ့သည်။ မြန်မာ့နိုင်ငံရေးသမိုင်းအရ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရရှိပြီးအချိန်မှစ၍ ယနေ့အထိ စံနစ်တကျ၊ ချောချောမောမောနှင့် ငြိမ်းချမ်းစွာ အာဏာလွှဲပြောင်းနိုင်မှုမရှိခဲ့ပေ။ ထို့ကြောင့် ပါတီစုံဒီမိုကရေစီစံနစ် ကျင့်သုံးသောမြန်မာနိုင်ငံတွင် ချောမောစွာနှင့် ငြိမ်းချမ်းစွာ အာဏာလွှဲပြောင်းသည့် အစဉ်အလာသည် အထူးလိုအပ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့နိုင်ငံတွင် နိုင်ငံနှင့်လူမျိုး၏ သိက္ခာ၊ ဒီမိုကရေစီ၏ ကျင့်စဉ်နှင့်အညီ ငြိမ်းချမ်းစွာ အာဏာလွှဲပြောင်းနိုင်ရန်နှင့် သမိုင်းတွင်မည့် နိုင်ငံရေးအစဉ်အလာကောင်းတရပ်ထူးထောင်ရန် ကြိုးစားအားထုတ်သူများကို အားပေးထောက်ခံပြီး၊ လက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ အပါအဝင် နိုင်ငံရေးပါတီ၊ နိုင်ငံရေးခေါင်းဆောင်များကပါ ထောက်ခံကူညီကြပါရန် တိုက်တွန်းအပ်ပါသည်။

❑❑❑❑❑


CHIN


NCA
VAPUAL 15


ဘယ်မှာလဲ
ပေါ်လစီ ??
ပေါ်လစီ
ပေါ်လစီ
VAPUAL 15


VAPUAL 15
2016


နှစ်ပေါင်း (၆၀) ကျော်
စစ်အာဏာရှင်လက်အောက်
ကျရောက်ခဲ့တဲ့
မြန်မာနိုင်ငံပါ
ခင်ဗျ....
- လက်နက်ကိုင်အဖွဲ့အစည်းများ ဝိုင်းရံထားတဲ့
- ဒေါ်လာ သန်းကိုးထောင်ကျော် အကြွေးတင်တဲ့
- သူများကိုချ၊ သူများမရှိတော့ ကိုယ့်အချင်းချင်းချ၊ အချင်းချင်းချဖို့မရှိတော့ ကိုယ့်ဟာကိုချ၊ ငြီးငွေ့တော့ သူများအချင်းချင်း ချခိုင်းတဲ့ နိုင်ငံ
ဘာလဲဗျ?
2015.12.20


အမလေးတော်..
မရဘူး.. မရဘူး
ငါတို့ ဗမာလူမျိုးတွေက
Majority မို့လို့
အခွင့်အရေး များများ
ယူရမယ်
မဖြစ်ဘူး.. မဖြစ်ဘူး
ငါတို့ ချင်းလူမျိုးတွေက
Minority မို့လို့
အခွင့်အရေး များများ
ယူရမယ်..
2015.12.19

# ကောင်းလိုက်တဲ့ အဖြေ

တခါက တောရွာလေးတစ်ရွာမှာ မူလတန်းကျောင်းလေး အသစ်ဖွင့်ထားတယ်။ ကျောင်းဖွင့်ပြီး သိပ်မကြာခင်မှာပဲ မြို့နယ်ပညာရေးမှူးတစ်ယောက်က ကျောင်းကို ကြည့်ရှုစစ်ဆေးဖို့ ရောက်လာသတဲ့။ ရွာသူရွာသား ဆရာမိဘနှင့် ကျောင်းသူကျောင်းသားများသည် အဲ့ဒီ စာသင်ကျောင်းလေးမှာ စုဝေးပြီး ပညာရေးမှူးကို ကြိုဆိုဧည့်ခံကြရာ၊ ပညာရေးမှူးက ရွာအခြေအနေ၊ ကျောင်းအခြေအနေကိုကြည့်ပြီး ကလေးတွေရဲ့ပညာရေးတိုးတက်မှု အခြေအနေကို သိချင်တာနဲ့ ထိုင်ခုံရှေ့ဆုံးတန်းက ကျောင်းသားတစ်ယောက်ကို မေးသတဲ့..

"ဟေ့..ကောင်လေး ထစမ်း၊ မန္တလေးနန်းတော်ကြီးကို ဘယ်သူဖျက်ဆီးသလဲ ပြောစမ်း" ကျောင်းသားလေးက လက်ပိုက်ပြီး မျက်လုံးအပြူးသားနဲ့ " ကျကျ ကျွန်တော် မဟုတ်ဘူး" လို့ ပြောလိုက်သတဲ့၊ ပညာရေးမှူးဟာ စိတ်ပျက်သွားပြီး အတန်းပိုင်ဆရာကို ပြောလိုက်တယ်။ အတန်းပိုင်ဆရာက ကျောင်းသားလေးကို တချက်လှမ်းကြည့်လိုက်ပြီး ...

" ဟုတ်ကဲ့ပါလူကြီးမင်း... ဒီကလေးက ရိုးသားပါတယ်၊ လိမ်မပြောတတ်ပါဘူး၊ နောက်ပြီးတော့ ကျွန်တော့ မျက်စိအောက်တင် ကြီးပျင်းလာတဲ့ ကလေးပါ၊ ကျွန်တော်ပြောတာကို ယုံပါ " လို့ ဖြေရှင်းပေးလိုက်သတဲ့ ခင်ဗျား.......

❑❑❑❑❑

အစိုးရကို ဝေဖန်တာ မင်းအပြစ်မဟုတ်ဘူး၊

ကိုယ့်ရှေ့က အမှိုက်တောင်မကောက်ဘဲ ဝေဖန်ရေးပဲ

လုပ်နေရင် မင်းအပြစ် ဖြစ်သွားပြီ။

# အဖမ်းခံသွားတဲ့ အစောင့်

တပ်စခန်းဆိုတော့ လောင်းကစားဆိုလို့ သားရေကွင်းပစ်ကစားတာတောင်မရဘူးပေါ့။ အဲ့လောက်ထိ တင်းကြပ်တဲ့ကြားမှာတင် ဂါသာနာပါသူတစ်ချို့ကတော့ ပွဲမပျက်၊ မဖြစ်ဖြစ်အောင်နည်းလမ်းရှာကြံပြီး ဖဲဝိုင်းနေကျ၊ အဲလို တိတ်တိတ်ပုန်း ကစားနိုင်တာကလည်း အစောင့်ရဲ့လိမ်မာပါးနပ်မှု၊ သစ္စာရှိမှု ကြောင့်လို့ ဆိုရမှာပေါ့။

တစ်ညနေ ခါတိုင်း ကစားနေကျအဆောင်မှာ တပ်စိတ်မှူးကိုယ်တိုင်ဦးဆောင်ပြီး လေးငါးယောက် လောက် ဝိုင်းကောင်းနေတယ်။ စောင့်နေကျ အစောင့်သမားမရှိတော့ ရဲဘော်တစ်ယောက်ကို အဆောင်နဲ့ မလှမ်းမကမ်းကနေ အပြင်လူ အဝင်အထွက်ကို စောင့်ခိုင်းလိုက်တယ်။ အဓိကအားဖြင့် စခန်းမှူးနဲ့စခန်းကြပ်တွေပေါ့။

ခါတိုင်းဆို သူတို့လာရင် အစောင့်က အချက်လေးပြပြီး ကိစ္စကအေးဆေးပြီးသွားပြီ။ ဒီတစ်ခါတော့ ခါတိုင်းလိုမဟုတ်တော့၊ စခန်းမှူးအလာကိုတွေ့တာနဲ့ အစောင့်က သတင်းပို့ဖို့ အဆောင်ကိုရေးကြီး သုတ်ပြာနဲ့ ပြေးလာတာကို အထဲကနေတွေ့လိုက်တာနဲ့ အလျင်စလိုပွဲသိမ်းပြီး လွတ်ရာလွတ်ကြောင်း လစ်ပြေးကြကုန်တယ်။ အစောင့်က အဆောင်ထဲမှာ လူမတွေ့တော့ တအံ့တသြနဲ့ ဟိုဟိုဒီဒီကြည့်နေ ချိန်၊ စခန်းမှူးနဲ့အဖွဲ့လည်း အဆောင်ထဲဝင်လာလေရော့…

စခန်းမှူးက အဆောင်တွင်းခြေရာလက်ရာတွေကို မသင်္ကာလို့ စစ်ဆေးကြည့်လိုက်တော့ ဖဲထုတ်ကို မိသွားတယ်။ ဒါနဲ့ ရဲဘော်ကို ဖမ်းပြီး၊ မင်းဘာကြောင့် ဖဲကစားလဲမေးတော့.. “ ကျွန်တော် ဖဲမကစား တတ်ပါဘူး၊ ကစားလည်း မကစားဖူးပါဘူး။ သူတို့ကို ကင်းစောင့်ပေးတဲ့ အစောင့်ပါ” တဲ့၊ အစောင့် ဆိုလည်း ကြံရာပါမို့ ခံလိုက်ရတာပေါ့။ ဖြစ်မှဖြစ်ရလေ အစောင့်ရယ်။

❑❑❑❑❑

# ရဲဘော်လောင်းတစ်ဦး၏ ကိုယ်ရေးရာဇဝင်

တစ်နေ့ ရုံးမှာ အခြေခံစစ်ပညာသင်တန်းတက်မယ့် သင်တန်းသားတွေရဲ့ ကိုယ်ရေးရာဇဝင်ကို တစ်ယောက်ပြီးတစ်ယောက် ခေါ်ကောက်နေခိုက်။ နေရာဒေသအသီးသီး၊ မျိုးနွယ်စုအသီးသီးက ရောက်လာကြသူတွေမို့ စကားကအစ ပုံစံတွေကလည်း အမျိုးမျိုးပေါ့၊ နောက်ဆုံးဝင်လာတဲ့ သင်တန်းသားတစ်ယောက်ကို လျှောက်လွှာပုံစံကွက်လပ်မှာဖြည့်ရမယ့် မေးခွန်းတွေကို နံပါတ်အစဉ်လိုက် စ မေးလိုက်ရာ.. သူ့ရဲ့ဖြေကြားပုံက အင်မတန်မှ ထူးခြားနေလို့ မှတ်မှတ်သားသားလေး တင်ဆက်လိုက်ပါတယ်။

မေး။ ။ နာမည်ဘယ်သူလဲ
ဖြေ။ ။ ပေါက်ကြိုင်း
မေး။ ။ ဇာတိ
ဖြေ။ ။ အပြစ်မကင်းသူ

မေး။ ။ ပညာအရည်အချင်း
ဖြေ။ ။ စာဖက်မှာ အားနည်းပါတယ်

မေး။ ။ မွေးနေ့ပြောပါ
ဖြေ။ ။ ဇန္နဝါရီလ (၁) ရက်နေ့

မေး။ ။ ဘယ်ခုနှစ်မှာလဲ
ဖြေ။ ။ နှစ်တိုင်းပါဆရာ

မေး။ ။ အမျိုးသား မှတ်ပုံတင်နံပါတ် ပြောပါ
ဖြေ။ ။ ကျွန်တော်က တကယ်ယောကျ်ားပါဆရာ၊ အမျိုးသမီးအိမ်ထောင်သည်ပဲ ရှိပါတယ်
မေး။ ။ တပ်ဝင်ရက်စွဲပြောပါ
ဖြေ။ ။ ဒီစခန်းကို ရောက်လာတဲ့နေ့ကတည်းကပါ

မေး။ ။ စစ်တပ်ထဲ ဝင်လာရတဲ့ ရည်ရွယ်ချက်ပြောပါ
ဖြေ။ ။ ကျွန်တော့မှာ ဘာအကြောင်းပြချက်မှ မရှိဘူး ဆရာ

မေး။ ။ ဂါသနာ ပြောပါ
ဖြေ။ ။ လူလည်ကျတာ သိပ်ဂါသနာပါ ပါတယ်။ *(ဆက်လက်တင်ဆက်ပါမည်)*

# ချင်းအမျိုးသားနေ့

သူ့ရာဇဝင်မှာ
သွေးတွေချွေးတွေ ရွဲကျခဲ့တယ်
အားတွေမာန်တွေ နိုးထခဲ့တယ်

မတော်တဆ
ခလုတ်တိုက်မိခဲ့ကြတာ မဟုတ်ဘူး

ဒီမှာ နားထောင်
သူ့တေးသံက ဂင့်ထည်တယ်
သူ့သမိုင်းက ပုံပြင်မဆန်ဘူး
သူ့ဒိုင်ယာရီက ဒဏ္ဍာရီမဟုတ်ဘူး

အဲ့ဒီနေ့မှာ
မင်းကော့ ငါကော့
လူပီသနေရမယ်။

**ချင်းကြီး** (လုံခါး)

❑❑❑❑❑

# ကာကွယ်ကြစို့

ဩော် .... သူငယ်ချင်း
သစ်ခွချယ်ရီ ဇလပ်နီတို့
စီချယ်လန်းဖြာ ပန်းကမ္ဘာမှ
အမိမြေ ချင်းလဲန်းကို ကာကွယ်ကြစို့။

ဩော် .... သူငယ်ချင်း
သစ္စာရှင်မင်း ငှက်အောက်ချင်းတို့
ဂုဏ်နန်းစံရာ ဘိုးဘွားပိုင်မြေ
အမိမြေ ချင်းလဲန်းကို ကာကွယ်ကြစို့။

ဩော် .... သူငယ်ချင်း
သားငါးကြွယ်လျှက် ခဲဘွယ်စားဘွယ်များ
တင့်ဆန်းဝေဆာ ပြီးပြည့်စုံရာမြေ
အမိမြေ ချင်းလဲန်းကို ကာကွယ်ကြစို့။

ဩော် .... သူငယ်ချင်း
မွေးရပ်မြေရဲ့ တောတောင်သဘာဝ
ချင်းပျိုမယ်တို့ရဲ့ အနာဂတ်
ရဲစွမ်းသတ္တိအပြည့်နဲ့ ကာကွယ်ကြစို့။

ဩော် .... သူငယ်ချင်း
အောက်ချင်းငှက် သစ္စာ
ဘိုးဘွားတွေရဲ့ သစ္စာ
သမိုင်းပေး တာဝန်
စိတ်ရင်းမာန်စွဲလျှက် ချင်းလဲန်းကို ကာကွယ်ကြစို့လေ။

**ဆလိုင်းချစ်သူ (ရှင်းသားလေး)**

❑❑❑❑❑

# အောက်ချင်းငှက်ငိုခြင်း

" မုဆိုး"
ဆိုတဲ့ အမည်ခံတွေက
တောစည်းကမ်း၊ တောင်ဓလေ့
မသိကြတော့တဲ့အခါ..

တောထဲက သစ္စာ
မသိကြတော့တဲ့အခါ..

မုဆိုးသိက္ခာ
မသိကြတော့တဲ့အခါ..

မုဆိုးဆိုတဲ့ ဘာသာစကား
နားမလည်ကြတော့တဲ့အခါ

ငါတို့ဟာ
ပျောက်ဆုံးလုလု
သစ်ခွတွေလည်း ပြုန်းလုလု

တောင်ဇလပ်ပန်းတွေတောင်
ပိုင်ပုလင်းထဲ ရောက်ကုန်ပြီ။

**ချင်းကြီး** (လုံခါး)

❑❑❑❑❑

# သူရ ရဲဘော်များ

သင်တို့ဟာ ...
ချင်းတစ်မျိုးသားလုံးရဲ့ စိတ်နှလုံး

သင်တို့ဟာ ...
ချင်းတောင်တန်းရဲ့ တောစောင့် ခြသေ့်

သင်တို့ဟာ ...
ချင်းဌာနရဲ့ တန်ဆာပလာ

သင်တို့ဟာ ...
အောက်ချင်းငှက်ရဲ့ အသိုက်

သင်တို့ဟာ ...
တောင်ဇလပ်ရဲ့ အမြစ်

သင်တို့ဟာ ...
မျိုးဆက်သစ်များရဲ့ ဖန်ဆင်းရှင်

သင်တို့ဟာ ...
ကိုယ်ကျိုးစွန့် သူရရဲဘော်များ။

**အမိမြေ ချင်းလဲန်းနှင့် ချင်းလူမျိုးများကို ကာကွယ်စောင့်ရှောက်ခဲ့ကြတဲ့ CNA ရဲဘော်များကို ရည်စူးလျှက် ဂုဏ်ပြုခြင်းဖြစ်သည်။**

**ဆလိုင်းချစ်သူ (ရွှင်းသားလေး)**

❑❑❑❑❑

# ပြည်သူ့ကြယ်စင် ပန်းနီလေးများ

သားကောင်းရတနာ ဖူးဖူးမှုတ်လျက်
သွေးလေထက်မြက် ဉာဏ်ရည်တက်လျက်
အောင်မြင်ဆွတ်ခူး ဒီပန်းတိုင်တိုင်
ပြည်တော်သာဖို့ အသုံးတော်ခံခဲ့
လှမ်းဝင်ခဲ့ပြီ စီအဲန်အေ ဆီ။

ပြည်သူ့ချစ်သား ရွေးခဲ့လမ်းမှန်
ပြည်သူ့အကျိုး မျှော်ကာကိုးလျက်
လင်းလက်ကြယ်စင် စွမ်းရည်ထက်မြက်
ရက်ပေါင်းနှစ်လ ဖွေရှာလေဘိ
လောကနိဗ္ဗာန် ဒီအဖြာဖြာကို
စူးစမ်းကိုးစား ပြည်ချစ်သား။

ခံမင်သိစ္စာ ရင်ဂယ်ပွေ့လျက်
သယ်ပိုးနေပြီ ပြည့်တာဝန်
ဂုဿန်လေမိုးကြုံ့ကြုံ့ခံတိုး
စိုးရင့်ရင်ခွင် သူပင်မငဲ့
ဘဂလေ့ကား သွေ့ဖီမသွား
သားကောင်းစွမ်းရည် ချီမြှင့်ခံခဲ့
ဆုးခင်းတော်လှန်ရေး ပန်းမှတ်တမ်းတလှမ်း။

နေထိုင်ဆင်းရဲ မလွဲစိတ်ဓါတ်
ဆက်ကာချီလေ ပြည်လိုင်ဇာသို့
လမှာနိုဂင် အို...နှစ်ထောင့်ဆယ့်လေး
သွေးသားတိုင်းရင်း လောင်းလျာဗိုလ်သင်တန်း
စစ်ရေးစစ်ရာ အဖြာဖြာများလည်း

နားသုံးနားထား နည်းဗျူဟာမကျန်
ဆည်းပူးနေဆဲပင် အားထားကြယ်စင်။

စိန်တော်ဖြားခက် ဟို.. ဗမာ့တပ်
လစ်ခိုက်အငိုက် ပြုလာရန်မူ
ကျည်ယားနာမ မမတစ်ရာ့ငါးတဲ့
ဟဲ့.. ဘောကြောင်လုပ်ရပ် သတိပေးထားသတဲ့။

သတ္တိသွေးပြောင် ဒို့..တိုင်းရင်းသွေးဆောင်
ထားကြသစ္စာ အားသစ်မာန်ရှို
ဤဗိုလ်လောင်းသားတို့
သုတ်သင်ခံရ ယောက်ပေါင်းနှစ်သုံး
ဆိုးလေသွေးကျ မြစ်နဒီမျှ
ကြွေကျလေရော့လား အို..ပန်းနီလေးများ။

ပေးခဲ့သမိုင်းဂုဏ် ချီပိုးကာထမ်း
ကျေလေဘိဂုဏ်တာ ဇာနည်ဖွားတို့
ကြွလာရှင်တော် ထိုရွှေပြည်နန်း၌
ဆုံးအံ့နေ့အား ဆိုင်းငံ့နေမိ
ဆွေတော်ရဲမက် ပြုလေမိဂရု
ပြည့်ကဗျည်းတင်ထား ဒို့ပန်းနီလေးများ။

(ကျဆုံးလေပြီးသော အာဇာနည်များဖြစ်ကြသည့် ဗိုလ်လောင်း ဆလိုင်းဂျွန်ဗျက်သင်းလျှန်နှင့် ဗိုလ်လောင်း ဆလိုင်းရမ်ငှခ်တို့နှင့်တကွ ကျဆုံးသွားသော Arakan Army, ABSDF နှင့် TNLA မှ ဗိုလ်လောင်းများအား ဤက ဗျာဖြင့် လေးစားဂုဏ်ပြု ချီမြှင့်အပ်ပါသည်)

**ဆလိုင်း ကိုင်ဆီး**

❑❑❑❑❑

# ၂၀၁၅ အထွေထွေရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အပြတ်အသတ်အနိုင်ရ



၂၀၁၅ မြန်မာနိုင်ငံ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို နိုဝင်ဘာလ (၈) ရက်နေ့တွင် (ပန်ဆန်း၊ နားဖန်း၊ ပန် ဝိုင်၊ မိုင်းမော၊ မိုင်းလား၊ ကျေးသီး၊ မိုင်းရှူး) စသည့် မြို့နယ် (၇)မြို့နယ်မှလွဲ၍ တစ်နိုင်ငံလုံး အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည်။

လက်ရှိ ပြည်ထောင်စုလွှတ်တော်တွင် အမျိုးသားလွှတ်တော် ၂၂၄ နေရာ၊ ပြည်သူ့လွှတ်တော် ၄၄၀ နေရာ၊ လူမျိုးစုလွှတ်တော် ၂၉ နေရာ၊ စုစုပေါင်း (၆၉၃) ရှိပြီး၊ ပြည်နယ်နှင့်တိုင်းဒေသကြီးလွှတ်တော်တွင် ၈၆၉ နေရာရှိရာ၊ ပြည်ထောင်စုလွှတ်တော်နှင့်ပြည်နယ်လွှတ်တော်ပေါင်း ၁၅၆၂ နေရာရှိသည်။ ၎င်းအနက် အမျိုးသားလွှတ်တော်တွင် ၅၆၊ ပြည်သူ့လွှတ်တော်တွင် ၁၁၀၊ ပြည်နယ်နှင့် တိုင်းဒေသကြီးလွှတ်တော်တွင် ၂၁၆၊ စုစုပေါင်း ၃၈၂ နေရာကို စစ်တပ်က အလိုအလျောက်ရယူ ထားပြီးဖြစ်သဖြင့် ကျန်ရှိသော ပြည်ထောင်စုနှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးလွှတ်တော် ၁၁၅၇ နေရာအတွက် ပါတီပေါင်း (၉၁)ပါတီမှ ကိုယ်စားလှယ်လောင်း (တသီးပုဂ္ဂလအပါအဝင်) (၆၀၇၄) ဦးက ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ ရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်ရှိသူ နိုင်ငံသား (၈၀) ရာခိုင်နှုန်းကျော်က မဲပေးခဲ့ကြသည်။

## လွှတ်တော်အလိုက် နိုင်ငံရေးပါတီများ မဲရရှိမှုစာရင်း

| စဉ် | လွှတ်တော် | USDP | NLD | အခြားပါတီ | တသီးပုဂ္ဂလ |
|---|---|---|---|---|---|
| ၁ | အမျိုးသားလွှတ်တော် | 12 | 135 | 19 | 2 |
| ၂ | ပြည်သူ့လွှတ်တော် | 30 | 255 | 44 | 1 |
| ၃ | ပြည်နယ်နှင့်တိုင်းဒေသကြီးလွှတ်တော် | 73 | 476 | 80 | 1 |
| ၄ | တိုင်းရင်းသားလူမျိုးစုလွှတ်တော် | 2 | 21 | 5 | 1 |
| | **Total** | **117** | **887** | **148** | **5** |

ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ပါတီပေါင်း ၉၁ ပါတီအနက် ပါတီ (၂၀)ကျော်သာ အရွေးကောက်ခံသည်။




❑❑❑❑❑

# ၂၀၁၅ အထွေထွေရွေးကောက်ပွဲ ချင်းပြည်နယ်အတွင်း အနိုင်ရပါတီနှင့် ကိုယ်စားလှယ်များစာရင်း

ချင်းပြည်နယ်တွင် ပြည်သူ့လွှတ်တော်အမတ် (၉) နေရာ၊ အမျိုးသားလွှတ်တော်အမတ် (၁၂)နေရာ နှင့် ပြည်နယ်လွှတ်တော်အမတ် (၁၈) နေရာ၊ စုစုပေါင်း (၃၉) နေရာအတွက် နိုင်ငံရေးပါတီ (၁၃) ပါတီမှ အမတ်လောင်း (၁၉၅)ဦးနှင့် တသီးပုဂ္ဂလအမတ်လောင်း (၇)ဦး တို့က ဝင်ရောက်ယှဉ်ပြိုင် ခဲ့ကြသည်။

ချင်းပြည်နယ်တွင် မဲထည့်နိုင်သည့်နိုင်ငံသားဦးရေ (၂၇၃၇၈၈)ဦးရှိသည့်အနက် (၂၁၇၄၉၄)ဦးက မဲပေးခဲ့သည်။ ရွေးကောက်ပွဲ မဲရလဒ်စာရင်းအရ ချင်းပြည်နယ်အတွင်းရှိ မဲဆန္ဒနယ် (၃၉) အနက် NLD ပါတီက အမတ် (၂၈) ဦးဖြင့် အနိုင်ရခဲ့သည်။

## ၂၀၁၅ အထွေထွေရွေးကောက်ပွဲ ချင်းပြည်နယ် ရလဒ်

| စဉ် | မဲဆန္ဒနယ် | လွှတ်တော် | ကိုယ်စားလှယ်အမည် | ပါတီအမည် |
|---|---|---|---|---|
| ၁ | တွန်းဇံ | အမျိုးသားလွှတ်တော် | Cin Ngaih Mang | ZCD |
| | | ပြည်သူ့လွှတ်တော် | Kham Khan Thang | ZCD |
| | | ပြည်နယ်လွှတ်တော်- ၁ | Thawng Kho Mang | NLD |
| | | ပြည်နယ်လွှတ်တော်- ၂ | Paul Lun Min Thang | ZCD |
| ၂ | တီးတိန် | အမျိုးသားလွှတ်တော်- ၁ | Gin Kam Lian | ZCD |
| | | အမျိုးသားလွှတ်တော်- ၂ | Cin Khan Pau | USDP |
| | | ပြည်သူ့လွှတ်တော် | Cin Sian Thang | ZCD |
| | | ပြည်နယ်လွှတ်တော်- ၁ | Thang Deih Khup | ZCD |
| | | ပြည်နယ်လွှတ်တော်- ၂ | Suan Do Cin | USDP |
| ၃ | ဟားခါး | အမျိုးသားလွှတ်တော်- ၁ | Ngun Hei | NLD |
| | | အမျိုးသားလွှတ်တော်- ၂ | Siang Awr | NLD |
| | | ပြည်သူ့လွှတ်တော် | Hniar Uk | NLD |
| | | ပြည်နယ်လွှတ်တော်- ၁ | Zo Bawi | NLD |
| | | ပြည်နယ်လွှတ်တော်- ၂ | Sui Thio | NLD |
| ၄ | ဖလမ်း | အမျိုးသားလွှတ်တော် | Zo Hlei Thang | NLD |
| | | ပြည်သူ့လွှတ်တော် | Dr. Salai Riang Vel | NLD |
| | | ပြည်နယ်လွှတ်တော်- ၁ | Ral Hnin | NLD |

| | | | | |
|---|---|---|---|---|
| | | ပြည်နယ်လွှတ်တော်- ၂ | Sai Lian Luai | NLD |
| ၅ | ထန်တလန် | အမျိုးသားလွှတ်တော် | Henry Van Thio | NLD |
| | | ပြည်သူ့လွှတ်တော် | Ni Sui Hliang | NLD |
| | | ပြည်နယ်လွှတ်တော်- ၁ | Van Thawng | USDP |
| | | ပြည်နယ်လွှတ်တော်- ၂ | Dr. Hmuh Thang | USDP |
| ၆ | မင်းတပ် | အမျိုးသားလွှတ်တော် | Mang Law Maung | NLD |
| | | ပြည်သူ့လွှတ်တော် | Nay Lin Aung | NLD |
| | | ပြည်နယ်လွှတ်တော်- ၁ | Aung Tan | NLD |
| | | ပြည်နယ်လွှတ်တော်- ၂ | Tay Thang | NLD |
| ၇ | မတူပီ | အမျိုးသားလွှတ်တော် | Lal Min Thang | NLD |
| | | ပြည်သူ့လွှတ်တော် | Pa Thang | NLD |
| | | ပြည်နယ်လွှတ်တော်- ၁ | Hung Khen | NLD |
| | | ပြည်နယ်လွှတ်တော်- ၂ | Pi Kaw | NLD |
| ၈ | ကန်ပက်လက် | အမျိုးသားလွှတ်တော် | Khin Swe Lin | NLD |
| | | ပြည်သူ့လွှတ်တော် | San Khin | NLD |
| | | ပြည်နယ်လွှတ်တော်- ၁ | Kui Thang | NLD |
| | | ပြည်နယ်လွှတ်တော်- ၂ | Dr. Ba Maung | USDP |
| ၉ | ပလက်ဝ | အမျိုးသားလွှတ်တော်- ၁ | Hoi Ting | NLD |
| | | အမျိုးသားလွှတ်တော်- ၂ | မျိုးထိုက် (Myo Thaik) | NLD |
| | | ပြည်သူ့လွှတ်တော် | Sein Aung | NLD |
| | | ပြည်နယ်လွှတ်တော်- ၁ | Kan Tein (ကံတင်း) | NLD |
| | | ပြည်နယ်လွှတ်တော်- ၂ | Pyay Min (ပြေမင်း) | NLD |

❑❑❑❑❑

**ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် UNDP က ထုတ်ဝေလိုက်တဲ့ ၂၀၁၅ ခုနှစ် လူသားဖွံ့ဖြိုးမှု ညွှန်းကိန်းမှာ မြန်မာနိုင်ငံသည် အဆင့် ၁၄၈ ရှိပြီး ဖွံ့ဖြိုးမှုနည်းပါးနိုင်ငံစာရင်းတွင် ပါဝင်ပြီး အရှေ့တောင်အာရှနိုင်ငံများတွင် မြန်မာနိုင်ငံသည် အနိမ့်ဆုံးလည်း ဖြစ်သည်။ ကမ္ဘာ့နိုင်ငံ ၁၈၈ နိုင်ငံပါဝင်သော အဆိုပါစာရင်းကို ၁။ ဖွံ့ဖြိုးမှု အလွန်မြင့်မားသောနိုင်ငံများ ၂။ ဖွံ့ဖြိုးမှုမြင့်မားနိုင်ငံများ ၃။ ဖွံ့ဖြိုးမှုအလယ်အလတ် နိုင်ငံများနှင့် ၄။ ဖွံ့ဖြိုးမှု နည်းပါးသည့် နိုင်ငံများဟူ၍ အုပ်စု ၄ ခု ခွဲထားပါသည်။**

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို ၂၀၁၆ ခုနှစ်၊ ဇန္နဝါရီလ (၁၂) ရက်နေ့တွင် စတင်ကျင်းပမည်




တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် NCA ၏ အခန်း ၅ ပါ နိုင်ငံရေးတွေ့ဆုံ ဆွေးနွေးမှုကို အမျိုးသားပြန်လည်သင့်မြတ်ရေး၊ လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းရေးနှင့် နိုင်ငံရေးပြဿနာ အား နိုင်ငံရေးနည်းလမ်းဖြင့် ငြိမ်းချမ်းစွာအဖြေရှာနိုင်ရေးအတွက် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ ကို ၂၀၁၆ ခုနှစ်၊ ဇန္နဝါရီလ (၁၂) ရက်နေ့တွင် စတင်ကျင်းပသွားမည်ဖြစ်ကြောင်း နိုင်ငံတော်သမ္မတ ရုံးက ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ (၁၈)ရက်နေ့တွင် တရားဝင်ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ (၁၅)ရက်နေ့တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၈)ဖွဲ့တို့အကြား သဘောတူလက်မှတ်ရေးထိုးထားသော တစ်နိုင်ငံ လုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် NCA ကတိကဝတ်များအတိုင်း နိုင်ငံရေးဆွေးနွေးပွဲစတင် ရာတွင် အခြေခံရမည့် မူဘောင် Framework for Political Dialog ကိုရေးဆွဲနိုင်ရေးအတွက် နိုင်ငံတော်ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး အစိုးရ၊ တိုင်းရင်း သားလက်နက်ကိုင်အဖွဲ့များနှင့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ် (၁၆) ဦးစီပါဝင်သည့် ပြည် ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ UPDJC ကို ၂၀၁၅ ခုနှစ်၊ အောက်တိုဘာ (၁၅-၁၇)

ရက်နေ့များတွင်ကျင်းပသော ပထမအကြိမ် တစ်နိုင်ငံလုံးပစ်ခတ်တိုက် ခိုက်မှုရပ်စဲရေးသဘောတူ စာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး (JICM) က ဖွဲ့စည်းခဲ့သည်။

ကိုယ်စားလှယ် (၄၈) ဦးဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ UPDJC သည် နိုင်ငံရေးဆွေးနွေးပွဲတွင် အခြေခံရမည့် အခန်း (၈) ခန်းပါရှိသည့် နိုင်ငံရေးဆွေးနွေးမှု မူဘောင်ကို အပြီးသတ်ရေးဆွဲပြီး ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ (၁၆) ရက်နေ့တွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ အပ်နှံခဲ့ပါသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို အစိုးရအဖွဲ့ကိုယ်စားလှယ် ၇၅ ဦး၊ လွှတ်တော်ကိုယ်စားလှယ် ၇၅ ဦး၊ တပ်မတော်ကိုယ်စားလှယ် ၁၅၀ ဦး၊ လက်နက်ကိုင်များကိုယ်စားလှယ် ၁၅၀ ဦး၊ နိုင်ငံရေး ပါတီများမှ ၁၅၀ ဦး၊ တိုင်းရင်းသားမျိုးနွယ်စု ၅၀ ဦး နှင့် အခြားပါဝင်သင့်ပါဝင်ထိုက်သူ ၅၀ ဦး၊ စုစုပေါင်း ၇၀၀ ဖြင့်ကျင်းပရန် ဒီဇင်ဘာလ ၁၅ ရက်တွင် အတည်ပြုခဲ့သည့် နိုင်ငံရေးမူဘောင်တွင် ပါရှိသည်။ နိုင်ငံရေးဆွေးနွေးပွဲတွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် NCA လက်မှတ်မထိုးသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကိုလည်း ဖိတ်ကြားထားပြီး နိုင်ငံရေး ဆွေးနွေးပွဲကို UPDJC မှတာဝန်ယူကျင်းပသွားမည် ဖြစ်ပါသည်။

❑❑❑❑❑

**နယ်ချဲ့ဗြိတိသျှတို့သည် ၁၇၆၅ တွင် ကချာနှင့်စီလက်ဒေသများကိုလည်းကောင်း၊ ၁၈၈၅ တွင် ဗမာတစ်ပြည်လုံးအား တိုက်ခိုက်သိမ်းပိုက်ပြီးနောက် ၁၈၇၁၊ ၁၈၈၈၊ ၁၈၈၉ ခုနှစ် များတွင် သုံးကြိမ်တိုင်စစ်ခင်းကာ ချင်းပြည်ကိုကျူးကျော်တိုက်ခိုက်သိမ်းပိုက်ခဲ့သည်။**

**ဤတိုက်ပွဲများတွင် ထင်ရှားသော ချင်းမျိုးချစ်ခေါင်းဆောင်များမှာ “ Pu Khai Kam, Pu Con Bik, Pu Lal Luai, Pu Fa Huat, Pu Lawm Sang တို့ ဖြစ်သည်။**

**CHIN NATIONAL FRONT**
**General Headquarters**
**Chinland**

Website : www.chinland.org Email : cnf.headoffice@gmail.com

## ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ (၈) ရက်နေ့တွင် ကျင်းပပြုလုပ်မည့် အထွေထွေရွေးကောက်ပွဲ အပေါ် ချင်းအမျိုးသားတပ်ဦး၏ သဘောထားထုတ်ပြန်ကြေညာချက်

ရက်စွဲ။ ။ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ (၂) ရက်နေ့

၁။ ရွေးကောက်ပွဲသည် ဒီမိုကရေစီစနစ်၏ အခြေခံအုတ်မြစ်တရပ်ဖြစ်ပြီး လူတစ်ဦးချင်းစီ၏ ဆန္ဒဖော်ထုတ်နိုင်သည့် အခွင့်အလမ်းလည်းဖြစ်သည်။ ထို့ကြောင့် ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ (၈) ရက်နေ့တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲကို ချင်းအမျိုးသားတပ်ဦးအနေဖြင့် ကြိုဆိုသည်။

၂။ ချင်းအမျိုးသားတပ်ဦးသည် ချင်းတမျိုးသားလုံး၏ အကျိုးစီးပွားကို တစိုက်မတ်မတ် ဆောင်ရွက်နေသည့် အဖွဲ့အစည်းဖြစ်သည်နှင့်အညီ ပါတီနိုင်ငံရေးတွင် မိမိကိုယ်တိုင်ပါဝင်ပတ်သက်ခြင်း မရှိသော်လည်း ၂၀၁၅ အထွေထွေရွေးကောက်ပွဲတွင်မူ ချင်းအမျိုးသားတပ်ဦး၏ ပြည်တွင်းငြိမ်းချမ်းရေး ဖြစ်စဉ်နှင့် ပါတီ၏ မူဝါဒပေါ်လစီများကိုထောက်ခံသည့် နိုင်ငံရေးပါတီများအား ထောက်ခံအားပေးသွားမည်။

၃။ ထို့အပြင် ချင်းအမျိုးသားတပ်ဦးအနေဖြင့် အမျိုးသားအကျိုးစီးပွားဆောင်ရွက်ရာတွင် မည်သည့်နိုင်ငံရေးပါတီကိုမျှ မျက်နှာသာပေးခြင်း၊ ဆန့်ကျင်ကန့်ကွက်ခြင်း မရှိဘဲ နိုင်ငံရေးပါတီအားလုံးနှင့် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံရေးမူနှင့် ပူးပေါင်းလက်တွဲရေးမူကို ကိုင်စွဲကျင့်သုံးသည်။

၄။ ၂၀၁၅ ခုနှစ်၊နိုဝင်ဘာလ (၈)ရက်နေ့တွင် ကျင်းပပြုလုပ်မည့် အထွေထွေရွေးကောက်ပွဲကို လွတ်လပ်ပြီး တရားမျှတမှုရှိသော ရွေးကောက်ပွဲဖြစ်နိုင်ရန်အတွက် အစိုးရအပါအဝင် ပါဝင်သက်ဆိုင်သူအားလုံးမှ ဝိုင်းဝန်းလုပ်ဆောင်ကြပါရန် တိုက်တွန်းကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
ချင်းအမျိုးသားတပ်ဦး

CHIN NATIONAL FRONT
General Headquarters
Chinland
Website : www.chinland.org Email : cnf.headoffice@gmail.com

## NLD ၏ ၂၀၁၅ ရွေးကောက်ပွဲ အနိုင်ရရှိမှုအပေါ် ချင်းအမျိုးသားတပ်ဦးမှ ဂုဏ်ပြုကြိုဆိုကြောင်း ထုတ်ပြန်ခြင်း

၂၀၁၅ ခုနှစ် နိုဝင်ဘာလ (၂၃) ရက်နေ့

၁။ သမ္မတ ဦးသိန်းစိန်ဦးဆောင်သော ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရမှ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ (၈) ရက်နေ့တွင် ကြီးမှူးကျင်းပသည့် သမိုင်းဝင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် နှင့် တိုင်းရင်းသားရေးရာ လွှတ်တော်အသီးသီးတွင် အပြတ်အသတ်အနိုင်ရရှိခဲ့သည့်အပေါ် ချင်းအမျိုးသားတပ်ဦးမှ ဂုဏ်ယူဝမ်းမြောက် ကြိုဆိုပါသည်။

၂။ ဒေါ်အောင်ဆန်းစုကြည်မှ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ (၁၀) ရက်နေ့တွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်း နှင့် တပ်မတော်ကာကွယ်ရေး စစ်ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့အား အမျိုးသားပြန်လည်သင့်မြတ်ရေး သဘောထားကို အခြေခံသည့် တွေ့ဆုံဆွေးနွေးရေး ကမ်းလှမ်းချက်အရ ဒေါ်အောင်ဆန်းစုကြည် နှင့် သူရရွှေမန်းတို့ နိုဝင်ဘာလ (၁၉) ရက်နေ့ တွေ့ဆုံဆွေးနွေးမှုအပြီး ထုတ်ပြန်သည့် ပူးတွဲကြေညာချက်အား ထောက်ခံကြိုဆိုသည်။ တဆက်တည်း နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်တို့နှင့်လည်း အမျိုးသားပြန်လည်သင့်မြတ်ရေးဆီသို့ ဦးတည်သည့် တွေ့ဆုံမှုမျိုး ပြုလုပ်နိုင်လိမ့်မည်ဟု မျှော်လင့်သည်။

၃။ ယနေ့ ပြည်ထောင်စု မြန်မာနိုင်ငံအတွင်း နှစ်ပေါင်း (၆၀) ကျော်ကြာ ပြည်တွင်း လက်နက်ကိုင် ပဋိပက္ခအဆုံးသတ်ပြီး ပင်လုံစာချုပ်နဲ့ ပင်လုံဂတိကဂတ်ကို အခြေခံသော နိုင်ငံရေးတွေ့ဆုံ ဆွေးနွေးပွဲများမှတဆင့် လွတ်လပ်ခြင်း၊ တန်းတူခြင်းနှင့် ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့် အပြည့်အဝရှိသော ဒီမိုကရက်တစ် ဖက်ဒရယ်ပြည်ထောင်စု မြန်မာနိုင်ငံတည်ဆောက်နိုင်ရေးအလို့ငှာ ပြည်သူ့အစိုးရ သစ်ဖွဲ့စည်းမည့် ၂၀၁၅ ရွေးကောက်ပွဲအနိုင်ရ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများအားလုံး ပါဝင်စေလျက် လက်ရှိဖော်ဆောင်နေသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ပိုမိုပြည့်စုံခိုင်မာအောင် ဆက်လက်တာဝန်ယူဆောင်ရွက်လာမည်ဟု မျှော်လင့်ပါသည်။

၄။ ၂၀၁၅ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် သမ္မတဦးသိန်းစိန် အစိုးရ၏ ကြိုးပမ်းအားထုတ်မှု၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ တာဝန်ကျေပွန်မှု၊ နိုင်ငံရေးပါတီများ၏ ပါဝင်ယှဉ်ပြိုင်မှု၊ မဲဆန္ဒရှင်ပြည်သူများ၏ တခဲနက် မဲပေးမှုများအပေါ် အားရကျေနပ်သည်။ ထို့အပြင် အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တို့ကို အာမခံချက်ပေးသည့် ဒီမိုကရေစီစနစ်ကိုအခြေခံသော ဖက်ဒရယ်ပြည်ထောင်စုစံနစ် တည်ဆောက်ရေးအတွက် ချင်းအမျိုးသားတပ်ဦး အနေဖြင့် မည်သည့်နိုင်ငံရေးပါတီ၊ အစိုးရနှင့်မဆို လက်တွဲ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ထုတ်ပြန်အပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မီတီ
ချင်းအမျိုးသားတပ်ဦး

❑❑❑❑❑

# သမ္မတဦးသိန်းစိန်အစိုးရ၏ ငြိမ်းချမ်းရေးဖော်ဆောင်ခြင်းအပေါ် ပြန်လည်သုံးသပ်ခြင်း

**Saya Kung Ling**
**General Headquarters**

ငြိမ်းချမ်းရေးဆိုသည်မှာ အကြမ်းဖက်မှုအား လုံးဝကင်းရှင်းကြောင်း ပေါ်လွင်ထင်ရှားစေခြင်းပင်ဖြစ်သည်ဟု ယူဆနိုင်ပါသည်။ Explanatory Phonoraphic Pronouncing Dictionary of English Language (1850) အရ ငြိမ်းချမ်းရေးကိုအဓိပ္ပါယ်ဖွင့်ဆိုရာတွင် ငြိမ်းချမ်းရေးအဓိပ္ပါယ်ဆောင်သောဆင်တူစကားလုံးများစုစည်းထည့်သွင်းရာတွင် စစ်တိုက်ခြင်းမှ ရပ်ဆိုင်းခြင်း (Respite from War)၊ ရာဇဝတ်မှု၊ **ရှုန်းရင်းဆန်ခတ်ဖြစ်ခြင်းမှ ကင်းရှင်းခြင်း** (quite from suits and disorder)၊ ထကြွသောင်းကျန်းခြင်းမှ စိတ်အေးချမ်းစွာနေခြင်း (Rest from Commotion)၊ ကြောက်ရွံ့ခြင်းမှကင်းလွတ်ခြင်း (Freedom from Terror)၊ ငြိမ်သက်ခြင်း (Transquil )၊ စသဖြင့်ငြိမ်းချမ်းရေးကို အဓိပ္ပါယ်ဖွင့်ဆိုခဲ့ပါသည်။

Juergen Dedring ၏ အစိုးရငြိမ်းချမ်းရေးဆိုသည်မှာ သမိုင်းအစဉ်အလာ၊ သဘောထားယူဆချက်အရ စစ်ဖြစ်နေသောတိုင်းပြည်နှင့် စစ်ပွဲမဖြစ်သည့် တိုင်းပြည်များအနက် ငြိမ်းချမ်းရေးသည် စစ်မရှိသော တိုင်းပြည်ကိုဆိုလိုပါသည်။ Linus Pauling, World Encyclopaedia of Peace (1986) အယ်ဒီတာချုပ်က "သမိုင်း၏ တိုးတက်မှုကြောင့်လူသားများသည် အမြင့်မားဆုံးသောပျော်ရွှင်မှုနှင့် ခါးသီးသောနာကျင်မှုများကို ခံစားခဲ့ရသောကြောင့် ငြိမ်းချမ်းရေးကို အဓိကတာဝန်ယူလေ့လာသူများသည် ငြိမ်းချမ်းရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ပထမဦးစွာ အကြမ်းဖက်မှုမှန်သမျှကို ရှောင်ရှားရလေ့ရှိသည်" ဟုဆိုသည်။ ဥပမာ - ငြိမ်းချမ်ရေးကို တည်ဆောက်ရာတွင် စစ်တိုက်ခြင်း၊ ရန်ဖြစ်ခြင်းများကို ရှောင်ရှားခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် ဦးသိန်းစိန်အစိုးရတက်ပြီးနောက် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများကို ငြိမ်းချမ်းရေးဆွေးနွေးရန် ကမ်းလှမ်းခဲ့ပါသည်။ ဦးသိန်းစိန်အစိုးရ၏ ငြိမ်းချမ်းရေးကမ်းလှမ်းခြင်းအား တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ မှလက်ခံကြိုဆိုခဲ့ကြပါသည်။ သို့သော် ယနေ့အထိ တိုင်းရင်းသားဒေသများတွင် ပြင်းထန်သော သေနတ်သံများ ကြား

နေရဆဲဖြစ်သည်။ ဤစစ်ပွဲများကြောင့်လည်း ဦးသိန်းစိန်အစိုးရ၏ ငြိမ်းချမ်းရေး လုပ်ငန်းဖော်ဆောင် ခြင်းအပေါ် သံသယရှိစေပါသည်။

စစ်မှန်သော ပြည်တွင်း ငြိမ်းချမ်းရေးကို ဖော်ဆောင်လိုပါက ပထမဦးဆုံး စစ်တိုက်ခြင်း၊ ထိုးစစ် ဆင်ခြင်းမှ ရပ်ဆိုင်းရပါမည်။ ထို့အပြင် ပဋိပက္ခဖြစ်ပွားစေနိုင်မည့် အပြုအမူ၊ လုပ်ရပ်ဟူသမျှကို ရှောင် ရှားရပါမည်။ ဖော်ပြပါ လုပ်ရပ်များရှိနေသရွေ့ ပြည်တွင်းငြိမ်းချမ်းရေးနှင့် အလှမ်းဝေးနေဦးမည်သာ ဖြစ်သည်။

မြန်မာ့နောက်ခံသမိုင်းအရ တိုင်းရင်းသားပေါင်းစုံနေထိုင်သော မြန်မာနိုင်ငံတွင် ပြည်တွင်းငြိမ်းချမ်း ရေး ဆိတ်သုဉ်းနေရခြင်း၏ အဓိက တရားခံမှာ တိုင်းပြည်ကိုအုပ်ချုပ်နေသော အစိုးရသာဖြစ်ပါသည်။ အကြောင်းမှာ မြန်မာပြည်လွတ်လပ်ရေးရပြီးချိန်မှစ၍ ယနေ့အထိ မြန်မာပြည်အား ခေတ်အဆက် ဆက် အုပ်ချုပ်နေသူများက ပင်လုံ ဂတိကဂတ်ကို မျက်ကွယ်ပြုပြီး အခြားတိုင်းရင်းသားများကို စစ် လက်နက်ဖြင့် ဖိနှိပ်အုပ်ချုပ်နေခြင်းကြောင့် တိုင်းပြည်တွင် ငြိမ်းချမ်းရေးမရှိနိုင်တော့ခြင်း ဖြစ်သည်။ မြန်မာစစ်အစိုးမှ တိုင်းရင်းသားများအပေါ် စစ်တိုက်ခြင်း၊ ထိုးစစ်ဆင်ခြင်းများကို လုံး၀ ရပ်ဆိုင်းပါက မြန်မာပြည်သည် ငြိမ်းချမ်းသော တိုင်းပြည်သာဖြစ်မည်မှာ မြေကြီး လက်ခတ်မလွဲပါ။ မြန်မာပြည် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့များသည် တိုင်းပြည်အုပ်ချုပ်ရေးအာဏာကို ရယူလို ခြင်း၊ မြန်မာပြည်ကို ဖြိုခွဲလိုခြင်းကြောင့် လက်နက်ကိုင်ခြင်းမဟုတ်သလို ပင်လုံကို အခြေခံသော တိုင်းရင်းသားပေါင်းစုံ နိုင်ငံရေးအရ တန်းတူခြင်း၊ ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်ရှိခြင်း၊ ဒီမိုကရေစီ ထွန်း ကားခြင်းရှိသော ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို တည်ဆောက်လိုခြင်းကြောင့် ဖြစ်သည်။

တည်ငြိမ်အေးချမ်းသော ငြိမ်းချမ်းရေးသည် ပြည်သူလူထု၏ စိတ်ထဲတွင် နှစ်ပေါင်းများစွာ ကိန်း အောင်းနေသော ကြောက်ရွံ့ခြင်းမှ လွတ်ကင်းခြင်း၊ စိတ်၏ ငြိမ်သက်ခြင်း၊ ကိုယ်၏ အေးချမ်းခြင်း များကို အပြည့်အ၀ ရရှိခံစားခြင်းပင်ဖြစ်ပြီး အဆိုပါ ငြိမ်းချမ်းခြင်းကို ထိခိုက်လာမည့် မည်သည့် အကြမ်းဖက်မှုများကို ရှောင်ကြဉ်ရပေမည်။

❑❑❑❑❑

# ပြည်သူ့ဆန္ဒအောင်ပွဲ၊ မြိမ့်မြိမ့်သဲ

**ဦးပုန်ငါ ( ပလက်ဝ )**

"မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေသော်"

၂၀၁၅ ခုနှစ် ရွေးကောက်ပွဲအနိုင်ရ NLD ပါတီနှင့်တကွ၊ အရွေးခံအမတ်များအားလုံးအား ဂုဏ်ပြုအပ်ပါသည်။ နိုင်ငံသူနိုင်ငံသားအားလုံးသာမက တကမ္ဘာလုံးမှ စိတ်ဝင်တစား လေ့လာစောင့်ကြည့်နေသူအားလုံးနီးပါးက ၁၉၉၀ ရွေးကောက်ပွဲနည်းတူပင် စစ်အစိုးရမှ အနိုင်ရပါတီအား အာဏာလွှဲမှ လွှဲပ့ါမလားဟူသော စိုးရိမ်စိတ်၊ သံသယစိတ် တဝက်တပျက်ဖြင့် ရွေးကောက်ပွဲသတင်းအား နားဆင်နေကြရသည်။ စိတ် လုံးလုံးမချနိုင်သေးသူတို့ကလည်း " အရင်ကအတိုင်းဖြစ်မှာပဲ၊ အခု သိပ်ပျော်နေလို့ မတော်သေးဘူး။ စောင့်ကြည့်ကြရအောင် " ဟု ပြောမည်ဆိုလျှင်လည်း အပြစ်မတင်နိုင်ပါ။

ယခုမူ တမူထူးခြားနေပြီ။ အာဏာရ လက်ရှိသမ္မတ၊ တပ်မတော်ဦးစီးချုပ်၊ ပြည်ထောင်စုလွှတ်တော်နာယကကြီးများ ကိုယ်တိုင်သဘောထားပြည့်ဝစွာဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ အောင်မြင်မှုကို လှိုက်လှဲစွာ ကြိုဆိုအသိအမှတ်ပြုကြသည်သာမက မိမိတို့၏ ဆုံးရှုံးမှုကိုလည်း အသာတကြည်လက်ခံကြကြောင်း၊ တိုင်းပြည်သို့ တရားဝင်ထုတ်ပြန်ကြေညာပြီးဖြစ်သည်။ များမကြာမီ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့်မဟာမိတ်ပါတီများဖြင့် မြန်မာနိုင်ငံအစိုးရကို ဖွဲ့စည်းနိုင်တော့မည်ဟု မျှော်လင့်နိုင်ပြီ။ ကေန်အမှန် ဖွဲ့စည်းနိုင်ပါစေဟုလည်း ဆုတောင်းကြရအောင်။

၁၉၆၀ ခုနှစ်နောက်တွင် ပြည်သူတစ်ရပ်လုံး၊ တက်တက်ကြွကြွ ဆန္ဒမဲပေးသည့် ပြည်လုံးကျွတ်အထွေထွေရွေးကောက်ပွဲနောက်ပိုင်း ယခုနှစ် ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ( ၈ ) ရက်နေ့တွင် ကျင်းပသော အထွေထွေရွေးကောက်ပွဲကို ပထမဆုံးသော ရွေးကောက်ပွဲအဖြစ် သတ်မှတ်နိုင်သည်။ စာရေးသူ ၁၂ နှစ်အရွယ်၊ ၁၉၆၀ ပြည်လုံးကျွတ်ရွေးကောက်ပွဲကို ကျင်းပခဲ့ရာ၊ အဓိကပြိုင်ဖက်များမှာ သခင်နုနှင့် ဦးတင်တို့ဦးဆောင်သော သန့်ရှင်းဖဆပလ ပါတီနှင့် ဦးဘဆွေနှင့် ဦးကျော်ငြိမ်းတို့ ဦးဆောင်သည့် တည်မြဲ ဖဆပလ ပါတီတို့ဖြစ်သည်။ ၎င်းရွေးကောက်ပွဲတွင် နု - တင် တို့ဦးဆောင်သည့် သန့်ရှင်း ဖဆပလက အနိုင်ရခဲ့သော်လည်း၊ အစိုးရဖွဲ့နိုင်လောက်သည့် အမတ်အင်အား မရရှိခဲ့သောကြောင့် ပါတီငယ်များနှင့်ပူးပေါင်းပြီး ပြည်ထောင်စု အစိုးရ ( ပထစ ) ကိုဖွဲ့စည်းခဲ့ရသည်။

သို့ရာတွင် ၄င်း ပထစ အစိုးရသက်တမ်း နှစ်နှစ်တာကာလ ကြာလာသောအခါ တိုင်းရင်းသားတို့ ဖွဲ့စည်းသော ပြည်နယ်များ ညီညွတ်ရေးကော်မီတီတို့၏ ဖယ်ဒရယ်တောင်းဆိုမှုဖိအားကြောင့် ၁၉၆၂ ခုနှစ်၊ မတ်လ ( ၂ ) ရက်နေ့တွင် မဟာလူမျိုးကြီး ဂါဒီပိုလ်ချုပ်ကြီးနေဝင်းကြီးမှူးသော စစ်တပ်မှ နိုင်ငံတော်အာဏာကိုသိမ်းပြီး တော်လှန်ရေးကောင်စီအမည်ခံ စစ်အာဏာရှင်အစိုးရလက်အောက်တွင် မြန်မာပြည်သည် ပြားပြားဝပ်လာခဲ့ရသည်။ ထိုအချိန်မှစပြီး မြန်မာနိုင်ငံတွင် ဒီမိုကရေစီ၊ ပါလီမန်နှင့်တကွ၊ လူ့အခွင့်အရေးများပါ ဆိတ်သုဉ်းခဲ့ရသည်။ ပြည်သူတစ်ရပ်လုံး မိမိတို့ဆန္ဒကို ဖော်ထုတ်ခွင့် ဆုံးပါးခဲ့ပြီး မချစ်သော်လည်း အောင့်ကာနမ်း၊ မနမ်းသော်လည်းပင့်သက်ရှူ ဘဝသို့ ရောက်ခဲ့ကြရသည်။ လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲနှင့်အလှမ်းကွာဝေးခဲ့ရပြီး စစ်အာဏာသက်စိုးရှည် တည်တန့်ခိုင်မာရေးအတွက် ပြည်သူတို့၏ ဆန္ဒမဲဖြင့်ဖို့ပေးခဲ့ရ သည်။

မြန်မာနိုင်ငံတွင် စစ်အစိုးရလေးဆင့်ကြီးစိုးခဲ့ရာ ပထမမှာ တော်လှန်ရေးကောင်စီ၊ မဆလ အစိုးရ၊ နဝတ တစ်ဖြစ်လဲ နအဖ စစ်အစိုးရ၊ နောက်ဆုံးစစ်အစိုးရမှာ စစ်ပိုလ် ၂၅%အစိုးရ (ယခုရွေးကောက်ပွဲတွင် အရေးနိမ့်သွားသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီအစိုးရ ယူနီဖောင်းချွတ်ဒုဂတ် ပူးတွဲစစ်အစိုးရ ) တို့ဖြစ်သည်။ အခြား နိုင်ငံတို့တွင် စစ်တပ်မှ အာဏာသိမ်းသည်များ ရှိခဲ့ကြသော်လည်း၊ အလွန်ဆုံး ဆယ်နှစ်ခန့်အကြာတွင် ပြည်လုံးကျွတ်ရွေးကောက်ပွဲကျင်းပပေးပြီး၊ ပြည်သူတို့လက်သို့ အုပ်ချုပ်ရေးအာဏာကို အပ်နှံကြစမြဲဖြစ်သည်။ မြန်မာနိုင်ငံတွင်ကား ထိုသို့ မဟုတ်ပါချေ။ ရာစုနှစ် ထက်ဝက်ကျော်ကျော်၊ နှစ်ပေါင်းခြောက်ဆယ့်သုံးတိုင်တိုင် ကြာညောင်းခဲ့သည်။

စစ်အာဏာရှင်အစိုးရခေတ်တလျှောက်လုံး တိုင်းပြည်သည် အစစအရာရာတွင် ဆုတ်ယုတ်လာသည်။ နိုင်ငံတော်အကြီးအကဲတို့လည်း ဂုဏ်သိက္ခာညှိုးနွမ်းလာကြသည်။ လွတ်လပ်ရေးခေတ် ဆယ်နှစ်တာကာလက မြန်မာနိုင်ငံသည် တရုတ်-အိန္ဒိယ တို့နှင့် ရင်ဘောင်တန်းလိုက်နိုင်ခဲ့ပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဦးနုသည်ပင် တရုတ်ဝန်ကြီးချုပ် ကျိုးအင်လိုင်း၊ အိန္ဒိယ ဝန်ကြီးချုပ် ပန်ဒိတ်ဂျဝါဟာရ်လာလ်နေရူးတို့နှင့်တန်းတူဆက်ဆံခြင်း၊ လေးစားခြင်း၊ အရေးပေးခြင်းခံခဲ့ရသည်။ စစ်အစိုးရ လက်ထက်တွင်မူကား ပြောင်းပြန် ဖြစ်ခဲ့ရသည်။ တိုင်းပြည်စီးပွားရေးချွတ်ခြုံကျ၊ အဂတိလိုက်စားမှုများပြီး၊ အလွဲသုံးစားမှု များနေခြင်းကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဒလဟောကျဆင်းကာ နိုင်ငံခြားကြွေးမြီ တစ်ရိတ်ရိတ်မြင့်တက်လာတော့သည်။ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲကုန်ကျစရိတ်ပင်လျှင် ကမ္ဘာ့ကုလသမဂ္ဂနှင့် နေရှင်နိုင်ငံများမှအကူအညီ အထောက်အပံ့တို့ဖြင့် ဖြစ်မြောက်နိုင်ခဲ့သည်။

ဤသို့ ရေးသားရခြင်းအား မိမိနိုင်ငံကိုသိက္ခာချသည်ဟု ဝေဖန်လိုက ဝေဖန်ကြပါ။ လက်သင့်ခံပါသည်။ အဘယ်ကြောင့်ဆိုသော် ဒီမိုကရေစီခေတ် မြန်မာနိုင်ငံသာယာဝပြောပုံအား ကိုယ်တွေ့မျက်မြင် ဖြစ်ခဲ့ရခြင်းကြောင့်ပင် ဖြစ်ပါသည်။ နယ်စွန်နယ်ဖျားဖြစ်သည့် စာရေးသူတို့ရွာသို့ မီဇိုရမ်မြို့တော် အိုက်ဇောလ်မြို့သား ကုန်သည်များပင် ရောက်ရှိလာပြီး လနှင့်ချီ သောင်တင်ခဲ့ကြဖူးသည်။ ရှင်းလက်ဂ၊ တရွန်အိုင်၊ ပလက်ဂ လွှက်ရည်ဆိုင်တို့တွင်လည်း နှစ်ခွက်၊ သုံးခွက်ဆင့် မှာသောက်တတ်ကြသည်။ စစ်တွေမှ အပ်ချုပ်စက်၊ လွှ၊ သွပ်ပြား ( သံဖြူ ) ဂယ်ယူသုံးစွဲနိုင်သူတို့သည် ဘဂင်မြင့်ကြသည်။ မျက်နှာပန်းလှခဲ့ကြသည်။ အများတကာ လေးစားခြင်းခံပြီး ပွဲလယ်တင့်ခဲ့ကြသည်။ ယခုမူကား ထိုသို့မဟုတ်ချေပြီ။ ပြောင်းပြန်ဖြစ်နေသည်။ သူတို့ထံ လာရောက်သူ၊ စစ်အုပ်ချုပ်ရေး ဒဏ်ခံအမျိုးသားချင်းကိုပင် နှိမ့်ချချိုးနှိမ်နေကြပြီ။ ဤသို့ ဖြစ်နေရခြင်း အဓိကအကြောင်းရင်းမှာ စစ်အုပ်ချုပ်ရေးစံနစ်ဆိုးကျိုးကြောင့် ဖြစ်သည်။ မယုံလျှင် အသက် (၇၀ - ၈၀) အရွယ် သက်ကြီးရွယ်အိုများအား စုံစမ်းမေးမြန်းနိုင်ပါသည်။

ကနဦးစစ်အစိုးရသည် တော်လှန်ရေးကောင်စီအစိုးရဖြစ်ပြီး နိုင်ငံတော်၏ အဓိက စီးပွားရေးလုပ်ငန်းအားလုံးနီးပါးအား ပြည်သူပိုင်သိမ်းခြင်း၊ ကျပ်ငွေတန်ဖိုးဖြတ်၄သတ်ပစ်လိုက်ခြင်းတို့သည် ရေရှည်တွင် တိုင်းပြည်အား သူတောင်းစားနိုင်ငံဘဝသို့ ထိုးနှံလိုက်ရခြင်းပင်ဖြစ်သည်။ အာရှနိုင်ငံများအလယ်တွင် နာမည်ကြီးခဲ့သော ပြည်တော်သာနိုင်ငံဘဝမှ အဆင်းရဲဆုံးနိုင်ငံများစာရင်းတွင်ပင် အောက်ဆုံးနောက်သို့ လျော့ကျနေရသည်။

အနိစ္စ၊ ဒုက္ခ၊ အနတ္တ တည်းဟူသော လက္ခဏာသုံးပါး၏ သဘောအရ၊ သင်္ခါရတရားအား မလွန်ဆန်နိုင်သည့်နောက်ဆုံးတွင် တိုင်းသူပြည်သားတို့အား ဆက်လက် ဖိနှိပ်နိုင်အားလည်း ကုန်ခမ်းနေကြပြီ။ တိုင်းပြည်အာဏာကို ရှေ့ဆက်ဆုပ်ကိုင်နိုင်အား မရှိကြတော့။ ပြည်သူ့ဆန္ဒစွမ်းအားကို မတွန်းလှန်နိုင်ကြတော့ကြောင်း နိုဝင်ဘာလ ( ၈ ) ရက်နေ့ တပြည်လုံး ရွေးကောက်ပွဲက သက်သေပြပေပြီ။ ဆယ်စုနှစ်များစွာက ခေါင်းမာခဲ့ကြသည့် စစ်ဗိုလ်ချုပ်ကြီးများ၏ ဥဏ္ဏာလုံလည်း ပျော့ပျောင်းလာနေပြီဖြစ်သည်။ အစရှိလျှင် အဆုံးရှိစမြဲမို့ စစ်အာဏာရှင်စံနစ်လည်း ဆုံးခန်းတိုင်သင့်ပြီ ဖြစ်သည်။

အမှန်မှာ၊ မြန်မာနိုင်ငံတွင် စစ်အုပ်ချုပ်ရေးစံနစ်ကျဆုံးချိန် အကြိမ်ကြိမ်ဖြစ်ပေါ်ခဲ့ပြီးဖြစ်သည်။ စည်းစံနစ်ကျသော ကြိုတင်ပြင်ဆင်မှု အားနည်းခြင်း၊ ပြည်သူလူထုတစ်ရပ်လုံးအား ဦးဆောင်ဦးရွက်ပြုနိုင်သည့် သတ္တိဗျတ္တိနှင့်ပြည့်စုံသည့် ခေါင်းဆောင်ကောင်း မပေါ်ပေါက်ခဲ့ခြင်းတို့ကြောင့် စစ်အာဏာရှင်စံနစ် သက်စိုးရှည်ခဲ့ရခြင်းဖြစ်သည်။ အင်အားကြီး ကမ္ဘာ့ထိပ်သီးနိုင်ငံအဖြစ် နာမည်ကြီးခဲ့သော ဆိုဗီ

ယက်ပြည်ထောင်စုလည်း အစိပ်စိပ်အမြွှာမြွှာ ကွဲပြဲကုန်ပြီ၊ Warsaw Pacts နိုင်ငံများလည်း ကျဆုံးကုန်ပြီဖြစ်ကြောင်းသိလျက်နှင့် ခေါင်းမာချင်စိတ်မဖျောက်နိုင်သေးသော စစ်အာဏာရှင်ဟောင်း ဦးနေဝင်း၏ တပည့်တပန်းလူနည်းစုက တပ်မတော်အား လက်နက်အဖြစ် အသုံးချပြီး ပြည်သူလူထုအား ဖိနှိပ်နိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံ၏ လိုအင်ကိုဖြည့်ဆည်းရန် လွတ်လပ်ရေးဗိသုကာ ဗိုလ်ချုပ်အောင်ဆန်း၏သမီး ဒေါ်အောင်ဆန်းစုကြည် မြန်မာပြည်သို့ ပြန်လည်ရောက်ရှိလာပြီး မြန်မာနိုင်ငံ၏ အခြေအနေအရပ်ရပ်ကို တွေ့မြင်သိရှိလာသောအခါ တိုင်းပြည်၏ သားကောင်းသမီးပီပီ ဖခင်၏ခြေရာကို ကောက်ရန်အတွက် မိသားစုအရေးကို ဘေးချိတ်၊ မျက်စိစုံမှိတ်ကာ၊ မြန်မာပြည်သူအားလုံးအဖို့ မိမိဘဝနှင့်အသက်ကို ပေးလှူရင်း မြန်မာ့နိုင်ငံရေးလောကသို့ ခြေစုံပစ်ဝင်ရောက်ခဲ့ပါသည်။

ဗိုလ်ချုပ်ကြီးနေဝင်း လက်ထက်မှစပြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေ လက်ထက်တိုင်အောင် စစ်ဗိုလ်ချုပ်တို့၏ ဖိနှိပ်အုပ်ချုပ်မှုအောက်တွင် မြန်မာနိုင်ငံသည် လွတ်လပ်ရေးဆုံးရှုံးနေသည်ကိုလည်းကောင်း၊ အခွင့်အရေးရှိရှိသမျှအားလုံးအား ဆုံးရှုံးနေကြပြီး ကြောက်စိတ်၊ သံသယစိတ်များဖြင့် လူမှုဆင်းရဲဒုက္ခအပေါင်း ခံနေကြသည်ကိုလည်းကောင်း၊ တွေ့ရှိလာသောအခါ မြန်မာနိုင်ငံနှင့်တကွ ပြည်သူများအတွက် ဒုတိယမ္ဘလွတ်လပ်ရေးတိုက်ပွဲ ဝင်လာပါတော့သည်။ တိုင်းပြည်၏ သမီးကောင်းပီပီ ပြည်သူလူထု၏ အားကိုးတကြီး မျှော်လင့်၊ ကြိုဆို၊ ထောက်ခံ၊ အားပေးခြင်းကို ရရှိကာ သူဦးဆောင်ဖွဲ့စည်းသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီလည်း အရှိန်အဟုန်နှင့် တိုးတက်ကြီးပွါးလာခဲ့သည်။ ထိုစဉ်ခိုက် နဝတ စစ်အစိုးရစီစဉ်ပေးသည့် ၁၉၉၀ ခုနှစ် ပြည်လုံးကျွတ်ရွေးကောက်ပွဲတွင် ပြည်သူတို့၏ တခဲနက်ထောက်ခံမှုဖြင့် အပြတ်အသတ် အနိုင်ရရှိခဲ့သည်။

သို့ပင်ငြားလည်း အာဏာရှင်စိတ် အငွေ့အသက်မပျောက်သေးသည့် စစ်ဗိုလ်ချုပ်ကြီးများက မိမိတို့ပေးခဲ့ပြီးသော ကတိကဝတ်အား ဖျောက်ဖျက်ပြီး၊ ရွေးကောက်ပွဲအနိုင်ရ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီနှင့် ဖက်တော်သားများအား တိုင်းပြည်အာဏာကိုမအပ်နှင်းဘဲ မိမိတို့လက်ဖြင့် ဆက်လက်ဆုပ်ကိုင်သည့်အပြင် အရွေးခံပြည်သူ့ကိုယ်စားလှယ်အမတ်များအား လိုက်လံဖမ်းဆီးပြီး အကျဉ်းချခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည် ကိုယ်တိုင်ကိုလည်း ဖမ်းဆီးအကျဉ်းချလိုက်၊ နေအိမ်အကျယ်ချုပ်ဖြင့်ထားလိုက် လုပ်နေကြရသည်။ အဖမ်းမခံကိုယ်လွတ်ရုန်းပြီး ပြည်ပသို့ ထွက်ပြေးတိမ်းရှောင်သူများလည်းရှိသည်။ အကျဉ်းကျနေစဉ် ကွယ်လွန်သွားသူ ပြည်ချစ်အမတ်များ၊ ရဲဘော်များရှိခဲ့သလို၊ ပြည်ပသို့ ထွက်ပြေးတိမ်းရှောင်ရင်း အမိနိုင်ငံသို့ ပြန်ချိန်ကိုတောင့်တစောင့်မျှော်နေရင်း ဘဝတပါးသို့

ပြောင်းသွားသူပြည်ချစ်သားကောင်း အမတ်နှင့်ရဲဘော်များလည်း ရှိသည်။ လွတ်လပ်ပြီး ဒီမိုကရေစီ ထွန်းကားသည့်နိုင်ငံတွင် ခိုလှုံကြသော်ငြားလည်း မိမိတိုင်းပြည် အားမတမ်းတဘဲ မနေနိုင်၊ တမ်းတ ရင်းနှင့်ပင် ကွယ်လွန်သွားကြလေပြီ။ တဖက်တွင်လည်း ဒီမိုကရေစီအတွက် တိုက်ပွဲဝင်ပြီး လက်နက် ကိုင်တော်လှန်နေကြသည့် ပြည်သူ့သားကောင်းအာဇာနည်တို့၏ အသက်၊ သွေး၊ ချွေးမြောက်မြားစွာ လည်း မြေသို့ကြွေခဲ သွားကြလေပြီ။

ထိုထို့သော ဆင်းရဲဒုက္ခအပေါင်းနှင့် လုံးထွေးနေရသည်ကို ပြည်သူတရပ်လုံးကလည်း သည်းညည်း မခံနိုင်တော့သည့်အဆုံးတွင် အဆင့်အမြင့်ဆုံးသော လက်တုံ့ပြန်နည်းဖြစ်သည့် ဆန္ဒမဲဖြင့် အစွမ်းပြ ခွင့်ရလာသည်ကို လက်လွတ်မခံဘဲ၊ အကျိုးရှိရှိ၊ ထိထိရောက်ရောက်၊ ပညာသားပါပါ ပညာပြကြ လေပြီတကား။

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ( ၈ ) ရက်နေ့သည် ပြည်သူတစ်ရပ်လုံး၏ ဆန္ဒမဲကဒ်ပြားစွမ်းအားဖြင့် အောင်နိမိတ်ပေးသည့်နေ့ ထူးနေ့မြတ်၊ အနှစ်သာရပြည့်ဝသည့် ဒီမိုကရေစီအောင်ပွဲနေ့ကြီးဖြစ်သလို ဒုတိယမွိလွတ်လပ်ရေးနေ့အဖြစ် မမှတ်ယူ၍ မရနိုင်သည့်နေ့ဟု ယူဆရပါမည်။ တိုင်းရင်းသား ပြည်သူ လူထုတစ်ရပ်လုံး၏ တစ်ခဲနက်ထောက်ခံသော ဆန္ဒမဲဖြင့် အောင်ပွဲခံရလေပြီ။ တိုင်းရင်းသားလူမျိုး ပေါင်းစုံထူထောင်သော ပြည်ထောင်စုနိုင်ငံတော်စစ်စစ်ကို မြင်ရတော့မည်။ လူသားတိုင်း တန်းတူညီ မျှစွာ ဆက်ဆံကြရတော့မည်။ မိမိတို့ ကံကြမ္မာကို မိမိတို့ကိုယ်တိုင် ဖန်တီးခွင့်ရတော့မည်။ ဒီမိုကရေစီ စီးပွါးရေးစံနစ်ပြန်လည်ထွန်းကားလာပြီး၊ မြန်မာနိုင်ငံ၏ စီးပွါးရေးလည်း ပြန်လည်ဦးမော့လာတော့ မည်။ ပွင့်လင်းမြင်သာသော အစိုးရကိုလည်း တွေ့ရတော့မည်။ ဆင်းရဲနွမ်းပါးလွန်း၍ တိုင်းတပါးသို့ သွားရောက်လုပ်ကိုင်နေထိုင်သူများလည်း မကြာခင် ပြည်တော်ပြန်ခရီးဆန့်လာနိုင်ကြတော့မည်။

အဘယ်ကြောင့်ဆိုသော် မဲဆွယ်စည်းရုံးရေးကာလတလျှောက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ နာယကလည်းဖြစ်၊ ရွေးကောက်ပွဲအောင်နိုင်ရေးဥက္ကဌလည်းဖြစ်သည့် ဗိုလ်ချုပ်ကြီးဟောင်း သူရ ဦးတင်ဦး ကိုယ်တိုင်က တိုင်းပြည်အား တရားဝင် ကတိပေးထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်သောကြောင့် တည်း။ ဗိုလ်ချုပ်ကြီးဟောင်း သူရဦးတင်ဦး သည် တော်လှန်ရေးကောင်စီဝင် စစ်အစိုးရအဖွဲ့ဝင် တစ်ဦးဖြစ်ပြီး၊ မဆလအစိုးရ ခေတ်ဦးကာလတွင် ကာကွယ်ရေးဝန်ကြီးဖြစ်ခဲ့ဖူးသည်။ နိုင်ငံရေးအ မြော်အမြင်ကြီးသူလည်း ဖြစ်သည်။ စစ်အုပ်ချုပ်ရေးကိုလည်း ငြီးငွေ့စွန့်လွှတ်ခဲ့သူဖြစ်သည်။ သူသည် မြန်မာ့နိုင်ငံရေး ကိစ္စအဂ္ဂအား မျက်ခြေမပြတ် လေ့လာသိရှိသူဖြစ်သည်။ ဒီမိုကရေစီအတွက် လက် နက်ကိုင်တော်လှန်နေကြသော အင်အားစုကိုလည်း ကိုယ်ချင်းစာ၊ ထောက်ထားညှာတာသူဖြစ်သူ

ဖြစ်သောကြောင့်၊ ရွေးကောက်ပွဲမဲဆွယ်တရားပွဲများတွင်လည်း တိုင်းရင်းသားများ လိုလားတောင်းဆိုသည့် အဓိကသော့ချက်ဖြစ်သော တန်းတူညီမျှမှု၊ ကိုယ်ပိုင်ပြဌာန်းခွင့်၊ ဖယ်ဒရယ်ဒီမိုကရေစီကို လက်တွေ့အကောင်အထည်ဖော်မည်ဖြစ်ကြောင်း ပွင့်လင်းစွာ အာမခံခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်ကိုကား ဆိုဘွယ်မရှိပြီ။ ပြည်သူ့အသဲစွဲဖြစ်သည်။ ကမ္ဘာ့စံချိန်မီ နိုင်ငံ့ခေါင်းဆောင်ကောင်းတို့၏ အင်္ဂါရပ်နှင့် ပြည့်စုံသူဖြစ်သည်။ မိဘခြေရာကို နင်းနိုင်သည့် နိုင်ငံ့သမီးကောင်းရတနာလည်းဖြစ်သည်။ ဤသို့သော နာယကဂုဏ်နှင့်ပြည့်ဝသည့် ပုဂ္ဂိုလ်တို့ ဦးဆောင်မှု၊ ပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံလည်း ခရီးဆက်လက်ချီတက်ရတော့မည်ဖြစ်ရာ သာယာဝပြော၍၊ တရားမျှတသော ဖက်ဒရယ်ဒီမိုကရေစီ လူ့လောကကို အောင်မြင်စွာတည်ဆောက်နိုင်လျှင် နှစ်ပေါင်း ခြောက်ဆယ် ကျော်ပြည်တွင်းစစ်လည်း ငြိမ်းနိုင်တော့မည်။

ဆန္ဒရှိန်စော်၊ လပဝန်းကြီးလည်း ပေါ်လာတော့မည်တကား။

❑❑❑❑❑

ချင်းအမျိုးသားရေးရာစာစောင်ကို ချင်းအမျိုးသားတပ်ဦး၊ သတင်းနှင့်ပြန်ကြားရေးဌာနမှ သုံးလတစ်ကြိမ် ထုတ်ဝေလျက်ရှိပြီး၊ စာစောင်များကို ချင်းအမျိုးသားတပ်ဦး၊ ပြည်တွင်းဆက်ဆံရေးရုံးနှင့် စီးပွားရေးရုံးများမှတဆင့် ထုတ်ဝေဖြန့်ချီနေပါသည်။

စာဖတ်သူများ၏ ဝေဖန်အကြံပြုမှုများကို လှိုက်လှဲစွာကြိုဆိုလျက်ရှိသကဲ့သို့ ကဗျာ၊ ဝတ္ထု၊ ဆောင်းပါးများကိုလည်း အောက်ပါလိပ်စာများသို့ အချိန်မရွေး ဆက်သွယ်ပေးပို့နိုင်ပါကြောင်း ဖိတ်ကြားအပ်ပါသည်။

cnfinfo88@gmail.com
zamsdal6@gmail.com
+91 8259946415

# ချင်းပါတီ နှင့် ချင်းပြည်သူ့နီတိ

**ထက်နီ**

**ချင်း** အမျိုးသားတခုတည်းသာ ရှိသည်။ We are One in Chin ဟု ဘယ်လောက်ပဲပြောပြော၊ ဘယ်လောက်ပင်ခေါ်ခေါ် လက်တွေ့ဖြစ်နေ၊ ရှိနေသည်မှာ (၅၃) မျိုးနွယ်စုကိုအခြေခံသည့် အစွဲ၊ သို့မဟုတ် Zo လား၊ Chin လား ဟူသည့် မရေရာမရှင်းလင်းသော လူမျိုးအမည် သတ်မှတ်မှု၊ သမုတ်မှု ပြဿနာများက ချင်းအမျိုးသားတရပ်၏ စုစည်းမှု၊ စည်းလုံးညီညွတ်မှု၊ ကျစ်လစ်ခိုင်မာမှုကို ပရမ်းပတာ အစည်းပြေစေလေ့ရှိသည်။ ဘုံအမျိုးသား စုစည်းမှုအင်အားဖြင့် အမျိုးသားဆိုင်ရာ ဘုံအကျိုးစီးပွား အတွက် လုပ်ဆောင်ရာတွင်သော်လည်းကောင်း၊ ဘုံရပိုင်ခွင့်များ တောင်းဆိုရာတွင် သော်လည်းကောင်း၊ တောင်းဆိုမည်အပြုတွင်သော်လည်းကောင်း၊ အရည်မရအဖတ်မရ အဖျားရှူးပြီး ချွန်းထွက် လေ့ရှိသည်။ ရှင်းနေတာက ဘယ်သူမပြု မိမိမှုပါ။

ဒီအတွက် ကျွန်တော်သည် ချင်းလူမျိုးတဦးဖြစ်သည်ဟူသော အခြေခံအပေါ် ကိုယ့်ကိုယ်ကိုဆန်းစစ်ပြီး အထပ်ထပ်အခါခါ ပြန်လည်သုံးသပ်ဖို့လိုပါလိမ့်မည်။ ထို့အတွက် ဆောင်းပါးရှင်အနေဖြင့် ဝေးဝေးမကြည့်ပဲ လောလောလတ်လတ် ရင်ဆိုင်ကြုံတွေ့ခဲ့သည့် နိုင်ငံရေး ရေခံမြေခံ၊ အထူးသဖြင့် ၂၀၁၅ ရွေးကောက်ပွဲကို ဆွဲယူပြီး ကြားကြားသမျှကို အခြေပြုလျက် သုံးသပ်ရေးသားလိုပါသည်။

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာ (၈) ရက်နေ့ အထွေထွေရွေးကောက်ပွဲသည် တန်းတူရေးကိုအခြေခံသည့် အနာဂတ် ဖယ်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး၊ ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်ပြန်လည်ရရှိရေး ဂါဒီသမားများအတွက် မှန်းချက်နဲ့ နှမ်းထွက်မကိုက်၊ နေလှန်းပြီးထားခဲ့သမျှ မိုးမကျပဲ သဲရေကျ သွားခဲ့ပါသည်။ မင်းတို့ ငါတို့ ဘာတွေမှားခဲ့သလဲ၊ ရွေးကောက်ပွဲမှာ အိတ်သွန်ဖာမှောက် ရှုံးနိမ့်သွားတဲ့ အကြောင်းရင်းခံအတွက် အားမနာတမ်း ကိုယ့်ကိုယ်ကို ပြန်လည် သုံးသပ်ဆန်းစစ်ကြရမှာပါ၊ ရွေးကောက်ပွဲတွင် ဘယ်သူနိုင်စေ၊ ရှုံးစေ လုံးဝမရည်ရွယ်ပါ။

ဘော်လုံးပွဲတွင် ကိုယ့်အိမ်ကွင်းမှာ ရှုံးနိမ့်သွားရတာက ကိုယ့်စည်းအတွင်း မသိခဲ့၊ သိခဲ့၊ ရှိနေ၊ ဖြစ်နေသည့် ဟာကွက်ကြီးရှိနေလို့သာပဲ၊ နေ့နေ့ညည ကိုယ်လေ့ကျင့်နေတဲ့ ကိုယ့်အိမ်ကွင်း၊ ကိုယ့်ရဲ့ကစားဖော်၊ ဘယ်နေရာမှာ ဘာဖြစ်တတ်ပြီး ဘယ်နေရာကနေ နေရာယူရမယ်။ လေအလာ ဘော်လုံး

ဘယ်ယိမ်းတတ်သည်ကအစ ကိုယ်ပဲ အသိဆုံးပါ၊ သိနေတဲ့ ဟာကွက် ဘယ်လိုဖြည့်စွက်မည်၊ ပြနေတဲ့အဂတ်စ ဘယ်လိုဖာထေးမည်၊ ဒီအဂတ်စ ဒီအပ်ချည်နဲ့ အသုံးတည့်မယ်ဆိုတာ တပါးသူထက် ကာယကံရှင်က အသိဆုံးဖြစ်ပါတယ်။ သို့သော် ရှုံးနိမ့်ခဲ့သည်။

မသိခဲ့လို့ မပြင်တာထက် သိရက်နဲ့မပြင်ချင်တာ ပိုဆိုးပါတယ်၊ ဒီအတွက် ပြောလိုက်ယင် အောင်မင်းလွန်ရာမကျပါ၊ ၂၀၁၅ ရွေးကောက်ပွဲမှာ အနီလှိုင်း (အဲန်အယ်လ်ဒီ)ကြောင့် ရှုံးနိမ့်သွားခဲ့ပါတယ် ဆိုတာ မခိုင်လုံ၊ ပေါ့ပျက်လွန်းတဲ့ အကြောင်းပြချက်ပါ၊ နဂိုကတည်းက လှိုင်းကြီးနေမှန်းသိနေရင် ဘာဖြစ်လို့ယှဉ်ပြိုင်ခဲ့သေးလဲ မေးခွန်းအတွက် စာမေးပွဲကျသွားမှာက ကျိန်းသေပါပဲ၊ ကျသွားတာတောင် နည်းနည်းနောနောမဟုတ်၊ အလုံးလိုက်အခဲလိုက် ကျသွားပါမည်။ အနီလှိုင်းကြီး မလာခင် အစည်းကပြေပြီးသားပါ။

အမှန်မှာ ယှဉ်ပြိုင်ခြင်းဆိုတာ ပြိုင်ဖက်ရဲ့ အင်အားကြီးသည်၊ အင်အားသေးသည်အပေါ် မမူတည်ပဲ ကိုယ့်အားနဲ့ ပြိုင်ဖက်ကို အနိုင်ယူကျော်လွှားလိုခြင်းပါ၊ ထိုသို့ ကျော်လွှားနိုင်ဖို့ရာမှာ ကိုယ့်အားနည်းချက်ကို သေချာသိလျက် ဖာထေးပြုပြင်ပြီး အားကောင်းအောင် သင်ယူလေ့ကျင့်နေရပါမယ်၊ အကြံကောင်း ဉာဏ်ကောင်းတွေကို လက်ခံတတ်ရပါမယ်။

အကြံကောင်းဉာဏ်ကောင်းဆိုလို့ အကြံကောင်းလား၊ အကြံဆိုးလားတော့ မသိပါ၊ ၂၀၁၅ ခုနှစ်၊ ဇန္နဝါရီလတွင် ကျင်းပခဲ့သော ချင်းအမျိုးသားတပ်ဦး၏ ပဉ္စမအကြိမ် ပါတီညီလာခံသက်တမ်း၊ စတုတ္ထအကြိမ် ဗဟိုကော်မတီအစည်းအဝေးက ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲနှင့်ပတ်သက်ပြီး "ချင်းအမျိုးသားတပ်ဦး၏ ပြည်တွင်း ငြိမ်းချမ်းရေးဖြစ်စဉ် နှင့် ပါတီ၏ မူဝါဒပေါ်လစီများကို ထောက်ခံသည့် နိုင်ငံရေးပါတီများအား ထောက်ခံအားပေးသွားရေး၊ ချင်းအမျိုးသား နိုင်ငံရေးပါတီများ တစ်ပါတီအဖြစ် (သို့မဟုတ်) တပ်ပေါင်းစုအဖြစ်စုစည်းစေ၍ ၂၀၁၅ ခုနှစ်၊ အထွေထွေရွေးကောက်ပွဲ နှင့် ချင်းအမျိုးသားအရေးတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေး တိုက်တွန်းသွားရန်" ဟူ၍ ချမှတ်ခဲ့ကြတယ်။ အကြံပေးခံရသူတွေအဖို့ အကြံကောင်းဖြစ်နိုင်သလို အကြံဆိုးလည်းဖြစ်နေနိုင်ပါတယ်၊ သို့သော် ဒီအကြံကို လက်ခံတတ်ဖို့တော့ လိုပါတယ်။ ဒါပေမဲ့ ထူးမလာပါ၊ ထူးမလာတာကို ထူးအောင်လုပ်ရပါမယ်။

၁၉၉၀ ရွေးကောက်ပွဲတွင် ခွပ်ဒေါင်းတံဆိပ် NLD က လည်းကောင်း၊ ၂၀၁၀ ရွေးကောက်ပွဲများတွင် ခြေသံ့တံဆိပ် ပြည်ခိုင်ဖြိုးကလည်းကောင်း၊ တပြည်လုံး တောင်ပြိုကမ်းပြို အနိုင်ရနေချိန်တွင် ကိုယ့်အိမ်ကွင်း ချင်းပြည်နယ်မှာ ချင်းပါတီတွေက ဦးဆောင်အနိုင်ရရှိခဲ့ကြပါသော်လည်း ၂၀၁၅ ရွေး

ကောက်ပွဲတွင်မူ  နွားနောက်ထက် ခြေသံ့ကလည်းကောင်း၊ အောက်ချင်းငှက်ထက် ခွပ်ဒေါင်းက လည်းကောင်း၊ ရှေ့ပြေးပန်းဝင်သွားခဲ့တယ်။ အဘယ်ကြောင့်ပါလိမ့်၊ ကုထုံးကို ရှာရပါမည်။

၂၀၁၅ ရွေးကောက်ပွဲမှာ လွှတ်တော်အတွင်း မဝင်နိုင်မှတော့ လွှတ်တော်ပြင်ပနိုင်ငံရေးမှာ အား ကောင်းတဲ့ အနေအထားရနိုင်ဖို့အတွက် လက်ရှိကို သင်ခန်းစာကောင်းအဖြစ် ရယူလျက် ပါတီကို ပြန် လည် တည်ဆောက်ရပါမယ်။ ပါတီစုဖွဲ့မှု အနေအထား၊ ပါတီဦးဆောင်မှုပုံစံ၊ ပါတီစည်းရုံးရေး နည်း ဗျူဟာစတာတွေကို ပြန်လည်သုံးသပ်ပြီး ပြင်သင့်တာ ပြင်ရပါမယ်။ လူထုအသဲထဲက ဆွဲထုတ်မရ ကပ်ငြိနေတဲ့ လူထုပါတီအဖြစ် တည်ဆောက်နိုင်ရပါမယ်။ လူထုဟာ ပါတီအတွက် မဖြစ်သင့်ပဲ၊ ပါတီ ကသာ လူထုအတွက် ဖြစ်ရပါမယ်။

ဆောင်းပါးရှင်အနေနဲ့ ၂၀၁၅ ရွေးကောက်ပွဲအပေါ် ဂမ်းသာတာတခုရှိတယ်။  နိုင်ငံရေးပါတီများပြား လာခြင်းကြောင့် တကွဲတပြားဖြစ်နေကြတယ်ဟု ဆိုနိုင်စရာရှိသော်လည်းပဲ ချင်းအမျိုးသားနိုင်ငံရေး အကျိုးစီးပွားအတွက် ရည်မှန်းချက်၊ ရင်ခုန်သံချင်းတူ ချင်းနိုင်ငံရေးသမားများ စင်ပေါ်ထွက်လာနိုင် ခြင်းပါပဲ။

ကဲ.. ချင်းနိုင်ငံရေးသမားတွေ စုဝေးနေကြပြီ၊ တစုတစည်းတည်းဖြစ်အောင် ဘယ်လိုလုပ်ပြီး ကိုယ့် အိမ်ကွင်းမှာ ဘယ်လိုအနိုင်ရမလဲ ?၊ စသည့်.. စသည်များအတွက် ကုထုံးရှိပါပြီ၊ တဦးတည်းအကျိုး စီးပွား၊ တမျိုးနွယ်စု အကျိုးစီးပွား၊ အမျိုးသားဘုံအကျိုးစီးပွားဆိုပြီး ချိန်ခွင်က နိမ့်ချည်မြင့်ချည်ယှဉ် လာရင် အမျိုးသားဘုံအကျိုးစီးပွားအတွက် ကိုယ်ပိုင်ဆန္ဒကို ချုပ်တည်းလျက် ချင်းလူထုကြီးရဲ့ ရွေး ချယ်မှုကို လေးစားသမှုပြုပြီး လူထုအတွက်၊ ကိုယ့်အမျိုးသားအတွက် လုပ်သားချိန်ခွင် ဖြစ်သင့်ပါ ကြောင်း ဖော်ပြလိုပေသည်။

❑❑❑❑❑

**ဤစာစောင်ပါ ကဗျာ၊ ဂတ္တ၊ ဆောင်းပါးများသည်**
**စာရေးသူ တစ်ဦးချင်းစီ၏ အမြင်အာဘော်**
**များသာဖြစ်ကြောင်း ရေးသားဖော်ပြအပ်ပါသည်။**

**အယ်ဒီတာ**

# အပြောင်းအလဲဟာ ရွေးကောက်ပွဲထက် ပိုမိုခက်ခဲလိမ့်မည်

**မောင်လေး**

နိုင်ငံသားများက မိမိတို့ကိုယ်စား မိမိတိုင်းပြည်ကိုအုပ်ချုပ်ရန်အတွက် မိမိတို့စိတ်တိုင်းကျ လွတ်လပ်စွာ ရွေးကောက်တင်မြောက်ခြင်းဟာ ဒီမိုကရေစီရဲ့ ထုံးတမ်းစဉ်လာ၊ ဒီမိုကရေစီရဲ့ ယဉ်ကျေးမှုတစ်ခုဖြစ်တယ်လို့ ဆိုကြပါတယ်။ ဒီမိုကရေစီစံနစ်တင်မက အာဏာရှင်စံနစ်မှာလည်း ရွေးကောက်ပွဲကျင်းပလေ့ရှိကြပါတယ်။ ဒါပေမဲ့ ရွေးကောက်ပွဲပြုလုပ်တိုင်းလည်း ဒီမိုကရေစီ စံသွားတာမဟုတ်သလို ဒီမိုကရေစီနိုင်ငံဖြစ်သွားကြတာမဟုတ်ရပါ၊ လွတ်လပ်မှု၊ တရားမျှတမှုက အကျွရာဖြစ်တယ်။

ဟုတ်တယ်၊ မိမိနိုင်ငံကို အုပ်ချုပ်မယ့်ပုဂ္ဂိုလ်တွေကို မိမိစိတ်တိုင်းကျ ရွေးချယ်ရမှာဖြစ်သလို လွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့်မရှိရင် တရားမျှတတဲ့ ရွေးကောက်ပွဲလို့ မဆိုသာပါ။ တက်လာတဲ့အစိုးရဟာလည်း ပြည်သူက ရွေးကောက်တင်မြောက်ထားတဲ့ အစိုးရလို့ သတ်မှတ်ရခက်နေပါမယ်။ နိုင်ငံသားတိုင်းရဲ့ အသံကြားက မဲတပြားဟာ အင်မတန်မှ တန်ဖိုးရှိသလို၊ ၎င်းမဲတပြားကို အကျိုးရှိရှိအသုံးချနိုင်ရန်အတွက် လွတ်လပ်ပြီး၊ တရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်ဖို့ အင်မတန်အရေးကြီးပါတယ်။ ဘာကြောင့်လည်းဆိုရင် နိုင်ငံတော်ရဲ့ ကောင်းရာကောင်းကြောင်း အဆုံးအဖြတ်ပေးမယ့်သူဟာ ၎င်းနိုင်ငံရဲ့ နိုင်ငံသားတွေဖြစ်နေလို့ပါပဲ။

မြန်မာနိုင်ငံမှာလည်း ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအောက်မှာ ၂၀၁၀ ရွေးကောက်ပွဲကို အသုံးချပြီး တပ်မတော်က ကျောထောက်နောက်ခံပြုတဲ့ အရပ်သားအုပ်ချုပ်ရေး အစိုးရသက်တမ်းတခုကို ဖြတ်သန်းခဲ့ပါပြီ၊ အစိုးရအနေဖြင့် ဒီမိုကရေစီစံနစ်သို့ အသွင်ကူးပြောင်းနေပါတယ်လို့ ကြွေးကြော်ပြီး ဒီမိုကရေစီ လုပ်ထုံးလုပ်နည်းအရ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ (၈)ရက်နေ့မှာ အထွေထွေရွေးကောက်ပွဲကို မဲဆန္ဒနယ်(၇) နေရာမှလွဲပြီး ပြည်လုံးကျွတ်ကျင်းပခဲ့ပါတယ်။

အားလုံးသိပြီးတဲ့အတိုင်းပါပဲ -

၂၀၁၅ ရွေးကောက်ပွဲကြီးကတော့ ယဉ်ကျေးသိမ်မွေ့စွာပြီးဆုံးခဲ့ပြီ။ ရလဒ်အရ မြန်မာနိုင်ငံဟာ အပြောင်းအလဲတခုကို ဖြတ်သန်းရတော့မယ်လို့ ယုံကြည်ကြပါတယ်။ စစ်တပ်ကျောထောက်နောက်ခံပြုထားတဲ့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ထိပ်သီးပုဂ္ဂိုလ်များကိုယ်တိုင်လည်း ရှုံးနိမ့်

ကြောင်း ကျေကျေနပ်နပ် ဝန်ခံခဲ့ကြပါတယ်။ ရွေးကောက်ပွဲမှာ ခန့်မှန်းခဲ့တာတွေထက် အတိုက်အခံ ပါတီ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က နိုင်ငံနှင့်အဝှမ်း အသာစီးရခဲ့ပါတယ်။ ရန်ကုန်၊ မန္တလေးလို မြို့ကြီးတွေတင်မကဘဲ တိုင်းရင်းသားနယ်မြေတွေ၊ တပ်မတော်အခြေစိုက်တဲ့နယ်မြေတွေ၊ နေပြည် တော်နယ်မြေတွေကအစ ကျေးလက်ဒေသအထိ ပြည်သူထောက်ခံမှုကို တခဲနက် ရရှိသွားခဲ့ပါတယ်။ အဲ့ဒီရလဒ်နဲ့အတူ အချိန်အတော်ကြာ ငြိုးငွေ့သွားတဲ့ တိုင်းသူပြည်သားများရဲ့ စိတ်ဓါတ်ကို ပြန်လည် ပြီး နိုးထ တက်ကြွစေခဲ့ပါတယ်။

နိုင်ငံသူနိုင်ငံသားများအနေနဲ့ အပြောင်းအလဲကို ဘယ်လောက်ထိ လိုချင်နေကြလဲဆိုတာ မဲပေးသူ ရာခိုင်နှုန်းနဲ့ ရလဒ်တွေက အထင်အရှား ပြသခဲ့ပါတယ်။ စင်ကာပူ၊ ဂျပန်၊ ကိုရီးယားစတဲ့ ပြည်ပနိုင်ငံ ရောက် မြန်မာတွေဟာလည်း ကိုယ့်နိုင်ငံပြင်ပရောက်နေကြပေမဲ့ အပြောင်းအလဲအတွက် တခဲနက် မဲထည့်ခဲ့ကြတာကိုလည်း တွေ့ရပါတယ်။ မြန်မာနိုင်ငံထက် အစစသာလွန်တဲ့ နိုင်ငံတွေမှာ နေထိုင် လုပ်ကိုင်စားသောက်နေကြသူတွေဖြစ်ပေမဲ့ ကိုယ့်နိုင်ငံအပြောင်းအလဲအတွက် ဘယ်လောက်ထိ လို လားတောင့်တနေကြတယ်ဆိုတာ ကိုယ်ရောစိတ်ပါ လက်တွေ့ပြသခဲ့ကြတယ်လို့ ဆိုရမှာပါပဲ။

အမှန်ဆိုရင် တိုင်းသူပြည်သားအများစုဟာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီက ကိုယ်စားလှယ်တစ် ဦးချင်းစီရဲ့ အရည်အချင်း၊ လုပ်ရည်ကိုင်ရည်၊ နိုင်ငံရေးခံယူချက်စတာတွေကြောင့် အားပေးရွေးချယ် ခဲ့ကြတာ ဖြစ်ချင်မှဖြစ်မှာပါ၊ စိတ်ဆန္ဒက လိုလားတောင့်တပြီး အပြောင်းအလဲဆိုတာကို ကိုယ်တိုင် မြည်းစမ်းလိုလှပြီဖြစ်တဲ့ ပြည်သူတွေရဲ့စိတ်နှလုံးမှာ နှစ်ပေါင်းများစွာ အပင်ပန်းခံ၊ အဆင်းရဲခံခဲ့တဲ့ ပါတီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ရဲ့ ပေးဆပ်မှု၊ ဒေါ်စုအပေါ် ယုံကြည်ချက်၊ မျှော်လင့်ချက် အပြည့်အဝထားပြီး အပြောင်းအလဲတစ်ခုအတွက် ရောင်နီပါတီကို ထောက်ခံအားပေးခဲ့ကြတာလို့ ဆိုချင်ပါတယ်၊ ဘာကြောင့် ထောက်ခံခဲ့ကြပါလဲ။ ရှင်းပါတယ်။ တောင်ပေါ်မြေပြန့်၊ ဇာတ်ကြီးဇာတ် သေး၊ ကြီးငယ်မဟူ ပြည်သူအားလုံးဟာ အပြောင်းအလဲကို အာသာငမ်းငမ်း အမှန်တကယ် တပ်မက် နေကြလို့သာ၊ အထူးသဖြင့် နှစ် ၅၀ ကျော် စစ်တပ်နဲ့ စစ်တပ်အသွင်ပြောင်း အုပ်ချုပ်ကြီးစိုးခဲ့မှုတွေကို နိုင်ငံသားအားလုံးနီးပါးက အဆုံးသတ်စေချင်ကြပါတယ်။ ၂၀၁၅ အလွန်မှာ ဒီမိုကရေစီအစိုးရ၊ ဒီမို ကရေစီလွှတ်တော်တွေပေါ်ပေါက်ပြီး ပြည်သူကိုယ်စားပြုဒီမိုကရေစီအစိုးရ၊ ဒီမိုကရေစီ လွှတ်တော် တွေရှိလာမှသာ ဒီမိုကရေစီနိုင်ငံကို ထူထောင်နိုင်မှာလို့ ယုံကြည်နေကြတဲ့အတွက်ကြောင့်လည်း ဖြစ်ပါတယ်။

မြန်မာပြည်သူပြည်သားတွေအနေနဲ့ ၎င်းတို့ရဲ့ တစ်ဦးချင်းစီ ဆန္ဒကို ကမ္ဘာသိနတ်သိ ပြသလိုက်ပါပြီ။ မြန်မာနိုင်ငံအပြောင်းအလဲစတင်ဖို့ အားလုံးပူးပေါင်းပြီး လမ်းစတော့ ဖောက်လိုက်ပါပြီ။ တာဝန်ကြီး တစ်ခုတော့ ကျေပြီးခဲ့ကြပါပြီ။ အာဏာရှင်ကြီးစိုးပြီး အဖက်ဖက်မှာ ချွတ်ခြုံကျနေတဲ့ မြန်မာနိုင်ငံ ပြုပြင်ပြောင်းလဲရေးတွေကို NLD က ပခုံးထမ်း တာဝန်ယူရတော့မှာဖြစ်ပါတယ်။

''အချစ်ကြီးရင် အမျက်ကြီးတယ်'' ဆိုတဲ့ ဆိုရိုးစကားနှင့်အညီ ပြည်သူအားလုံးက အချစ်ကြီးခဲ့ပြီးပါပြီ။

ပြည်ခိုင်ဖြိုးအစိုးရအုပ်ချုပ်ရေးကာလအတွင်း ရပ်နားထားတဲ့ မြစ်ဆုံစီမံကိန်းကိစ္စ၊ မပြီးဆုံးသေးသော လက်ပံတောင်းတောင် ကြေးနီစီမံကိန်း ပြဿနာ၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး၊ အမျိုးသားပညာရေးဥပဒေ၊ စစ်အစိုးရလက်ထက် လယ်ယာမြေသိမ်းဆည်းခဲ့မှုကြောင့် ဖြစ်ပေါ်နေတဲ့ တောင်သူလယ်သမားတွေရဲ့ ဒုက္ခ၊ အလုပ်လက်မဲ့ပြဿနာတွေ စတဲ့စတဲ့ အထွေထွေပြဿနာ ပေါင်းများစွာက အသင့်စောင့်ကြိုနေပါတယ်။ ဒါတင်မကသေးပါ။ လုံးဝလျစ်လျူမရှုသင့်တဲ့ တာဝန်ကြီးတရပ်ကတော့ တပ်မတော်နဲ့ပြည်သူကြားအပြန်အလှန် ယုံကြည်လေးစားမှု တည်ဆောက်ရေး၊ လိပ်ခဲတည်းလည်းဖြစ်နေတဲ့ တိုင်းရင်းသားလက်နက်ကိုင်တွေနဲ့ အပစ်အခတ်ရပ်စဲရေး ကိစ္စတွေဟာ တက်လာမယ့် အစိုးရသစ်အနေနဲ့ ချက်ချင်းရင်ဆိုင်ဖြေရှင်းရမယ့် ပြဿနာရပ်တွေဖြစ်ပါတယ်။ ပေးထားချက်အရ မြန်မာနိုင်ငံ ပြုပြင်ပြောင်းလဲရေးမှာ တပ်မတော်ရဲ့အခန်းကဏ္ဍဟာ အတိုင်းအတာတစ်ခုအထိ အရေးပါနေသေးသည်မို့ တပ်မတော်နှင့် အစိုးရပူးပေါင်းပြီး ပြုပြင်ပြောင်း လဲရေးကိစ္စတွေကို ဟန်ချက်ညီညီ ညှိနှိုင်းအဖြေမရှာပါက အပြောင်းအလဲဆိုတဲ့ မျှော်လင့်ချက်ကြီးဟာလည်း အခြေအနေတစ်ခုအောက်မှာ ပြန်လည်တန့်သွားနိုင်ပါတယ်။

မိမိတို့ တိုင်းပြည်မှာ စစ်အာဏာရှင်စံနစ်၊ တစ်ပါတီအာဏာရှင်စံနစ် အစရှိတဲ့ အာဏာရှင်အမျိုးမျိုးနဲ့ အတူ အဲဒီအာဏာရှင်စံနစ်တွေကို ဆန့်ကျင်တဲ့ ဒီမိုကရေစီလှုပ်ရှားမှုနဲ့ ဖက်ဒရယ်အရေးလှုပ်ရှားမှုဟာလည်း အာဏာရှင်စံနစ်ရဲ့ဖွားဖက်တော် အဖြစ် တည်ရှိလာခဲ့တာကြာခဲ့ပြီဖြစ်သလို အာဏာရှင်ဆန့်ကျင်ရေးလှုပ်ရှားမှုကလည်း ပြက္ခဒိန် ထပ်နေပါပြီ။ ရှည်ကြာလွန်းတဲ့ ဒီအာဏာရှင်စံနစ်ဆိုးကြီးထဲမှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေနဲ့ ဒီမိုကရေစီ ဘက်တော်သားတွေဟာ တိုက်ပွဲပေါင်းများစွာ၊ အချိုးအကွေ့ပေါင်းများစွာ၊ သမိုင်းလှေကားထစ်များစွာမှာ လဲကျသေဆုံးပြီး ဒဏ်ရာဒဏ်ချက်ကိုယ်စီနဲ့ ဖြတ်သန်းခဲ့ကြတာ အလီလီပါ၊ အနာဂတ်အပေါ် မျှော်လင့်ချက်ကြီးသလို အချစ်လည်းကြီးခဲ့တယ်၊ သက်ဆိုင်သူ အစိုးရ အဆက်ဆက်အပေါ် အမျက်လည်းကြီးမယ်။ ခုတက်လာမယ့် အစိုးရသစ်အပေါ်မှာ ပြည်သူတွေရဲ့ စိတ်ဝင်စားမှု၊ လေ့လ စမ်းစစ်မှုတွေဟာ လွန်ခဲ့တဲ့ အစိုးရတွေထက် ပို

မှာ အသေအချာပါ။ အကြောင်းကတော့ ခါတိုင်းနဲ့မတူပဲ ယုံကြည်မျှော်လင့်ချက်များစွာနဲ့ ရွေးကောက်တင်မြှောက်ထားတဲ့ တရားဝင်အစိုးရ ဖြစ်လာမယ့်အတွက်ကြောင့်သာ။

ဒီနေရာမှာ တော်လှန်ရေးထက် တည်ဆောက်ရေးက ပိုပြီးခက်တယ်လို့ ဆိုထားသလို၊ အစိုးရသစ်အနေနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်ကြီးကို ရင်ဆိုင်ဖြေရှင်းကြရတော့မှာဖြစ်ပြီး တိုင်းပြည်ပြန်လည်တည်ဆောက်ရေး မဟာတာဝန်ကြီးကို ယူကြရတော့မှာဖြစ်တယ်။ အဲ့ဒီမှာ တိုင်းသူပြည်သားတွေအနေဖြင့် မဲပေးရင်ပြီးရော့ဆိုပြီး အစိုးရတစ်ခုတည်းကိုသာ လက်ပိုက်ကြည့်နေလို့ မဖြစ်ပါ၊ ရှေ့ဆက်ရမည့်တာဝန်က မပြီးသေးပါ။ နိုင်ငံရေးသိပ္ပံပညာရှင် အရစ္စတိုတယ်ရဲ့ “နိုင်ငံ တော်ကိုကျောက်များ၊ သစ်များဖြင့် တည်ဆောက်မရနိုင်၊ နိုင်ငံသားတို့၏ ကိုယ်ကျင့်စာရိတ္တတို့ဖြင့် တည်ဆောက်နိုင်သည်” ဆိုတဲ့အတိုင်း နိုင်ငံတော်ရဲ့ အပြောင်းအလဲဟာ မဲထည့်ရုံနဲ့မပြီးပဲ “ နိုင်ငံတော် အပြောင်းအလဲအတွက် တစ်ခန်းတစ်ကဏ္ဍ၊ တစ်ထောင့်တစ်နေရာကနေ အရေးပါတဲ့ နိုင်ငံသားများဖြစ်ကြပါစို့ ”

❑❑❑❑❑

အသည်းနှလုံးပုံ ရိဒ် ရေကန်သည် အလျား (၁.၆) ကီလိုမီတာ၊ အနံ (၀.၈၀) ကီလိုမီတာ ကျယ်ဝန်းပြီး၊ (၆၀)ပေခန့်နက်၍ အသဲနှလုံးပုံရှိသည်။ ရာသီအလိုက် အရောင်ပြောင်းလဲပြီး ဆောင်းရာသီတခွင်လုံး ရေကန်ရှိရေသည် (သွေးရောင်) ထလေ့ရှိသည်။ ဒဏ်ရာရပြီး သေလုနီးတောတိရိစ္ဆာန်များ ရိဒ် ရေကန်သို့ ဆင်းသေကြခြင်း၊ ရေကန်ဖျက်ဆီးသော ကိုလိုနီခေတ်နယ်ချဲ့စစ်သားများ ညတွင်းချင်းပင်သေဆုံးခြင်း စသဖြင့် ရာဇဝင်အမြောက်အမြားရှိသည်။ ရိဒ် ရေကန်သည် ဖလမ်းမြို့မှ မိုင် (၆၀) ကျော်ဝေးသော ရိဒ်ခေါဒါရ် မြို့ခွဲမှ ၃ မိုင်ခန့်အကွာတွင် တည်ရှိသည်။

# တစ်ခါသေဖူးတော့ ပျဉ်ဖိုးနားလည်သင့်ပြီပေါ့

**ပူးထတ်ဆပုင်**

သမိုင်းဝင် ပင်လုံစာချုပ်ဖြစ်ပေါ်လာစေခြင်း၏ အဓိကသော့ချက်မှာ-

၁။ တန်းတူညီမျှမှု
၂။ ကိုယ်ပိုင်ပြဌာန်းပိုင်ခွင့်
၃။ ခွဲထွက်ပိုင်ခွင့်

တည်းဟူသော ဗိုခနောက်သုံးဆိုင်တို့ကြောင့်ဖြစ်သည်။ သို့ရာတွင် လွတ်လပ်ရေးအပြီး၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ နိုင်ငံရေးဂဲဂယက်သည် စကြာအလားလည်ပတ်နေရင်း မျက်လှည့်ပမာ သွေဖီသွားကာ၊ အဆိုပါအချက်တို့အပြင် စာချုပ်ပါအချက် ( ၉ ) ချက်ကိုပါ၊ သိုဂှက်ထားပြီး၊ ပြည်သူတစ်ရပ်လုံး မသိရှိနိုင်စေရန် ဖုံးကွယ်ထားခဲ့ကြသည်။

နိုင်ငံတော်အား အုပ်ချုပ်ကွပ်ကဲခဲ့သည့် အစိုးရအဆက်ဆက်သည် တိုင်းရင်းသားများနိုးကြား ထကြွလာမည်ကို သွေးလန့်နေခဲ့ခြင်းကြောင့် ပိပိရိရိဖုံးဖိနိုင်စေရန် ဗဟိုကြိုးကိုင်စံနစ်ကို တင်းတင်းကြပ်ကြပ်ကိုင်တွယ် ကျင့်သုံးလာခဲ့သည်။ သို့ရာတွင် ဆင်ပြောင်ကို ဆိတ်ရေနှင့် ဖုံးကွယ်မရသကဲ့သို့လည်းကောင်း၊ ဟုတ်လျှင်ကျော်၊ ပုပ်လျှင်ပေါ်ဟူသည့်အတိုင်း၊ ဖုံးမရ၊ ဖိမရဖြစ်လာမည်ကို ရိပ်မိလာပြန်သဖြင့်၊ ၂၀၀၈ အခြေခံဥပဒေ အခန်း (၁) အခြေခံမူများဟူသော ခေါင်းစည်းအောက်၊ ပုဒ်မ ( ၁၀ ) တွင် “ နိုင်ငံတော်တွင်ပါဝင်သည့် တိုင်းဒေသကြီးများ၊ ပြည်နယ်များ၊ ပြည်ထောင်စုနယ်မြေများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများစသည့် နိုင်ငံတော်နယ်မြေအပိုင်း အခြားဟူသမျှသည် နိုင်ငံတော်မှမည်သည့်အခါမျှ ခွဲမထွက်ရ” ဟူ၍ အတင်းအကြပ်ကွယ်ကာ ထားကြပြန်သည်။

နိုင်ငံတော်သမတ ဦးသိန်းစိန်သည် သမ္မတအဖြစ် ပဏာမမိန့်ခွန်းမြွက်ကြားခဲ့စဉ်က၊ မိမိသမ္မတသက်တမ်းကာလအတွင်း တိုင်းရင်းသားလက်နက်ကိုင်များနှင့် ငြိမ်းချမ်းရေးစာချုပ်ချုပ်ဆိုမည်ဟုကတိပေးခဲ့သည့်အတွက် နိုဝင်ဘာလရွေးကောက်ပွဲလည်း နီးကပ်လာလျက်ရှိရာ အပူတပြင်း စည်းရုံးသွေးဆောင်နိုင်ရေးအတွက် ရက်ရက်ရောရော၊ လွယ်လွယ်ကူကူ နှုတ်ကတိပေးနေပြီဖြစ်သည်။ “မ

ချစ်သော်လည်းအောင့်ကာ နမ်း၊ မနမ်းသော်လည်းပင့်သက်ရှူ" တည်းဟူသော ပရိယာယ်မာယာနည်းဗျူဟာဖြင့် တိုင်းရင်းသားခေါင်းဆောင်များအား ဖြားယောင်းသွေးဆောင်နေပြီးဖြစ်သည်။

အထက် ခေါင်းစဉ်ပါစာသားနှင့်ပတ်သက်၍ မသာမပေါ်ဖူးသော မိသားစုသည် ပျဉ်ဖိုးဈေးနှုန်း အတိအကျမသိရသကဲ့သို့ တခါသေဖူးမှ ပျဉ်ဖိုးကိုသိရသည်ဟု ဆိုစကားရှိသည်။ သေလွန်သူ၏ ရုပ်ကလပ်ကို ခေါင်းသွပ်ရန် ပျဉ်ပြားလိုရာ ၎င်းပျဉ်ဖိုးဈေးနှုန်းအား သိထားရန်လိုပါသည်။ ထိုးနည်းအတိုင်းပင် အသွားမတော်၍ နိုင်ငံရေးခလုတ်တိုက်မိလာခဲ့သည်။ ပြည်ထောင်စုလမ်းလွဲစေလာခဲ့သည့် အတွေ့အကြုံအား သင်ခန်းစာအဖြစ်ရယူနိုင်ပါက မည်မျှကောင်းပါမည်နည်း။ တစ်တက်စားလည်း ကြက်သွန်၊ နှစ်တက်စားလည်း ကြက်သွန်၊ ဒီပုတ်ထဲကဒီပဲ ဆိုသကဲ့သို့ ပင်လုံစာချုပ်အား ပြောင်းပြန်လှန်ခဲ့သည့် လူမျိုးကြီးဝါဒီတို့မှာ အတူတူပင်ဖြစ်ရပါလိမ့်မည်။ နောင်တဟူသည် နောင်မှတရစမြဲမို့ တပ်ဦးကိုယ်စားလှယ်တို့သည်လည်း သတိကြီးစွာ ထားရပါမည်ဖြစ်သည်။ သူများစကားကို နားယောင်ပြီး လိုက်မမှားမိစေရန် အထူးသတိပြုရပါမည်။

စာရေးသူ ကြားဖူးနားဝတစ်ခုရှိပါသည်။ လွတ်လပ်စ ၁၉၄၉ ခုနှစ်တွင် ပြည်တွင်းစစ်ကြီးဖြစ်ပွားခဲ့စဉ်၊ ဝန်ကြီးချုပ်ဦးနု မှအစ ဝန်ကြီးများ၊ နိုင်ငံတော်အစိုးရအကြီးအကဲများ ဗျာပါခတ်ပြီး မျောက်မီးခဲကိုင်ဖြစ်နေချိန်တွင် ချင်းတောင်တပ်ရင်းများအား မချည်းကပ်၍မရဖြစ်နေခဲ့ရာ၊ ဝန်ကြီးချုပ်ခဗျာ ချင်းတပ်ရင်းမှူးတို့ရှေ့မှောက်တွင် ပုဆစ်ဒူးတုပ် ဦးချကန်တော့ခဲ့သည်ဟု ကြားသိခဲ့ဖူးပါသည်။ ဟုတ်ချင်မှလည်းဟုတ်မည်။ မြန်မာ့နိုင်ငံရေးသမားများသည် မာန်လျော့ချိန်၊ မာန်ထချိန်ကို ကောင်းစွာ သိရှိသူများပီပီ ထိုသို့ရှိခိုးပူဇော်၊ ဖူးမျှော်မာန်လျော့ခြင်းအား ကောင်းစွာအသုံးချတတ်ကြသဖြင့်လည်း တိုင်းရင်းသားအပေါင်း ခွေးဖြစ်နေခဲ့ကြပြီးဖြစ်သည်။

အမှန်မှာ ငြိမ်းချမ်းရေးစာချုပ်၊ အပစ်ရပ်စာချုပ်ပင်ဖြစ်စေ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အားလုံးက တခဲနက် သဘောတူနိုင်မှ လက်မှတ်ထိုးရလျှင် နောင်ရေးအတွက်မပူရတော့။ လက်မှတ်မထိုးနိုင်သေးသည့်အဖွဲ့များရှိလျက်ပင်၊ မဟာမိတ်အဖွဲ့များအား ကျောခိုင်းပြီး လက်မှတ်ရေးထိုးရန် စိတ်စောနေခြင်းသည် နောင်ရေးအတွက် ရတက်အေးနိုင်မည်ဟုတ်ချေ၊ မိမိတို့ အမျိုးသားများလောကတွင်လည်း မျက်နှာပန်းလှမည်မဟုတ်ချေ၊ တမျိုးသားလုံး ဂုဏ်မေးမှိန်ရဦးမည်။ သတိရှိရှိ၊ လေးလေးနက်နက်စဉ်းစားချင့်ချိန်ရပေမည်။ မိမိတစ်ယောက်ကြောင့် အမျိုးဂုဏ်မညှိုးနွမ်းစေသင့်ပေ။

သို့မဟုတ်ဘဲ မည်သည့်စာချုပ်ပင် ဖြစ်စေဦးတော့၊ မိမိအဖွဲ့အစည်း (သို့မဟုတ်) ချင်းပြည်သူများအား အကျိုးအ ကြောင်းတင်ပြရင်း ညှိနှိုင်းဆွေးနွေးခြင်း၊ နီးနှောတိုင်ပင်ခြင်းများကို အတူတကွခေါ်ယူပြီး၊ အများသဘောတူညီ ချက်များရယူပြီးမှ ဆုံးဖြတ်ချက်ချမည်ဆိုပါက မည်မျှကောင်းလေမည်နည်း။ ပင်လုံညီလာခံသို့သွားမည့် ကိုယ်စားလှယ်များအား ရွေးချယ်ပြီး အဆိုပါကိုယ်စားလှယ်များ တင်သွင်းရမည့်အဆိုများချမှတ်ရန်အတွက် ချင်းတောင်မြို့တော်၊ ဖလမ်းမြို့တွင် အကြိုညှိနှိုင်းပွဲကျင်းပခဲ့သည်ဟုဆိုသည်။ ဘုန်းတော်ကြီးများ၊ သင်းအုပ်ဆရာတော်များ၊ ဂိုဏ်းချုပ်များပင်ဖြစ်စေဦးတော့၊ သူတို့လည်း ပုထုဇဉ်လူသားများပင်ဖြစ်ကြရာ မှားတတ်သူများချည်း ဖြစ်သည်။ မြန်မာ့သမိုင်းတွင်လည်း သာသနာပိုင်ဆရာတော်အား အကြည်အညိုလွန်သောကြောင့် မင်းတုန်းမင်းသည် တိုင်းပြည်အားနယ်ချဲ့ရန်မှ ကာကွယ်ရန် လက်နက်ခဲယမ်းမီးကျောက် ထုတ်လုပ်စမ်းသပ်နေသော အိမ်ရှေ့မင်းသား ညီတော်ကနောင်မင်းသားအား ကွပ်မျက်စေခဲ့ပြီးဖြစ်သည်။ လောကုတ္တရာနှင့်လောကီကို ခွဲခြားသိမြင်တတ်သော သာသနာ့ဝန်ဆောင်အမြောက်အမြားရှိကြောင်း လက်ခံပါသည်။ သို့ရာတွင် သူတို့လည်း မနသာ လူသားများပေမို့ နီးရာဓါးကိုကြောက်ကြမည်သာဖြစ်သည်။ ထို့ကြောင့် သူတို့အား ခုတုံးသဘွယ်မမှတ်ယူသင့် ပေ။

ဒီမိုကရေစီတွင် မည်သူ့ကိုမှကြောက်ရန်မလိုပေ။ အာဏာရှင်စံနစ်ဆိုးကြောင့်သာ လူတို့တွင် ကြောက်စိတ်ဝင်နေကြခြင်းဖြစ်သည်။ ကြောက်စိတ်မွှန်နေသည့်ခေတ်ဆိုး၊ စံနစ်ဆိုးတွင် မည်သူမျှ စိတ်အေးချမ်းနိုင်မည်မဟုတ်၊ စစ်မှန်သောငြိမ်းချမ်းရေး လည်းတည်ဆောက်နိုင်မည် မဟုတ်ချေ။ သံသယအမှောင့် ပယောဂသာ လွှမ်းမိုးကြီးစိုးနေမည်ဖြစ်သည်။

မကြာတော့သည့် အနာဂါတ်ကာလတွင်၊ ပြည်သူတို့၏ တခဲနက်ထောက်ခံမှုဖြင့် ၂၀၁၅ ရွေးကောက်ပွဲကို အနိုင်ရသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အစိုးရအဖွဲ့ ပေါ်လာတော့မည်။ ငြိမ်းချမ်းရေးဆွေးနွေးပွဲများလည်း ပြန်လည်ကျင်းပရမည်။ နိုင်ငံရေးအရ တစ်ခါမက နှစ်ခါသေဖူးသူများပီပီ၊ ပျဉ်ဖိုးအတိအကျ တင်ပြနိုင်အောင် ကြိုးစားကြပါစို့ ။

❑❑❑❑❑

# ဗဟိုအာဏာ လျှော့ချပုံ နှစ်မျိုးနှစ်စား

**နီဘွေး လေသောင်**

ဗဟိုအာဏာ လျှော့ချမှု Decentralization ကို နှစ်မျိုးနှစ်စားခွဲခြားထားပါတယ်။ အလျားလိုက် လျှော့ချမှုပုံစံ Devolution နှင့် ဒေါင်လိုက် လျှော့ချမှုပုံစံ Deconcentration တို့ဖြစ်ပါတယ်။ ဖက်ဒရယ်ပြည်ထောင်စုကိုလိုချင်တဲ့ ကျွန်တော်တို့ မြန်မာနိုင်ငံရှိ တိုင်းရင်းသားများအနေဖြင့် အာဏာခွဲဝေရေးတွင် ဗဟိုအာဏာကို အလျားလိုက် လျှော့ချမှုပုံစံဖြစ်သော အာဏာခွဲဝေမှု Devolution ကို လိုချင်နေကြခြင်းဖြစ်ပါတယ်။ ဒေါင်လိုက် လျှော့ချမှုပုံစံကိုကား တစ်ပြည်ထောင်စံနစ်တွင်လည်း ကျင့်သုံးလေ့ရှိတဲ့ အာဏာလျှော့ချ၊ ခွဲဝေမှုပုံစံ ဖြစ်ပါတယ်။ ဗဟိုအာဏာလျှော့ချမှုကို နိုင်ငံရေးအရသော်လည်းကောင်း၊ အုပ်ချုပ်ရေးအရသော်လည်းကောင်း၊ ဘဏ္ဍာရေးအရသော်လည်းကောင်း၊ ဈေးကွက်အရသော်လည်းကောင်း ခွဲခြမ်းပိုင်းခြားလေ့ရှိကြပါတယ်။

## ဒေါင်လိုက် လျှော့ချခြင်း ( Deconcentration )

Deconcentration ဆိုတာ အာဏာကို တဆင့်နိမ့်တဲ့ ဗဟိုအစိုးရဌါန သို့မဟုတ် ဗဟိုအစိုးရအတွက် လုပ်ဆောင်ပေးတဲ့ ဒေသန္တရအာဏာပိုင်များသို့ လွဲပြောင်းပေးခြင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ ထင်ထင်ရှားရှား မြင်တွေ့ရတာက ချင်းပြည်နယ် ဆိုင်ကယ်လိုင်စင်လုပ်တာကို ဥပမာပြရပါမယ်။ လိုင်စင်ကြေးသတ်မှတ်တာ၊ လိုင်စင်နံပါတ် သတ်မှတ်ပေးတာ အကုန်လုံး ပြည်နယ်က လုပ်တာမဟုတ်ဘဲ နေပြည်တော်ကလုပ်တာပဲ ဖြစ်ပါတယ်။ နေပြည်တော်အတွက် ချင်းပြည်နယ် အစိုးရဌါနက လုပ်ဆောင်ပေးနေတာဖြစ်ပါတယ်။ ချင်းပြည်နယ်အစိုးရက သူ့သဘောနဲ့သူ ဆုံးဖြတ်ပြီး လုပ်ဆောင်နေတာ မဟုတ်ပါဘူး။ ဖွဲ့စည်းပုံထဲမှာတော့ ကားလိုင်စင် ဆိုင်ကယ်လိုင်စင်ကို ပြည်နယ်အစိုးရ လုပ်ပိုင်ခွင့်ထဲမှာ ထည့်ထားပါတယ်။ တကယ်တမ်းမှာ နေပြည်တော် စိတ်ကြိုက် လုပ်ဆောင်ပေးခြင်းသာ ဖြစ်တာကို တွေ့ရပါတယ်။

မြန်မာအစိုးရဖက်က အစစအရာရာ ပြင်ဆင်ခဲ့တာဟာ deconcentration အတွက် ဖြစ်ပါတယ်။ တိုင်းပြည်ကိုကူညီမယ့် နိုင်ငံခြားတိုင်းပြည် ၅၀ ကျော်ကို နေပြည်တော် သဘောတူစာချုပ် ချုပ်ဆိုခိုင်းထားပြီး အနှစ်အားဖြင့် မည့်သည့် နိုင်ငံခြားကူညီထောက်ပံ့မှုမဆို နေပြည်တော်ကို ဖြတ်သန်းရမှာ ဖြစ်ပြီး နေပြည်တော်အစိုးရရဲ့ ဗဟိုဦးစီးမှုစံနစ်ကို အထောက်အကူပြုအောင် လုပ်ငန်းဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ (၈) ဖွဲ့နဲ့ မကြာမီက ချုပ်ဆိုခဲ့တဲ့ NCA မှာလည်း လူသားချင်းစာနာမှု အကူအညီအားလုံးကို နေပြည်တော်ကနေဖြတ်သန်းပြီး နေပြည်တော်က သဘောတူထားတဲ့တာတွေအတွက်သာ လုပ်ပိုင်ခွင့်ရှိတယ်လို့ ဆိုထားပါတယ်။

**အလျားလိုက်လျှော့ချခြင်း ( Devolution )**

Devolution ကတော့ ဗဟိုအစိုးရ ထိန်းချုပ်မှုအောက်မှာမရှိတဲ့ အာဏာပိုင်အဖွဲ့ကို အာဏာနှင့် လုပ်ပိုင်ခွင့်အပ်နှင်းတာ ဖြစ်ပါတယ်။ အာဏာကို အတိအကျ အသေးစိပ် ရေးသားပြဋ္ဌါန်းထားလေ့ ရှိပါတယ်။ Edmunds အဆိုအရ " the transfer of natural resource management to local individuals and institutions located within and outside of government " သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှုကို အစိုးရအတွင်းနဲ့အပြင်ရှိ ဒေသခံလူတစ်ဦးချင်းစီနဲ့ ဒေသန္တရများထံ လွဲပြောင်းအပ်နှင်းခြင်းဖြစ်တယ်လို့ ဆိုရပါမယ်။ ဗဟိုအစိုးရရဲ့ ထိန်းချုပ်မှုမပါရှိပဲ လွတ်လပ်စွာ လုပ်ပိုင်ခွင့်အပြည့်ရထားခြင်းလို့ တိုတိုတုတ်တုတ် ပြောပါရစေ။

Devolution နဲ့ Deconcentration ခြားနားချက်ကို ရှင်းလင်းစွာနားလည်နိုင်ဖို့ ဉပမာတစ်ခုပြပါရပါရစေ၊ အစည်းအဝေးတစ်ခု ကျင်းပဖို့အတွက် အဖွဲ့အစည်းတစ်ခုက ပြင်ဆင်နေတယ်ဆိုပါစို့၊ မောင်ဘကို အစားအသောက်အတွက် စီမံခန့်ခွဲမှု တာဝန်ပေးထားတယ် ဆိုပါစို့။ မောင်ဘက ငွေ ၇၅၀၀၀ နဲ့ ရေသန့်ဗူး (ချင်းလဲန်းတံဆိပ်ပါ) ၅၀ ဗူး၊ ကြက်သားဟင်းနဲ့ ထမင်း ၅၀ ပွဲ ဝယ်ဖို့ ပြောထားတယ်ဆိုရင် အဲဒါ deconcentration ဖြစ်ပါတယ်။ ဒီလိုမဟုတ်ပဲ လူ ၅၀ အတွက် ချမှတ်ငွေ ၇၅၀၀၀ နဲ့ ကြိုက်တဲ့ အစားအစာ၊ ရေသန့် စသဖြင့်.. ဝယ်ယူဖို့အတွက် သူ့ဟာသူပဲ စီမံဆုံးဖြတ်မယ်ဆိုရင် အဲဒါ devolution ဖြစ်ပါတယ်။ ဒီလိုပဲ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ ဘဏ္ဍာရေးနဲ့ စျေးကွက်နယ်ပယ်အသီးသီးမှာ devolution ဖြစ်တာကို မြန်မာနိုင်ငံရှိ တိုင်းရင်းသားများ လိုချင်နေကြတာ ဖြစ်တယ်လို့ ကျွန်တော်မြင်ပါတယ်။ ကိုယ်ကြိုက်တာ ဗဟိုကိုတင်ပြ၊ ဗဟိုကခွင့်ပြုမှ လုပ်တယ်ဆိုတာက centralization ဖြစ်ပြီး တစ်ပြည်ထောင်စံနစ်နဲ့ အာဏာရှင်စံနစ်တို့မှာသာ အကြီးအကျယ် ကျင့်သုံးနေကြတာဖြစ်ပါတယ်။ တချို့တစ်ပြည်ထောင်စံနစ်နိုင်ငံတွေတောင် decentralization ကို devolution နည်းနဲ့ ပြောင်းလဲကျင့်သုံးလာကြတာလဲ ရှိပါတယ်။ ကျန်းမာရေးကိစ္စတွေမှာ ပိုပြီးထိရောက်တယ်လို့ ဆိုကြပါတယ်။

အချုပ်အားဖြင့်ဆိုရရင် ကျွန်တော်တို့ တိုင်းရင်းသားတိုင်းက လိုလားတဲ့ အာဏာခွဲဝေမှုပုံစံဟာ devolution ဖြစ်သင့်ပါတယ်၊ ဖြစ်လည်းဖြစ်ပါတယ်။ နေပြည်တော် ထိန်းချုပ်မှုအောက်က လုပ်ကွက်ရခြင်းတမည်သာဖြစ်တဲ့ အာဏာနဲ့လုပ်ပိုင်ခွင့်ကို ကျွန်တော်တို့ မလိုလားပါဘူး။ ဒီနေရာမှာ အရေးကြီးတာက ကိုယ့်မှာ structure ရှိထားဖို့ပါပဲ။ ကိုယ့်မှာ structure မရှိထားလို့ကတော့ deconcentration က ပိုပြီး အားကောင်းသွားမှာဖြစ်ပြီး၊ တောင်ယာ မီးရှို့ခွင့်တောင် ပေးလို့မရတဲ့ ဆုံးဖြတ်ပိုင်ခွင့်မဲ့ ချင်းပြည်နယ်အစိုးရ ဖြစ်ပြန်မှာပဲ။ ခုလက်ရှိ နေပြည်တော်ပေါ်လစီဟာ deconcentration နည်းနဲ့သာ decentralization လုပ်သွားမှာဖြစ်ပြီး၊ အဲဒါကို federal လို့ ခေါ်ပေးမှာဖြစ်ပါတယ်။ NCA ဟာလည်း ခြေလှမ်းတစ်လှမ်းအဖြစ် ဆောက်တည်သွားကြတာ ဖြစ်ပါတယ်။ ##

# တန်းတူညီမျှခြင်း (အခွင့်ထူးခံ ကင်းစင်ခြင်း)
## (ယခင်လ အဆက်)

**Lalramlawma**

အခွင့်ထူးခံကင်းစင်ခြင်းသည် တန်းတူညီမျှခြင်း၏ အဓိပ္ပါယ်တရပ်လည်း ဖြစ်ပေသည်။ ဤအချက်တွင် လူမှုရေး၊ နိုင်ငံရေးရာများတွင် မွေးဇာတိ၊ ဂုဏ်ပကာသန၊ မျိုးရိုး၊ ဘာသာအယူဝါဒ၊ အသားအရောင်၊ ကျားနှင့်မ ခွဲခြားခြင်းမရှိဘဲ ပါဝင်ခွင့်ရရှိခြင်းကို ဆိုလိုပါသည်။ လူသားအချင်းချင်းကြားခွဲခြားမှုမရှိပဲ "တစ်စုံတစ်ဦး၏ မွေးရာ ပါမူလရပိုင်ခွင့် အခွင့်အရေးများ၊ နိုင်ငံသားတစ်ဦး၏ မူလရပိုင်ခွင့်ဂုဏ်၊ သီလသိက္ခာများ၊ မိမိ၌ တူညီသောပ မာဏရပိုင်ခွင့်ရှိရမည်။" လူတစ်ဦးချင်းစီ၌ လူမှုရေး၊ နိုင်ငံရေးတို့တွင် တူညီသော အခွင့်အရေး၊ တူညီသော ခံစားခွင့်များ အပ်နှံထားခြင်းပင် ဖြစ်သည်။ နိုင်ငံတော်မှ ဖွင့်လှစ်ထားသောရုံး၌ တစ်စုံတစ်ဦးသော ပုဂ္ဂိုလ်၏ ခံစားခွင့်အား ငြင်းပယ်ပါက ၎င်းပုဂ္ဂိုလ်၏ အခွင့်အရေးပိတ်ပင်ခြင်းပင် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဤသို့ တစ်စုံတစ်ဦး၏ ကြိုးပမ်းအားထုတ်ခြင်းအား အချည်းအနှီးဖြစ်စေခြင်းသည် ၎င်းပုဂ္ဂိုလ်၏ အစွမ်းအစများအား လုံးဝ ဖျက်ဆီးရာ ရောက်စေသည်။

### တန်းတူညီမျှခြင်း (အခွင့်အလမ်းဖော်ဆောင်ပေးခြင်း)

လုံလောက်သော အခွင့်အလမ်းဖော်ဆောင်ပေးခြင်းသည် တန်းတူညီမျှခြင်း၏ ရပိုင်ခွင့်တရပ် ဖြစ်ပါသည်။ လုံလောက်သော အခွင့်အလမ်းဆိုရာ၌ ညီတူညီမျှသော အခွင့်အလမ်းဟု မယူဆအပ်ပေ။ လူတစ်ဦးချင်းစီ၏ လက်လှမ်းမှီနိုင်သော အခွင့်အလမ်းကို ဆိုလိုခြင်းဖြစ်ပါသည်။ လူတစ်ဦးချင်းစီ၌ ကိုယ်စီပါရှိသော အစွမ်းအစများရှိကြရာ လက်လှမ်းမီနိုင်သော အနေအထားများလည်း ကိုယ်စီရှိကြပေသည်။ ထို့ကြောင့် ညီတူညီမျှသော အခွင့်အလမ်းမဟုတ်ဘဲ လုံလောက်သောအခွင့်အလမ်း ဖော်ဆောင်ပေးခြင်းသည် တန်းတူညီမျှခြင်းအရာ၌ ပိုမို၍ အဓိပ္ပါယ်ရှိပါသည်။ ထို့အတူ လူသားတိုင်း၏ စွမ်းရည်မြှင့်တင်ပေးရန် လိုပါသေးသည်။ ဖိနှိပ်ချုပ်ချယ်မှုမရှိပါက လွတ်လပ်သော ဖွံ့ဖြိုးတိုးတက်မှုဖော်ဆောင်နိုင်မည်ဖြစ်ပြီး လူသားတိုင်း မိမိလက်လှမ်းမီသလောက် ဖွံ့ဖြိုးတိုးတက်နိုင်မည် ဖြစ်ပါသည်။

ထို့ကြောင့် တန်းတူညီမျှစွာ အခွင့်အလမ်းဖော်ဆောင်နိုင်ရန်အတွက် ပထမအနေဖြင့် လူတစ်ဦးခြင်းသော်လည်းကောင်း၊ အဖွဲ့လိုက်သော်လည်းကောင်း၊ ဥပဒေအရ ခွဲခြားဆက်ဆံခြင်းမှ ကင်းဝေးရမည်။

ဒုတိယအနေဖြင့် လူသားအားလုံးသည် လုံလောက်သော အခွင့်အလမ်းရရှိနိုင်ရန် တူညီသောအခွင့်အရေးရှိရမည်ဖြစ်ပြီး၊ လူ့ဘဝ၌ ခြားနားမှုမရှိဘဲ ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်နိုင်ရမည်ဟု သိရှိလက်ခံရန် လိုအပ်ပါသည်။ အထူးသဖြင့် လူသားတစ်ဦးခြင်းစီသော်လည်းကောင်း၊ အဖွဲ့လိုက်သော်လည်းကောင်း၊ အခြားသောသူအတွက် ပူဇော်အသုံးတော်ခံရန် အကြောင်းမရှိဟု နားလည်လက်ခံနိုင်ရမည်ဖြစ်သည်။ နောက်ဆုံးအနေဖြင့် တင်ပြရလျှင် နားလည်လက်ခံထားရမည့် အနိမ့်ဆုံးအနေအထားသည် ပညာရေး၊ နေအိမ်၊ အစားအစာနှင့် စီပွားရေးအရ ဘေးဒုက္ခရောက်ရှိနိုင်မည့် အနေအထားမှ အာမခံချက်ရရှိနိုင်မည် ဖြစ်ပါသည်။

## တန်းတူညီမျှခြင်း အယူအဆတိုးတက်ဖွံ့ဖြိုးလာပုံ

အနောက်တိုင်းနိုင်ငံများ၏ သမိုင်းတွင် ၎င်းတို့၏ နိုင်ငံရေးအတွေးအခေါ်၊ အယူအဆများတွင် တန်းတူညီမျှရေးအား ဆန့်ကျင်မှုပေါ်ပေါက်လာသည်နှင့် တပြိုင်တည်း တန်းတူညီမျှရေးသည်လည်း ပေါက်ဖွားလာခဲ့ကြောင်း တွေ့ရှိနိုင်ပါသည်။ တန်းတူညီမျှရေးအတွေးအခေါ်နှင့် အယူအဆများသည် " The stoics, The Roman Law, The Gospel of Jesus " များ၌လည်း တွေ့ရှိနိုင်ပါသည်။

၁။ **The Stoics :** Stoism အယူဝါဒသည် အရစ္စတိုတယ်ကွယ်လွန်ပြီးနောက်ပိုင်း၌ ဂရိနိုင်ငံတွင် ခေတ်စားလာ သော အယူဝါဒတစ်ခုဖြစ်ပြီး၊ Zeno of Citium မှ Stoics School တည်ထောင်ကာ သင်ကြားပို့ချပြန့်ပွားလာ သော အယူဝါဒဖြစ်ပေသည်။ ဤအယူဝါဒလက်ခံကျင့်သုံးသူများအား Stoics ဟုခေါ်ဆိုကြသည်။ ဤအယူဝါဒတွင် လူနှင့်နတ်များသည် တဂိုဏ်းတည်း၌ တည်ရှိကြပြီး၊ တိရိစ္ဆာန်များနှင့် ကွဲပြားသည်။ လူသားအားလုံး တန်းတူညီမျှပြီး ခိုင်မာသောညီအစ်ကို မောင်နှမများ ဖြစ်ကြသည်။ သဘာဝတရားဥပဒေမှ ပြဌာန်းထားသောကြောင့် တန်းတူညီမျှခြင်းကို ပစ်ပယ်၍မရဟု လက်ခံထားကြပါသည်။

၂။ **Roman Law :** ဤဥပဒေသည် ရောမဥပဒေပညာရှင်များမှ နိုင်ငံသားများအပေါ် အမှုအလိုက် ယုတ္တိရှိရှိ၊ လိုက်လျောညီထွေစွာ ကိုင်တွယ်စီရင်နိုင်ရန် ရေးဆွဲပြဌာန်းထားသော လူထုဥပဒေ (Jusgentium) ပင် ဖြစ်ပေသည်။ ဤဥပဒေသည် ရောမအင်ပါယာအတွင်း မှီတင်းနေထိုင်ကြသော နိုင်ငံသားများတွင် ဘုံပိုင်ဆိုင်မှု စံနစ်များထားရှိကာ လူတိုင်းစီထည့်ဝင်ပါဝင်သည့် အစရှယ်ယာများသည်လည်း တရားမျှတမှုကို အခြေခံပြီး လူတိုင်းကျေနပ်နှစ်သိမ့်နိုင်စေရန် ရည်ရွယ်ပြဌာန်းထားခြင်းပင် ဖြစ်သည်။ ရောမနိုင်ငံတော်မှာလည်း နိုင်ငံသားများအား တူညီသောအကျိုးခံစားခွင့်များ ရရှိစေပြီး ထိုမှတစ်ဆင့် လူသားတိုင်းတန်းတူညီမျှသည်ဟူသော မူဝါဒလက်ခံနိုင်

စေရန် ရည်ရွယ်ထားပါသည်။ ဤဥပဒေအား ရောမ၏ ဗဟိုအချက်အချာကျသော အီတလီမှ စတင်ကျင့်သုံးတိုးချဲ့ကာ ရောမအင်ပါယာတဝှမ်း အရှိန်အဟုန်ပြင်းစွာ ကျင့်သုံးလာကြပြီး အထွဋ်အထိပ်ဟု ခေါ်ဆိုနိုင်မည့် 212 A.D တွင် အင်ပါယာပြည့်ရှင်ဘုရင်ကြီး Caracalla မှ နိုင်ငံသားအားလုံးအား လွတ်လပ်သော နိုင်ငံသားအဖြစ် ကြေငြာကာ၊ ကျွန်များအား လွတ်ငြိမ်းခွင့်ပေးလိုက်ပါသည်။ ထို့ကြောင့် ရောမအတွေးအခေါ်ပညာရှင်များမှ သဘာဝတရား၏ ပကတိဥပဒေအား ရောမနိုင်ငံသားတစ်ရပ်လုံးအပေါ် အကျိုးခံစားခွင့်ရရှိစေသည်ဟု ယုံကြည်ကြပါသည်။

၃။ The Gospel of Jesus : ဂရိအတွေးအခေါ်ပညာရှင်များ၊ ရောမဥပဒေပညာရှင်များ၏ တန်းတူညီမျှခြင်းဆိုင်ရာ အယူအဆများကို ခရစ်ယာန်ဘာသာ အယူဝါဒမှ များစွာအရှိန်အဟုန်မြင့်မားစေလာပါသည်။ ယေရှုခရစ်၏ ဆုံးမသြဝါဒများတွင် လူသားများ၏ အသက်အပေါ် လူသားများစီရင်ဆုံးဖြတ်ခွင့်မရှိကြောင်း၊ ကောင်းကင်ဘုံမှ အဖခမည်းတော်ဘုရားသခင်မှသာ စီရင်နိုင်ခွင့်ရှိကြောင်း၊ လူသားများသည် တရားမျှတ၍ အကြင်နာတရားကြီးမားသော အဖခမည်းတော်ဘုရားသခင်၏ ချစ်လှစွာသော သားသမီးများဖြစ်ကြောင်း၊ ဘုရားသခင်သည် အနန္တတန်ခိုးရှင်ဘုရားသခင်ဖြစ်ကြောင်းများ ပါဝင်ပါသည်။ ယေရှုခရစ်၏ တပည့်တော်၊ တမန်တော် ပေါလုမှ ဂါလတိမြို့သားများအား "ယေရှု၌ ယုဒ မရှိ၊ ဟေလသ လူမရှိ၊ ကျွန်မရှိ၊ လူလွတ်မရှိ၊ ယောကျ်ား မရှိ၊ မိန်းမမရှိ၊ ထိုသခင်၌ သင်တို့အပေါင်းသည် တလုံးတဂတည်းဖြစ်ကြ၏။" ***(ဂလာတိသြဝါဒစာ ၃း၂၈)*** ဆိုသောအချက်အားထောက်၍ Lipson မှ ဥပဒေအယူအဆတရပ်ဖန်တီးကာ " ကျွန်ပ်သည် ရောမနိုင်ငံသားဖြစ်၍ ရောမလူမျိုးဖြစ်သည် " ဟူ၍ "တတိုင်းပြည်တလူမျိုး စံနစ်တရပ်" ဥပဒေဘောင်အတွင်းမှ ကျင့်သုံးလာကြသည်။ မည်သို့ပင်ဆိုစေကာမူ ယေရှု၏ ဆုံးမသြဝါဒသည် တန်းတူညီမျှခြင်းကို ဦးတည်ပြီး မညီမျှမှုများအား လျှော့ပါးစေပါသည်။

**ခေတ်နှင့်အညီ ဖြစ်ပေါ်လာသော တန်းတူညီမျှခြင်း**

အနောက်နိုင်ငံများသမိုင်းတွင် တန်းတူညီမျှခြင်းအရာ၌ ထင်ရှားမှတ်သားဖွယ်ရာဖြစ်ပေါ်တိုးတက်လာသော အချိန်အပိုင်းကြီး (၂) ရပ် တွေ့မြင်နိုင်ပါသည်။ ပထမအပိုင်းသည် stoicism ပေါ်ထွန်းလာချိန် ဘီစီ (၃) ရာစုမှစ၍ နှစ်ပေါင်း (၅၀၀) ကြာမြင့်ပြီး ဒုတိယအပိုင်းသည် (၁၇) ရာစုအလယ်မှ (၁၈) ရာစုအစောပိုင်း (1750 – 1815 A.D) အထိဖြစ်ပြီး ၎င်း၏ အကျိုးသက်ရောက်မှုသည် (1815 – 1914 A.D) အထိ ဖြစ်သည်။ နောက် ဆုံးအပိုင်းအဖြစ် ၁၉၁၄ ခုနှစ်မှ ယနေ့အချိန်ထိ သတ်မှတ်နိုင်မည် ဖြစ်ပါသည်။ တန်းတူညီညီမျှခြင်း အယူအဆ တိုးတက်လာပုံအား (၁) ၁၈ ရာစု တန်းတူညီမျှခြင်း (၂) ၁၉

ရာစုနှင့် ၂၀ ရာစု တန်းတူညီမျှခြင်းဟူ၍ ပိုင်းခြားလေ့လာခြင်းဖြင့် ပိုမိုအဆင်ပြေနိုင်မည် ထင်ပါသည်။

**(၁၈) ရာစု တန်းတူညီမျှခြင်း**

(၁၈) ရာစု တန်းတူညီမျှခြင်းသည် ကြီးမားသောတော်လှန်ရေးကြီး (၃) ခုဖြစ်သည့် ဗြိတိသျှတော်လှန်ရေး (၁၆၄၀ - ၁၆၈၈)၊ အမေရိကန်တော်လှန်ရေး (၁၇၇၆ - ၁၇၉၁) နှင့် ပြင်သစ်တော်လှန်ရေး (၁၇၈၉) တို့နှင့် များစွာဆက်စပ်နေပါသည်။ ဤတော်လှန်ရေးကြီး (၃) ခုတွင် တူညီသော ခံယူချက်ကြီးတရပ် ပေါ်ပေါက်လာကြောင်း တွေ့နိုင်ပါသည်။ ပထမမှာ Thomas Jefferson မှ ၁၇၇၆ ခုနှစ်တွင် "လူသားအားလုံးသည် တန်းတူညီမျှစွာ ဖန်တီးထားသည်" ဟု ကြေညာခဲ့ပြီး၊ အမေရိကန် လွတ်လပ်ရေးကြေညာစာတမ်းတွင်လည်း ဤကဲ့သို့ပင် ထုတ်ဖော်ကြေညာစာတမ်း (၁၇၈၉) တွင် " လူသားများသည် လွတ်လပ်၍ တန်းတူညီမျှသော အခွင့်အရေးကိုယ်စီဖြင့် မွေးဖွားသန္ဓေစင်လာကြပြီး ဤအတိုင်း ဆက်လက်တည်ရှိသည် " ဟု ကြေငြာထားပါသည်။ ဤကဲ့သို့ ပင် ၁၇၉၃ ခုနှစ်၊ ပြင်သစ်နိုင်ငံ၌ အတည်ပြုခဲ့သော Declaration des Droeits de I'Homme et du Citoyen " တွင် အစိုးရသည် လူသားများ၏ သဘာဝနှင့်ညွှန်းဖွဲ့၍ မရနိုင်သောအခွင့်အရေးများခံစားနိုင်ရန် အာမခံပေးသောအဖွဲ့အစည်းဖြစ်သည်။ ၎င်းအခွင့်အရေးများသည် တန်းတူညီမျှခြင်း၊ လွတ်လပ်ခြင်း၊ လုံခြုံခြင်းနှင့်ဥစ္စာဓနပိုင်ဆိုင်ခြင်းတို့ ဖြစ်သည်။ သဘာဝတရားအရသော်လည်းကောင်း၊ ဥပဒေရှေ့မှောက်၌ သော်လည်းကောင်း၊ လူသားအားလုံးသည် တန်းတူညီမျှသည် " ဟု ကြေငြာထားပါသည်။

ဤရာစုအတွင်း တန်းတူညီမျှခြင်းအယူအဆသည် ဆင်ခြင်ခြင်းအဓိကဝါဒများ၊ ဘာသာရေးဆိုင်ရာအယူအဆများမှများစွာ ကျောထောက်နောက်ခံပြုခဲ့ကြပါသည်။ နိုင်ငံရေးအတွေးအခေါ်ပညာရှင်များ၊ စာရေးဆရာများမှ အခြေခံအတွေးအခေါ်များ ချမှတ်ရေးဆွဲနိုင်ခဲ့ကြပါသည်။ ပညာရှင်ကြီးများဖြစ်ကြသော Locke, Voltaire, Rousseau, Jefferson နှင့် Paine တို့မှလည်း လူတစ်ဦးချင်းစီ၏ လွတ်လပ်ခြင်း၊ တန်းတူညီမျှခြင်းဆိုင်ရာ အခွင့်အရေးများအကြောင်း ရှင်းလင်းစွာ ဖွင့်ဆိုနိုင်ခဲ့ကြပါသည်။ ဤရာစုအတွင်း သမိုင်းမှတ်တိုင်အဖြစ် အထင်အရှားတွေ့ရှိချက်များမှာ "တန်းတူညီမျှခြင်းသည် မွေးရာပါအခွင့်အရေး" နှင့် "ဥပဒေရှေ့မှောက်တွင် လူသားတိုင်း တန်းတူညီမျှသည်" ဟူသော အချက်များပင်ဖြစ်ပေသည်။ ထို့ပြင် "အခွင့်ထူးခံကင်းစင်ခြင်း" နှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးများတွင်လည်း တန်းတူညီမျှမှုအခွင့်အရေးများ မှတ်သားလောက်ဖွယ် တွေ့ရှိရ ပါသည်။

**(နောက်လတွင် ဆက်လက်တင်ဆက်သွားမည်)**

# လူနေအိမ် သမိုင်း အကျဉ်း

**ဆလိုင်း ကစ်(ပ်) ခိုလျန်**

## အပိုင်း (၁)

နှစ်ပေါင်းရာထောင်မက ရှည်ကြာခဲ့သည့် ရေးလွန်လေပြီးသောကာလတွင် ကမ္ဘာတလွှားခြေဆန့်ခဲ့သည့် ရှေးဦးလူသားသည် ကျောက်ဂူတို့ကို မိမိတို့၏ သဘာဝနေအိမ်များအဖြစ် အသုံးပြုခဲ့ကြရသည်။ နောက်ပိုင်းတွင် လူသားသည် စိုက်ပျိုးမှုနည်းပညာကိုတွေ့ရှိခဲ့ရာမှ ဂူများမှ ထွက်လာခဲ့ကြပြီး မြေကြီးကို တူးစွစိုက်ပျိုးကာ နေထိုင်စားသောက်လာကြသည်။ ကမ္ဘာ့ရှေးဦး လူနေအိမ်များကို တည်ဆောက်ကာနေထိုင်လာကြသည်။ လူနေအိမ်များသည်လည်း မိမိတို့ တနေကုန်တနေခန်း စိုက်ပျိုးလုပ်ကိုင်ကြသည့် လယ်ယာမြေများနှင့် မလှမ်းမကမ်းတွင်တည်ရှိခဲ့ကြသည်။ ထိုကာလများတွင် အိမ်တအိမ်ချင်းစီတွင် မျိုးဆက်ပေါင်း လေးငါးဆက်ခန့်မက အတူတကွနေထိုင်ခဲ့ကြပြီး ကြီးမားသောမိသားစု၊ အစုအဖွဲ့သည် အမိုးတခုတည်းအောက်တွင် အတူတကွနေထိုင် စားသောက်ကြသည်။ ထိုကာလတွင် အိမ်ဟူသည်မှာ ကလေးသူငယ်များနှင့် လူငယ်များကို လယ်ယာစိုက်ပျိုးမှု အတတ်ပညာနှင့်ဆက်နွယ်သည့် အသက်မွေးဝမ်းကျောင်းပညာများကို သင်ကြားပေးသည့် “ကျောင်း” လည်းဖြစ်ပေသည်။ ထို့အပြင် နေအိမ်ဟူသည်မှာ အသက်အရွယ်ကြီးရင့်သူများနှင့် မနာမကျန်းဖြစ်သူများအားပြုစုရာ “ဆေးရုံ” လည်း ဖြစ်ခဲ့သည်။ တနည်းအားဖြင့် နေအိမ်ဟူသည်မှာ ထိုခေတ်ထိုကာလတွင် လူမှုလုပ်ငန်းအဝဝ၏ ဗဟိုပြုရာနေရာ center of all social activites တခုဖြစ်ခဲ့သည်။

စိုက်ပျိုးမှုတော်လှန်ရေးကြီးကို စတင်လိုက်သည့် လူသားသည် ပထမဦးဆုံးသော လူနေအိမ်ကို တည်ဆောက်ခဲ့ရာမှစတင်ပြီး “လူ့ယဉ်ကျေးမှု” လိုင်းတခု စတင်မွေးဖွားရှင်သန်လာရသည်။ ထိုအချိန်မှစတင်ပြီး လူသားသည် နည်းပညာအသစ်အဆန်းများကို တခုပြီးတခု တီထွင်တွေ့ရှိခဲ့ကြပြီး လူမှုအပြောင်းအလဲလှိုင်းလုံးများ တခုပြီးတခု၊ ဆင့်ကဲဆင့်ကဲဖြစ်ပေါ်စေခဲ့ရာ ရာစုနှစ်ပေါင်းမြောက်မြားစွာအတွင်း အသစ်အသစ်သော လူ့ယဉ်ကျေးမှုများသည် ကြွေကျပျက်စီးသွားကြသည့် လူ့ယဉ်ကျေးမှုအဟောင်းတို့ကို အစားထိုးဝင်ရောက်ကာ လူ့အဖွဲ့အစည်းသည်လည်း ဆင့်ကဲဆင့်ကဲ ပိုမိုမြင့်မားသည့် တိုးတက်ပြောင်းလဲမှုအဆင့်ဆင့်တို့ကို ဖြတ်သန်းခဲ့ကြရသည်။

## "လူထု" အခြေပြု လူ့အဖွဲ့အစည်း mass society ပေါ်ပေါက်လာခြင်း

ကုန်လွန်ခဲ့သည့် နှစ်ပေါင်း ၃၀၀ ခန့်တွင် လူသားသည် ပိုမိုတိုးတက်သည့် နည်းပညာတရပ်ကို တွေ့ ရှိကာ "စက်" ပစ္စည်းကို တီထွင်ခဲ့ကြသည်။ စက်ပစ္စည်းများသည် လူသားတို့အေးအေးလူလူ လုပ် ကိုင်စားသောက်ရာ လယ်ယာတောများအတွင်းသို့ ကျူးကျော်ဝင်ရောက်ကာ လူသားတို့၏အလုပ် ကို စက်များက လုယူလာကြသဖြင့် စိုက်ပျိုးမှု ကမ္ဘာတခွင်လုံး အုတ်အော်သောင်းနင်း ကမောက်ကမ ပြောင်းပြန်အလှန်ခံရကာ လူသားလောကတခုလုံး ပြောင်းဆန်ခဲ့ရသည်။ လယ်သမားတို့သည်လည်း လယ်ယာမြေတို့ကို စွန့်ခွာခဲ့ကြရပြီး တချိန်ကသာယာသော လူနေအိမ်ကြီးသည်လည်း အလုတရား တို့ကင်းမဲ့ကာ ရာစုနှစ်ပေါင်းမြောက်မြားစွာ မိသားစုသိုက်သိုက်ဝန်းဝန်း အတူတကွနေထိုင်ခဲ့ကြသည့် လူးသားဘိုးဘေးတို့၏ မိသားစုဘဝသည်လည်း ယိမ်းယိုင်ပျက်စီးခဲ့ရသည်။

စက်မှုတော်လှန်ရေးကြီးသည် လူ့ယဉ်ကျေးမှုအသစ်တရပ်ကို သယ်ဆောင်လာပြီး လူသားသည် ကမ္ဘာ့မြေမျက်နှာပြင်တခွင် မှိုလိုပေါက်လာသည့်စက်ရုံများတွင် အလုပ်လုပ်ရန်အတွက် မြို့ကြီးပြကြီး များသို့ အစုလိုက်အပြုံလိုက် ပြောင်းရွှေ့နေထိုင်ကြရသည်။ အခြေအနေအရပ်ရပ်တို့သည် တချိန်က မိသားစုစိတ်ဓါတ်များ အထွတ်အထိပ်သို့ရောက်ခဲ့သည့် ကျေးလက်ဒေသအခြေခံသည့် စိုက်ပျိုးမှု တော်လှန်ရေးကာလနှင့် မတူတော့ပေ။ လူသားသည် အသစ်ပေါ်ထွန်းလာသော စက်မှုခေတ်ယဉ် ကျေးမှုက ဖန်တီးပေးလိုက်သည့် "လူထု" အခြေပြု လူ့အဖွဲ့အစည်းသစ် **mass society** ၏ အစိတ် အပိုင်းတခုဖြစ်လာရသည်။ အလုပ်သမားထု၊ ကျောင်းသားထု၊ စသည်ဖြင့် လူထုလူတန်းစားများ ပေါ်ပေါက်ခဲ့သည်။

စက်မှုတော်လှန်ရေးကြီးနှင့်အတူ ***mass*** production, ***mass*** consumption, ***mass*** media and ***mass*** education အစရှိသည့် ထုနှင့်ထည်နှင့် ကုန်ထုတ်လုပ်ခြင်း၊ စားသုံးခြင်း၊ သတင်းဖြန့်ချီခြင်း၊ ပညာသင်ကြားခြင်းတို့ကိုမြင်တွေ့လာကြရသည်။ စက်ရုံအလုပ်ရုံများတွင် စက်ကဲ့သို့ အလုပ်လုပ်မည့် အလုပ်သမားထုကို လူ့အဖွဲ့အစည်းက ဖန်တီးပေးလာရသည်။ အစုလိုက်အပြုံလိုက် ထုတ်လုပ်သည့် ကားစက်ရုံများ၊ သံမဏိစက်ရုံများ၊ ရော်ဘာစက်ရုံများ၊ ခြည်မျှင်နှင့် အထည်စက်ရုံများစသည်ဖြင့် ကမ္ဘာတခွင်တွင် အမျိုးပေါင်းစုံလင်သည့် စက်ရုံအမြောက်အမြား ပေါ်ပေါက်ခဲ့သည်။

"အလုပ်"၊ "အလုပ်သမား" အစရှိသည့် ဝေါဟာရများသည် ခေတ်စံနစ်နှင့်အညီ ပေါ်ပေါက်လာသော ဝေါဟာရများဖြစ်ကြသည်။ မြေယာ၊ လုပ်အား၊ အရင်းအနှီးစသည်တို့သည် ကုန်ထုတ်လုပ်ရေးအ တွက် အရေးကြီးသော အခြေခံအစိတ်အပိုင်းများဖြစ်လာကြသည်။ စက်ရုံ၊ အလုပ်ရုံတို့မှချမှတ်ထား သော သံမဏိစည်းကမ်းအောက်တွင် ကြွက်များ အလုအယက် အစာရှာစားသကဲ့သို့ နံနက် ၉ နာရီမှ

ညနေ ၅ နာရီအထိ အလုပ်လုပ်ကြရသဖြင့် "the 9-5 rat race" ဟူသည့် ဝေါဟာရပင်ပေါ်ပေါက်ခဲ့သည်။ အလုပ်သမားများကို ထိထိရောက်ရောက် ထိမ်းချုပ်နိုင်ရန်အတွက် အချိန်ကို တိတိကျကျ တိုင်းတာနိုင်သည့် "နာရီ" ဟူသော စက်တမျိုးကို တီထွင်ဖန်တီးလာကြသည်။ ယင်း "နာရီ" ဟူသော စက်၏ ထိမ်းချုပ်မှုအောက်တွင် အလုပ်သမားသည် နံနက်တိုင်း အချိန်မှန်မှန်ထကာ အလုပ်ရုံသို့ အချိန်မီရောက်လာကြရသည်။ အဝတ်အစားများကိုလည်း တမျိုးတစားတည်းဝတ်ဆင်ကာ သတ်မှတ်ထားသည့်အချိန်တွင် အလုပ်ရုံသို့ တချိန်တည်း တိတိကျကျရောက်လာကြရပြီး စက်ရုံ၏ သံမဏိစည်းကမ်းအောက်တွင် စက်များ၏ မြည်သံနှင့်အတူ အတိုင်အဖေါက်ညီညီ အလုပ်လုပ်ကြရသည်။ တချိန်က biological clock ခေါ် လူ့ခန္ဓာကိုယ်ရှိ ဇီဝဘဝအရ သတ်မှတ်သော "အချိန်" သည်လည်းကောင်း၊ လင်းကြက်တွန်သံကို မှီခိုအားထားကာ နံနက်အိပ်ရာမှနိုးထခဲ့ကြရသည့် ခေတ်သည်လည်းကောင်း အသုံးမတည့်တော့ပေ။ ဟောင်းနွမ်းသွားသော စိုက်ပျိုးမှုတော်လှန်ရေးသည် အသစ်သော စက်မှုယဉ်ကျေးမှုကို နေရာဖယ်ပေးခဲ့ရသည်။

**အစိတ်စိတ် ကွဲသွားသော မိသားစု အဆောက်အအုံ**

မိသားစုဘဝသည် ယခင် ကျွန်ုပ်တို့ ဘိုးဘေးတို့ခေတ်နှင့်မတူ၊ လုံးဝဥသုံပြောင်းလဲသွားခဲ့ပြီဖြစ်သည်။ ယောကျာ်းလုပ်သူက ရုံး သို့မဟုတ် စက်ရုံတွင် အလုပ်လုပ်ရပြီး၊ မိန်းမလုပ်သူက အိမ်တွင်းအောင်းကာ ကလေးများကို ပြုစုပျိုးထောင်ရသည်။ မိသားစုဝင်များက ဖအေလုပ်သူ လုပ်ကိုင်သော "အလုပ်" ၏ သဘောသဘာဝကို မသိရှိကြပေ။ စိုက်ပျိုးမှုခေတ်က တမိသားစုလုံး အတူတကွ အလုပ် လုပ်ခဲ့ကြသည့်ခေတ်နှင့် အကွာကြီးကွာခြားသွားခဲ့သည်။ တချိန်တွင် ကုမ္ပဏီအရာရှိကြီးတဦးက သူ့သားမယားကို အလုပ်ထဲခေါ်လာရာ ဖအေလုပ်သူ၏ ထည်ဝါခမ်းနားသော ရုံးတွင်းအပြင်အဆင်ကိုတွေ့ခဲ့ရပြီး အနီးအနားက ပထမတန်းစား စားသောက်ဆိုင်တွင် ထမင်းအတူ စားသောက်ကြအပြီးတွင် သားလုပ်သူကမေးသည်မှာ "ဖေဖေက အဲဒီလောက်တောင်ချမ်းသာနေတာ၊ သားတို့ကျတော့ ဘာလို့ဆင်းရဲရတာလဲ" ဟူ၏။ ဤသည်မှာ စက်မှုတော်လှန်ရေးကြီးကြောင့် မိသားစုများ အစိတ်စိတ်ကွဲသွားရပုံ၊ မိသားစုအတွက် ငွေရှာရသည့် "ချမ်းသာသော" ဖအေလုပ်သူနှင့် "ဆင်းရဲသော" မိသားစုဝင်များဟူ၍ အစိတ်စိတ်ကွဲသွားရသည့် မိသားစုအဆောက်အအုံ၏ သာဓကတခုပင်ဖြစ်ပေသည်။

ယခင် စိုက်ပျိုးမှုခေတ်ကာလတွင်မူ မိသားစုဝင်အားလုံးသည် ကလေး၊ လူကြီး၊ မိန်းမမရွေး လယ်တောထဲတွင် မိမိတို့အသီးသီး ခွန်အားရှိသလောက် စိုက်ထုတ်ကာ တန်းတူအလုပ်လုပ်ခဲ့ကြသည်။

စက်မှုခေတ်တွင် မိသားစုပုံသဏ္ဍာန်သည် တမဟုတ်ချင်း ပြောင်းလဲသွားခဲ့ပြီဖြစ်သည်။ စက်ရုံအလုပ်ရုံလုပ်ငန်းခွင်များတွင် အမျိုးသမီးများနှင့်ကလေးများကို ပါဝင်ခွင့်ပေးလာကြသည့်နေရာများတွင်ပင်

၎င်းတို့အား ကုန်လုပ်စွမ်းအားပြည့်မီမှုမရှိ non-productive ဟုဆိုကာ လုပ်ခလစာ အပြည့်အဝ မပေးပဲ အနိမ့်ခံဘဝတွင် ထားခဲ့ကြသည်။ လူ့ကြွက်သားခွန်အားကိုပါ လိုအပ်နေသေးသော စက်ရုံအလုပ်ရုံများတွင် ကြွက်သားပြိုင်းပြိုင်းနှင့် အမျိုးသားများသာ လုပ်ခလစာအပြည့်ရကြသည်။

စက်မှုခေတ်ကြီးတခုလုံးကို အဆိုးမြင်ရှု့ချကာ စိုက်ပျိုးမှုတော်လှန်ရေးခေတ်အား တဖက်သတ်အမွှန်းတင်နေခြင်းမဟုတ်ပါ။ စိုက်ပျိုးမှုခေတ်တလျှောက် ပဒေသရာဇ် မင်းစိုးရာဇာအရာရှိကြီးငယ်တို့က ယနေ့ခေတ် ကျွန်ုပ်တို့ခံစားရသည့် ဒီမိုကရေစီအခွင့်အရေးမျိုး တစုံတရာဘာတခုမှမပေးပဲ ထင်ရာစိုင်းအနိုင်ကျင့် အုပ်ချုပ်ခဲ့ကြသည်ကို မသိကျိုးကျွန်ပြုကာ စိုက်ပျိုးမှုခေတ်ကြီးကို အမွှန်းတင်ရန် မဖြစ်နိုင်ပါ။ ယင်းအတိတ်ဟောင်းကြီးကို အမွှန်းတင်ရန် အကြောင်းမရှိပါ၊

နေ့စဉ်နှင့်အမျှ ကျွန်ုပ်တို့၏ဘဝထဲတွင် ချည်းနင်းဝင်ရောက်လာနေသော အနာဂတ်ဆီကိုသာ တစိုက်မတ်မတ် ရွှေ့လျားကြရမည်သာ ဖြစ်ပါသည်။

ယေဘုယျအားဖြင့် စိုက်ပျိုးမှုလူ့အဖွဲ့အစည်းအား လက်တဆုပ်စာ မင်းစိုးရာဇာတို့က ချုပ်ကိုင်ခဲ့သည်။ နိုင်ငံရေး၊ စီးပွားရေးလောကတို့တွင် လူထုပါဝင်ဆုံးဖြတ်ပိုင်ခွင့်ရှိသည့်တိုင်အောင် အလွန်နည်းပါးသော လူတစုသာပါဝင်ခွင့်ရကြပါသည်။ ရိုးစင်းသော စိုက်ပျိုးမှုခေတ်နှင့်နှိုင်းယှဉ်လျှင် ပိုမိုရှုပ်ထွေးလာသော စက်မှုခေတ်လူ့အဖွဲ့အစည်းတွင် အုပ်ချုပ်သူများအနေနှင့် စီမံခန့်ခွဲဆုံးဖြတ်ရသည့် ဝန်ထုတ်ဝန်ပိုးသည် အဆမတန် ပိုမိုကြီးမားလာသည့်အလျောက် လူထုလူတန်းစားအသီးသီး၏ ပါဝင်မှုသည် မရှိမဖြစ်သော ကိစ္စဖြစ်လာရသည်။ ထို့ကြောင့်လည်း လူထုလူတန်းစားများ ကျယ်ကျယ်ပြန့်ပြန့်ပါဝင်ရေးကို အပြင်းအထန်တောင်းဆိုသည့် ဒီမိုကရေစီတော်လှန်ရေးများ ပေါ်ပေါက်ခဲ့သည်။ အမှန်တကယ်တွင်မူ စက်မှုတော်လှန်ရေးကြီးသည် ရှေးယခင်က မရှိခဲ့ဘူးသေးသည့် ဒီမိုကရေစီစံနစ်နှင့် လူ့အခွင့်အရေးများကို မွေးဖွားပေးခဲ့ခြင်းဖြစ်သည်။

**လူထုပညာရေး mass education ပေါ်ထွန်းခြင်း**

စက်မှုခေတ်ကို အလုပ်အကျွေးပြုရန်အတွက် စည်းကမ်းသေဝတ်သော စက်မှုလုပ်သားများကို အဆက်မပြတ် မွေးထုတ်ပေးရန် လိုအပ်လာသည်။ ယင်းလိုအပ်ချက်ကို ဖြည့်ဆည်းရန်အတွက် လူထုပညာရေး **mass education** သည်ပေါ်ပေါက်ခဲ့ရသည်။ ကျောင်းသားငယ်လေးများသည် ကျောင်းချိန်နှင့် အချိန်ကိုက်ရောက်လာကြရပြီး ကျောင်းခေါင်းလောင်းထိုးသံကို အကျင့်သားရအောင် လေ့ကျင့်ပေးရသည်။ စက်ရုံအလုပ်သမားများကဲ့သို့ပင် စာသင်ခန်းထဲမဝင်မီ ကျောင်းရှေ့ကွင်းပြင်တွင် တန်းစီကာ စာသင်နေ့ကို စတင်ကြရသည်။

လူထုပညာရေးသည် အခြေခံအားဖြင့် ကျောင်းသားများကို ရုံးများ သို့မဟုတ် စက်ရုံများတွင် အနာဂတ် လုပ်သားကောင်းများဖြစ်လာရန် ကြိုတင်ပြင်ဆင်ပေးခြင်းဖြစ်သည်။

"ကျောင်းတက်၊ ပညာသင်၊ တက္ကသိုလ်ဘွဲ့ယူ၊ အလုပ်လုပ်ပြီး လခစားဘဝမှာ တင့်တင့်တယ်တယ် နေ။" ဤသည်မှာ စံအဖြစ်ထားအပ်သော အသက်ရှင်ရပ်တည်ရာ လမ်းမှန်သဖွယ်ဖြစ်ခဲ့သည်။ ပုံမှန် လစာလေးစားပြီး အသက်မွေးခြင်းသည် လူတော်တို့၏အလုပ်ဟု အများတကာက ယုံကြည်လာ အောင် ရိုက်သွင်းခဲ့ကြသည်။ ကျောင်းပညာ ညံ့ဖျင်းသူ၊ ပညာမတတ်သူသည် အလုပ်သမားဘဝကို ခံ ယူကြရသည်။

စက်မှုခေတ် လူနေအိမ်သည်လည်း ရှေးယခင် စည်ကားပြီးဆူညံနေသော အိမ်နှင့်မတူတော့ပဲ၊ ဆိတ်ငြိမ်လျက် အထီးကျန်လှသည်။ ယောကျ်ားများက ငွေရှာအလုပ်လုပ်၊ ကလေးများကကျောင်း တက်နေစဉ် အမျိုးသမီးများက အိမ်မှုကိစ္စတို့ ကိုတာဝန်ယူကြရသည်။

## အပိုင်း (၂)

### အိမ်အပြန်လမ်း

(၂၁) ရာစုနှစ်အတွင်းသို့ ချည်းနင်းဝင်ရောက်လာသည့် ယနေ့အချိန်အခါတွင် နေအိမ်တွင် အလုပ် လုပ်ကာ အသက်ရှင်ရပ်တည်ကြသူများ နေ့စဉ်နှင့်အမျှ တိုးပွားများပြားလာပြီး နေအိမ်မှ ငွေရှာစားသူ မီလီယံနှင့်ချီ ရှိလာပြီဖြစ်သည်။ တနေ့ထက်တနေ့ ဈေးနှုန်းချိုချိုသာသာဖြင့် ရရှိလာနိုင်ပြီဖြစ်သော Internet, PC, Apples, smartphones အစရှိသည့် ထိရောက်မြန်ဆန်အားကောင်းသည့် အဆင့် မြင့် ဆက်သွယ်ရေးတက်နိုလိုဂျီကိရိယာများသည် လူသားတို့၏ မူလအစ ပထမကာလများတွင် လူမှု ရေးဘဝများ၏ ဗဟိုပြုရာဖြစ်သည့် "နေအိမ်" များဆီသို့ ကျွန်ုပ်တို့အား ပြန်လည်တွန်းပို့ခေါ်ဆောင် နေပြီဖြစ်သည်။

### အစိတ်စိတ်ကွဲသွားသော လူထု demassification နှင့် မတူကွဲပြားသောလူ့အဖွဲ့အစည်း diversified society

တချိန်က အားကောင်းခဲ့သော စက်မှုခေတ် ဗဟိုဦးစီးစံနစ် **centralization** နေရာတွင် လျော့နည်း သော ဗဟိုဦးစီးစံနစ် **decentrali-zation** သည် သတင်းခေတ် တော်လှန်ရေးကြီးနှင့်အတူ ကပ်ပါလာ ခဲ့သည်။ စက်မှုခေတ်က ဖန်တီးခဲ့သည့် "လူထု" သည်လည်း အစည်းပြေခဲ့ပြီး အစိတ်စိတ်ကွဲစပြုနေပြီ ဖြစ်သည်။ ကျွန်ုပ်တို့သည် စက်မှုခေတ်ဟောင်းကိုစွန့်ခွာခဲ့ကြပြီဖြစ်သည်။ တချိန်က ကျွန်ုပ်တို့၏ ဘိုး ဘေးတို့သည် မိမိတို့၏ လယ်တောယာခင်းနေအိမ်များအား စွန့်ခွာပြီး စက်ရုံ၊ အလုပ်ရုံနှင့်ရုံးများရှိရာ သို့ ပြောင်းရွှေ့ခဲ့ကြဖူးသည့်အဖြစ်ကို အမှတ်ရစရာကောင်းပေသည်။ ယခုတဖန် ပိုမိုမြင့်မားသော

အဆင့်တခုတွင် နေအိမ်များသို့ ပြန်လည်ဝင်ရောက်ကာ နေအိမ်အတွင်းမှနေ၍ ဝမ်းစာရှာဖွေစားသောက်ရသည့် ယဉ်ကျေးမှုတရပ် ပြန်လည်ထွန်းကားလာခြင်းဖြစ်သည်။ အတိတ်ကာလကကဲ့သို့ပင် ကမ္ဘာတလွှား အပြောင်းအလဲလှိုင်းဂယက်အသစ်တခု တိုက်ခတ်လာနေပြီဖြစ်သဖြင့် ခေတ်သစ်နှင့် ယှဉ်ကာ အသက်ရှင်ရပ်တည်နိုင်ရန် လိုအပ်လာသည်။

အစုလိုက်အပြုံလိုက် ကုန်ထုတ်လုပ်သော ကားစက်ရုံများ၊ သံမဏိစက်ရုံများ၊ ရော်ဘာ၊ ချည်မှင်နှင့် အထည်စက်ရုံများအစရှိသည့် အစဉ်အလာအားဖြင့် စက်မှုအခြေပြု စီးပွားရေးစံနစ်ကြီး၏ ကျောရိုးများသည်လည်း အဆင့်မြင့်ကွန်ပြူတာ ဆော့ဝဲများဖြင့် မောင်းနှင်သည့် ရိုဘုတ် ခေါ် လူကဲ့သို့ အလုပ်လုပ်နိုင်သော စက်ရုပ်များက အစားထိုးဝင်ရောက်လာကြပြန်သဖြင့် အလုပ်သမား အမြောက်အမြား အလုပ်လက်မဲ့ဖြစ်ခဲ့ကြရပြီး၊ ယင်းသို့ အလုပ်လက်မဲ့ဖြစ်သွားကြသော အလုပ်သမားများသည် ယင်းစက်ရုံများတွင် တနေ့တချိန်တွင် အလုပ်အကိုင်ပြန်လည်ရရှိရန် မျှော်လင့်ချက်အလားအလာ မရှိတော့ပေ။ တချိန်က လယ်ယာတောများဆီသို့ လယ်ထွန်စက်အမျိုးမျိုးက အစားထိုးဝင်ရောက်ကာ လယ်သမားများအား အညာအတာကင်းမဲ့စွာ မောင်းထုတ်ခဲ့သကဲ့သို့ ယခုတဖန် စက် ရုံအလုပ်သမားများသည်လည်း စက်ရုံများမှ အတင်းအဓမ္မ အမောင်းထုတ်ခံခဲ့ရပြန်ပြီဖြစ်သည်။ ကြွက်သားပြိုင်းပြိုင်းနှင့် အလုပ်သမားများသည် ယနေ့စက်ရုံများတွင် မလိုအပ်တော့ပေ။ လူ့စဉ်းစားညဏ်ကို အနည်းငယ်သာအသုံးပြုရပြီး လုပ်အားကိုသာ အသုံးပြုကာ လုပ်ရသည့်အလုပ်မျိုးအနက် ဥပမာအားဖြင့် တူထုခြင်း၊ ဆေးသုပ်ခြင်း၊ ဝက်အူလှည့်ခြင်း၊ စက်ပစ္စည်းအပိုင်းအစတခုကိုတပ်ဆင်ခြင်း အစရှိသည့် အလုပ်တခုတည်းကို ထပ်ခါတလည်းလည်း လုပ်ရသည့် **repetitive works** တို့နေရာတွင် ကွန်ပျူတာနှင့် မောင်းနှင်သော **robots** ခေါ် စက်ရုပ်များက အစားထိုးဝင်ရောက်ခဲ့ပြီဖြစ်သည်။

နေရာတကာတွင် ကုန်ထုတ်လုပ်မှု ပုံစံအသစ်များကိုတွေ့ရှိလာကြရသည်။ စားသုံးသူများကိုယ်တိုင်ပါဝင်လာရသည့် **co-production** စံနစ်သစ်များ **customized production** ခေါ် စားသုံးသူတဦးချင်း၏ အကြိုက်ကိုလိုက်ကာ ကုန်ထုတ်လုပ်ခြင်း၊ ထို့အပြင် အီလက်ထရောနစ်၊ ကွန်ပြူတာ၊ **genetics, smart phones, aerospace, alternative energy** နှင့် ဝန်ဆောင်မှုလုပ်ငန်းအသစ် အမြောက်အမြားသည် (၂၁) ရာစုနှစ်နှင့်အတူ တိုးပွားများပြားစွာ မှိုလိုပေါက်ကာပေါ်ထွက်လာပြီဖြစ်သည်။

### မတူကွဲပြားသော လူမှုမီဒီယာ များထွန်းကားလာခြင်း

ယနေ့ တက်နိုလိုဂျီ နည်းပညာသစ်များသည် ယခုဗဟိုဦးစီးစံနစ်ကို ကျားကန်ပေးခဲ့သည့် နည်းပညာများကဲ့သို့ မဟုတ်တော့ပေ။ **Direct broadcast satellite, cable, podcasting, blogging နှင့်**

**networking** စသည်ဖြင့် နည်းပညာနှင့် နည်းနာမျိုးစုံပေါ်ပေါက်ခဲ့ပြီး၊ မတူကွဲပြားကြသည့် အစုအဖွဲ့ ငယ်လေးများအသီးသီးအတွက် ဝန်ဆောင်မှုပေးနိုင်သည့် မီဒီယာများကို တွေ့မြင်လာရသည်။ တချိန်က တန်ခိုးအရှိန်အဝါ ကြီးမားခဲ့သည့် **mass media** များ၏ နေရာတွင် လူမှုမီဒီယာ **social media** များ ဖြစ်ကြသည့် **Facebook, Twitter, LinkedIn, Google +** တို့သည် အစားထိုးဝင်ရောက်ခဲ့ပြီဖြစ်သည်။ ယင်း လူမှုမီဒီယာများမှတဆင့် အကျိုးစီးပွားအမျိုးမျိုးကွဲပြားခြားနားသော **diversed interest groups** တို့သည် မိမိတို့အတွက် အရေးကြီးသော သတင်းအချက်အလက်များကို ချက်ခြင်းလက်ငင်း ငွေကုန် ကြေးကျနည်းနည်းဖြင့် လွယ်လင့်တကူ ဖလှယ်နိုင်ကြသည်။ ယခင်က အားကောင်းခဲ့သော **mass media** ခေတ်သည် ကုန်ဆုံးတော့မည်ဖြစ်သည်။

## နေအိမ်အခြေပြု ပညာရေးစံနစ်ပေါ်ထွန်းလာခြင်း

အစိတ်စိတ်ကွဲပြားသော သင်တန်းများ **demassified trainings** နှင့် လူနေအိမ်အခြေပြု ပညာရေး **home based education** များသည် လူထုပညာရေး **mass education** အဟောင်းအား အစားထိုး ဝင်ရောက်ခဲ့ပြီဖြစ်သည်။ အွန်လိုင်းတက္ကသိုလ်များသည်လည်း အင်တာနက်တွင် အရှုံအရှုံ ပေါ်ပေါက် ခဲ့သည်။ အိမ်တွင်းပညာရေးများ တိုးပွားလာနေချိန်တွင်၊ ပညာရေးတွင် မိဘတို့ ပိုမိုပါဝင်ပတ်သက် လာကြသည်။ အလွတ်ကျက်မှတ်ရသည့် ပညာရေးခေတ်ကုန်ဆုံးခဲ့ပြီဖြစ်ပြီး ကိုယ်ပိုင်ကြံဆဖန်တီးနိုင် စွမ်းနှင့် စိတ်ကူးစိတ်သန်း **creativity** ကို အားပေးသော ပညာရေးပုံစံသစ်ဖြင့် စခန်းမသွားနိုင်လျှင် ခေတ်နောက်ကျကျန်ရစ်ကြမည့်ကိန်းမျိုး ဆိုက်ရောက်ပြီးဖြစ်သည်။

အကောင်းဆုံး သာဓကတခုမှာ တကမ္ဘာလုံးမှ ကျောင်းသား (၁၀) သန်းခန့် မိမိတို့နေအိမ်အသီးသီးမှ တပြိုင်နက်ထည်း တက်ရောက်ပညာသင်ကြားနေကြသည့် **khanacademy.org** ဖြစ်သည်။ ပညာ ရေးလမ်းကြောင်း မျိုးပေါင်းစုံလင်စွာကို အခမဲ့ သင်ကြားပေးသည့် အွန်လိုင်းသင်တန်းကျောင်းဖြစ် သည်။ တည်ထောင်သူ ပါကစ္စတန်အနွယ်ဝင် အမေရိကန်နိုင်ငံသား Salman Khan သည် ပညာရေး စံနစ်အသစ်တခုကို တီထွင်ဖန်တီးလိုက်ခြင်းဖြစ်သည်။ ကျွန်ုပ်တို့၏ ကလေးများသည် ကျောင်းသွား စရာမလို၊ နေအိမ်မှနေ၍ မိမိတို့ကြိုက်နှစ်သက်ရာ ဘာသာရပ်ကို အလွယ်တကူ အခမဲ့ သင်ယူနိုင်ကြ ပြီ ဖြစ်သည်။

ရှေးပဝေသဏီခေတ်အခါက ကျေးလက်ရှိ နေအိမ်ကြီးများသည် ကလေးတို့၏ ပညာသင်ကြားရာဖြစ် ခဲ့ဖူးသည်။ ယနေ့ နေအိမ်အခြေပြုပညာရေးသည် အားကောင်းကောင်းနှင့် ပြန်လည်ရှင်သန်လာပြီဖြစ်

ပြီး၊ ယခုအခေါက်တွင် ယခင်ကထက် အဆမတန် ခေတ်မီမြင့်မားသော အဆင့်တခုတွင် ပြန်လည် စမ်းထလာခြင်းဖြစ်သည်။

**အမျိုးသမီး၊ ကလေးသူငယ်၊ သက်ကြီးရွယ်အိုနှင့် မသန်မစွမ်းများ စွမ်းအားမြင့်တက်လာခြင်း**

အစိတ်စိတ်ကွဲသွားပြီဖြစ်သော လူ့အဖွဲ့အစည်းသည် မိသားစုတန်ဘိုးကို ပြောင်းလဲပစ်လိုက်ပြီဖြစ်သည်။ တဆက်တည်းတွင် နေအိမ်၏ တန်ဘိုးသည်လည်း ထူးခြားစွာ တိုးတက်ပြောင်းလဲခဲ့ပြီဖြစ်သည်။ ပညာတတ်အမျိုးသမီးများ တိုးပွားများပြားလာသည်နှင့်အမျှ သူတို့၏ စွမ်းဆောင်ရည်များသည်လည်း ယခင်အတိတ်ခေတ်ကာလများနှင့်မတူ၊ တိုးတက်ပြောင်းလဲခဲ့ပေပြီ။ အမျိုးသမီးတို့၏ ကဏ္ဍသည် ယခင်ကကဲ့သို့ "ဟာလာဟင်းလင်း အသိုက်မြုံထဲတွင်" အဝတ်လျှော်၊ ထမင်းချက်၊ အဝတ်ချုပ်ဖာထေး အစရှိသည့် အိမ်တွင်းမှုကိစ္စများနှင့်သာပြီးသော အထီးကျန်စံလွန်းသည့် ဘဝမျိုး မဟုတ်တော့ပေ။ မိခင်တစ်ဦး၏ တာဝန်နှင့်အတူ အသက်မွေးဝမ်းကျောင်းလုပ်ငန်းကို တွဲဖက်လုပ်ကိုင်ကာ နေအိမ်အတွင်းမှ ဥစ္စာစီးပွားရှာဖွေနိုင်သူများ ဖြစ်လာကြသည်။ (၂၁) ရာစုခေတ် အမျိုးသမီးများသည် အွန်လိုင်းတွင်ဖြစ်စေ၊ ကွန်ပျူတာ၊ အင်တာနက် အစရှိသည်တို့ မပါဝင်သည့်အပြင်လောကတွင်ဖြစ်စေ ယောက်ျားများနှင့် ရင်ဘောင်တန်းကာ ဥစ္စာဓန ရှာဖွေနိုင်သူများ၊ အလုပ်အကိုင်ကိုဖန်တီးနိုင်သူများ ဖြစ်လာကြသည်။ စျေးပေါ၍ အသုံးရလွယ်ကူသော ဆက်သွယ်ရေးကိရိယာများကိုအသုံးချပြီး နေအိမ်တွင်းမှ လုပ်ကိုင်စားသောက်၍ရသည့်လုပ်ငန်းများ ထောင်နှင့်ချီရှိပါသည်။ ဟောင်းနွမ်းသော စက်မှုလူ့အဖွဲ့အစည်းနေရာတွင် သတင်းလူ့အဖွဲ့အစည်း **information society** က သိသိသာသာ အစားထိုးဝင်ရောက်လာပြီ ဖြစ်သည်။

ဒီဂျီတယ် တော်လှန်ရေးခေတ်ကြီးတွင် မွေးဖွားရှင်သန်ကြီးထွားလာကြသည့် ကလေးများအား "ဒီဂျီတယ် ဇာတိသားများ" **digital natives** ဟုခေါ်တွင်ကြသည်။ ဒီဂျီတယ် ဇာတိသားကလေးငယ်များသည် တက်နိုလိုဂျီ နည်းပညာသစ်ကို ပိုင်နိုင်ကျွမ်းကျင်သည့် ဆရာကြီးများ ဖြစ်ကြပေသည်။ ၄င်းတို့ထံမှ လူကြီးများက သင်ယူနေရသောခေတ်ဖြစ်သည်။ ယနေ့ လူကြီးလုပ်နေသူများသည် သူတို့ ငယ်ရွယ်စဉ်ဘဝတွင် ယနေ့ကလေးသူငယ်များ မွေးကတည်းက ဖြတ်သန်းခဲ့ရသော ဒီဂျီတယ်ခေတ်ကြီးကို ဖြတ်သန်းခွင့် မရခဲ့ကြပေ။ အခုမှ တက်သုတ်ရိုက်ကာ ကွန်ပျူတာ အပြေးအလွှားဝယ်ယူပြီး စတင်အသုံးပြုကြရသူ ဒုနှင့်ဒေးဖြစ်သည်။ မကြာသေးမီ နှစ်ပိုင်းများက သူတို့သည် ယနေ့ခေတ်တွင် ခေတ်မမီတော့သော လက်နှိပ်စက်၊ တိတ်ရီကော်ဒါ အသံဖမ်းစက်များကို သုံးဆွဲနေကြဆဲ ဖြစ်ကြသည်။ ယင်းသို့သော လူကြီးများကို "ဒီဂျီတယ်ခေတ်ထဲသို့ ပြောင်းရွှေ့လာသူများ" digital migrants ဟုခေါ်တွင်ကြသည်။

တကယ့်လက်တွေ့ ခေတ်သစ်ပုံပြင်လေးတခုမှာ ...

တချိန်တွင် ကွန်ပျူတာကို သဲကြီးမဲကြီးအသုံးပြုကာ စာရိုက်နေရသော ဖအေလုပ်သူက သမီးငယ်အား ကွန်ပျူတာလက်ကွက်တခု အသုံးပြုပုံကိုမေးရာ သမီးလုပ်သူက

"အဲဒါ ဖေဖေ့ကို သမီးခဏခဏပြောပြပြီးသား မဟုတ်လား၊ ဘာလို့ ထပ်ထပ်မေးနေတာလဲ" ဟု ဝင်ငေါက်လိုက်သည်။

အဖေ။ "ဖေဖေ မေ့သွားလို့ပါ၊ သမီးရယ်။" ဟုသာ ဖအေလုပ်သူက နှိမ့်နှိမ့်ချချလေး အယူခံဝင်လိုက်သည်။

သမီး။ "အဲဒီလို မေ့မှာစိုးလို့ ဖေဖေ့ကို စာနဲ့ ရေးမှတ်ထားခိုင်းတာလေ။" ဟု သမီးက ထပ်ငေါက်လိုက်ပြန်သည်။

အဖေ။ "မှတ်ထားပါတယ်သမီးရယ်၊ အဲဒီမှတ်ထားတဲ့ စာရွက်ကလေးကို ဘယ်ထားမိမှန်းကို မသိတော့လို့ပါ။" ဟူ၏။

လူသားသမိုင်းစတင်သည့် အချိန်မှစ၍ ကလေးသူငယ်များသည် လူကြီးသူမများထံမှသာ သင်ယူကြရသည်ချည်းဖြစ်သည်။ ယခု ဒီဂျီတယ်ခေတ်ကြီးရောက်ကာမှ၊ ဒီခေတ်ကြီးထဲသို့ အခုမှရွှေ့ပြောင်းလာကြသော digital migrants ခေါ် လူကြီးလုပ်သူက ကလေးငယ်များကို ဆရာတင်ကြရပြီဖြစ်သည်။ ကလေးငယ်က မိဘကို ပြန်လည်သွန်သင်နေရသောခေတ်၊ ဆူရဆဲရသောခေတ်၊ ဆယ်ကျော်သက် သားသမီးငယ်လေးများ ကွန်ပျူတာပရိုရမ်များကို အလွယ်တကူ သွက်သွက်လက်လက်ရေးနေကြသည်ကို မိဘနစ်ပါးက ရင်သပ်ရှုမော တအံ့တအော ဖြစ်ကြရသည့်ခေတ်ပေတည်း။

စက်မှုခေတ်တလျှောက်လုံး နှစ်ပေါင်းရာနှင့်ချီပြီး လုပ်ငန်းခွင်တွင် အနိမ်ခံခဲ့ကြရသည့် အမျိုးသမီးများနှင့် ကလေးများသည် ရှေ့တန်းသို့တက်လှမ်းလာပြီး လူ့အဖွဲ့အစည်းအား ဦးဆောင်ဦးရွက်ပြုတော့မည့်ခေတ် ပေတကား။

ဒီဂျီတယ်တော်လှန်ရေးရထားကြီးအား အမိလိုက်က ခိုစီးလိုသည့် မျိုးဆက်ဟောင်းတို့သည် မျိုးဆက်သစ် ဒီဂျီတယ်ဇာတိသားတို့က ကူညီကြပါမှ တော်ကာကျတော့မည့် ကိန်းစိုက်နေပေပြီ၊ ကမ္ဘာလောကကြီးသည်လည်း ပြောင်းပြန်လန်ခဲ့ပြီဖြစ်၏။

ကလေးများကို ကျောင်းပို့ကာ တနေ့တချိန်တွင် ကုမ္ပဏီကြီးတခုတွင် မာနေဂျာကြီးဖြစ်လာရန် ပညာသင်ခိုင်းသည့်ခေတ်သည် ကုန်ဆုံးလွန်မြောက်တော့ပေမည်။

လူငယ်ဟူသည် အနာဂတ်ခေါင်းဆောင်ဟု ပြောစမတ်ရှိ၏။ သို့သော် ကလေးသူငယ်တို့သည် ယနေ့တွင်ပင် လူ့လောကကြီးကို ဦးဆောင်နေခြေပြီ။ အမေရိကန်နိုင်ငံ၏ အာကာသပျံသန်းရေးဌာနကြီးဖြစ်သော NASA တွင် (၁၇) နှစ်အရွယ်သာရှိသေးသည့် Moshe Kai Cavalin သည် ယင်းဌာနကြီး၏ စစ်လေယာဉ်များနှင့် drones ခေါ် မောင်းသူမဲ့လေယာဉ်များအတွက် ထောက်လှမ်းရေး နည်းပညာများကို တာဝန်ယူရေးဆွဲပေးရသည့် ထိပ်သီးအတိုင်ပင်ခံတဦးဖြစ်သည်။ ယနေ့လူငယ်တို့သည် လူ့အဖွဲ့အစည်းအား ဦးဆောင်ရန်အတွက် အနာဂတ်ကိုစောင့်ဆိုင်းနေရမည့်ခေတ် မဟုတ်တော့ပေ။ သူတို့လေးတွေအတွက် ယနေ့ ပစ္စုပ္ပန်သည်ပင်လျှင် အနာဂတ်ဖြစ်နေပေပြီ။

(၂၁) ရာစုနှစ်ထဲသို့ နက်နက်ရှိုင်းရှိုင်း ချည်းနင်းဝင်ရောက်လာသည်နှင့်အမျှ ဒီဂျီတယ် ဇာတိသားများအတွက်ဖြစ်စေ၊ ဒီဂျီတယ် ကမ္ဘာသို့ အသစ်ရွှေ့ပြောင်းလာကြသည့် မျိုးဆက်ဟောင်းသက်ကြီးရွယ်အိုများအတွက်ဖြစ်စေ သင်တန်းများ၊ မွန်းမံသင်တန်းများ၊ နောက်ထပ်သင်တန်းအသစ်အသစ်များ ဆက်တိုက်ဆိုသလို လိုအပ်နေမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် (၂၁) ရာစုခေတ်သည် ဆန်းသစ်တီထွင်မှုများနှင့် ပြည့်နှက်သောခေတ်ကာလ **the age of innovations** ဖြစ်သည်။ မြင်မြင်သမျှ လူ့လောကတခွင်တွင် နေ့စဉ်နှင့်အမျှ အသစ်အဆန်းများချည်း မြင်တွေ့ကြရမည်ဖြစ်ပြီး၊ အသိပညာနည်းပညာအသစ်များသည် ဆက်တိုက်ဆိုသလို လူတိုင်းလိုက်မမီနိုင်လောက်အောင် လျင်မြန်သောနှုန်းဖြင့် အတောမသတ် ပေါ်ပေါက်နေမည်ဖြစ်သည်။ ယင်း ဆန်းသစ်တီထွင်မှုတို့အား အတောမသတ် ဆက်လက်ပြီး ဆင့်ကဲဖြန့်ဝေနေရသည့် ခေတ်ကြီး **the age of never-ending innovations and sharing** ဖြစ်ပေသည်။ သင်တန်းအသစ်တော်တော်များများသည်လည်း ကျွမ်းကျင်မှုပညာရပ်တစုံတခုထက် လူအများ၏ ဘဝတခုလုံးကိုပါ အောက်ခြေမှအစ တော်လှန်ပြောင်းလဲပေးမည့် သင်တန်းများ ဖြစ်ပေမည်။ နေအိမ်အတွင်းမှ မိမိတို့ဘဝတခုလုံးကို အသစ်တဖန် ပြန်လည်ဆန်းသစ်ပေးမည့် သင်တန်းများလည်း ပေါ်ပေါက်ခဲ့ပြီဖြစ်သည်။

ယခု စက်မှုတော်လှန်ရေးခေတ်ကကဲ့သို့ (၄) နှစ်တန်သည် (၆) နှစ်တန်သည် ဘွဲ့ရအောင်သင်ခဲ့သောပညာဖြင့် တသက်လုံး လုပ်ကိုင်စားသောက်ရသောခေတ်မျိုး ပြန်လာတော့မည်မဟုတ်ပေ။ တက္ကသိုလ်တွင် တက်ရောက်သင်ကြားနေသည့် ဘာသာရပ်သည်ပင်လျှင် အပြင်လောကတွင် ဆန်းသစ်တီထွင်မှုများ တွေ့ရှိချက်အသစ်များ အမြောက်အမြားရှိနေမည်ဖြစ်ပြီး ဘွဲ့ရသည့်အချိန်တွင် မိမိတို့သင်ခဲ့သည့်ပညာတို့သည် အသုံးမဝင်တော့၊ ခေတ်နှင့်မလျော်ညီတော့သည့် အခြေမျိုး ကြုံတွေ့လာကြရပြီဖြစ်သည်။ တသက်လုံးမွေးရာမှ သေသည်အထိ သင်ကြားရမည့် **life-long training, life-long learning** ခေတ်ကို စိုက်ရောက်လာပြီဖြစ်သည်။ ပညာရေးပဲခေါ်ခေါ် သင်တန်းပဲခေါ်ခေါ်

ကြိုက်သလိုခေါ်ပါ၊ သေချာသည်ကတော့ နေ့စဉ်နှင့်အမျှ မိမိတို့ဘဝကို ပိုကောင်းဖို့ဖြစ်စေ ပိုဆိုးဖို့ဖြစ်စေ ပညာအသစ်အဆန်းများကတော့ ဆက်တိုက်ပေါ်ပေါက်နေပြီဖြစ်သည်။

ကျောင်းသားများအား စာအလွတ်ကျက်ခိုင်းရသည့်ခေတ်တွင် စာမကျက်လာလျှင် အရိုက်ခံရမည်ကို စိုးရွံ့ပြီး စာကျက်ကြရသည်။ ယနေ့ခေတ်သည် ကျောင်းသားများအား စာသင်ခန်းတွင် ရိုက်နက်ကာ ပညာသင်ကြားရသော ခေတ်မဟုတ်တော့ပေ။ စာကိုအလွတ်ကျက်မှတ်သည်ထက် သင်ကြားသည့် ပညာရပ်၏ အခြေခံသဘောသဘာဝများကို ကြေကြေညက်ညက် နားလည်အောင်သင်ပေးပြီး ကျောင်းသားတို့၏ တီထွင်ဆန်းသစ်ဉာဏ်ကို ကွန့်မြူးစေသည့် **creativity** ခေတ်ဖြစ်သည်။ ကျွန်ခေတ်ကာလက ကျွန်များကို နာနာရိုက်နက်လေ အလုပ်တွင်ကျယ်လေဟု ယူဆကြသည်။ စက်မှုခေတ်တွင်လည်း အလုပ်သမားကို လစာနည်းနည်းနှင့် အလုပ်ဖိခိုင်းပြီး ကုမ္ပဏီအမြတ်အစွန်း များများရအောင်လုပ်ကြသည်။ ယနေ့ခေတ် အိုင်တီ ခေါ် နည်းပညာခေတ်တွင် ကျောင်းသားကိုလည်းကောင်း၊ အလုပ်သမားကိုလည်းကောင်း နာနာရိုက်နာနာဖိခိုင်း၍ ကွန့်မြူးသောဉာဏ်အစွမ်းဉာဏ်စများ မြင့်တက်လာမည်မဟုတ်ပေ။ စက်မှုတော်လှန်ရေးခေတ်တလျောက် အာဏာရှင်စံနစ်ကြီးစိုးသော နိုင်ငံများတွင် တော်လှန်ပုန်ကန်သူများအား ထောက်လှမ်းရေးက နာနာရိုက်နက်ကာ သတင်းရအောင် လုပ်ခဲ့ကြရသည်။ ယနေ့ခေတ်တွင် ကမ္ဘာ့ထောက်လှမ်းရေး အဖွဲ့အစည်းကြီးတခုဖြစ်သော ရုရှားနိုင်ငံ၏ **FSS** (ယခင် **KGB**) ကိုယ်တိုင် ရန်သူ့သတင်းများရရှိရန်အတွက် တဖက်သားအား ခေါင်းရိုက်ခွဲသည်ထက် Facebook ပေါ်တွင် ကျင်လည်ထောက်လှမ်းခြင်းအားဖြင့် ပိုမိုတိကျသော သတင်းအချက်အလက်များကို ရယူ နိုင်သည့် ခေတ်ဖြစ်သည်။

ကျောင်းသားများကို သမ္မတ ဦးသိန်းစိန်အစိုးရခေတ်၊ ကာချုပ်ကြီး မင်းအောင်လှိုင်၏ လုံထိန်းရဲများက ကျွဲလိုနွားလို ရိုက်နက်၍ ကျောင်းသားများ၏ ဉာဏ်စွမ်းဉာဏ်စများ မြင့်တက်လာမည်မဟုတ်ပေ။ ပိုပြီးသေချာသည်မှာ ယင်းသို့ ကျောင်းသားများအား ကျွဲလိုနွားလို ရိုက်နက်သဖြင့် "ခေတ်မီတိုးတက်သော နိုင်ငံတော်ကြီး" ကိုတော့ တည်ဆောက်၍မရနိုင်သည်မှာ သေချာလှပါသည်။ စက္ကန့်နှင့်အမျှ information highway ခေါ် သတင်းအဝေးပြေးလမ်းမကြီးပေါ်တွင် ပညာရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး၊ ကျန်းမာရေး အစရှိသည့် လူမှုကိစ္စအဝဝတို့အား အရှိန်ပြင်းပြင်းနှင့်မောင်းနှင်နေရသော ကမ္ဘာကြီးတွင် သင်ကြားမှုများရပ်ဆိုင်းကာ ကျောင်းများ တက္ကသိုလ်များကို လနှင့်ချီ နှစ်နှင့်ချီ ပိတ်ပစ်လိုက်သည်နှင့်တပြိုင်နက် နစ်ပေါင်းများစွာ ပြတ်ကျန်ရစ်ရသည့် ခေတ်မျိုးဖြစ်သည်။

ယနေ့ သတင်းတော်လှန်ရေးခေတ်သည် ကျွန်များကို နာနာရိုက်ကာချွေးများများထွက်အောင် ခိုင်းနိုင်မှ ထုတ်ကုန်ပစ္စည်း များများထွက်သည့်ကျွန်ခေတ်နှင့် ၄င်းအလုပ်သမားကို လုပ်ခလစာ နည်းနည်း

သာပေးပြီး နာနာဖိခိုင်းကာ သွေးစုပ်ဖိနှိပ်ပါမှ အမြတ်အစွန်းများများရရှိသည့် သမာရိုးကျ ရှေးဟောင်း စက်မှုအရင်းရှင်စံနစ်နှင့်လည်းကောင်း လားလားမျှမတူညီတော့ပေ။ ပစ္စည်းမဲ့ လူတန်းစား ခေါ် ဉာဏ် စွမ်းဉာဏ်စများများစားစား သုံးရန်မလိုအပ်သော ကြွက်သားပြိုင်းပြိုင်းနှင့် အလုပ်သမားလူတန်းစားက ဦးဆောင်နိုင်သော ခေတ်မျိုးလည်း လားလားမျှမဟုတ်ပေ။ ဆန်းသစ်တီထွင်တတ်သည့် ဉာဏ်စွမ်း ဉာဏ်စများ **creativity** ဖြင့် အလုပ်လုပ်ကြပြီး အဆင့်မြင့်နည်းပညာများကို ပိုင်ဆိုင်လာကြသည့် ပညာရည်မြင့် အိုင်တီဉာဏ္ဍ လုပ်သားအင်အားစုကို အားကိုးအားထားပြုရသည့် သတင်းစီးပွားရေး **information economy** အောက်တွင် နာနာရိုက်၊ ဖိခိုင်း၍ အဆင့်မြင့်သော high-tech ထုတ်ကုန် ပစ္စည်းများ ထွက်လာမည်မဟုတ်ပေ။ နွားလုည်းမောင်းသော တောသူကြီးဂိုက်ဖြင့် **brute force** ခေါ် စဉ်းစားဆင်ခြင်ဉာဏ်ကင်းမဲ့စွာ အကြမ်းပတမ်းနည်းကိုသုံးကာ ပြည်သူတို့အား ဖိနှိပ်အုပ်ချုပ်ခဲ့သဖြင့် ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံဘဝသို့သာ ကျရောက်ခဲ့ကြရပြီးဖြစ်သည်။

## အင်တာနက် ပဒေသာပင် ခေတ်

"အလုပ်" ဟူသည်မှာ စက်မှုတော်လှန်ရေးကာလခေတ်စံနစ်နှင့်အညီ ပေါ်ပေါက်ခဲ့သည့် ဝေါဟာရဟု ဆိုသည်။ စက်မှုခေတ် ကုန်ဆုံးသွားသည့်ကာလတွင် ခေတ်အခါနှင့်အမျှ ပေါ်ပေါက်ခဲ့သည့် ဝေါဟာရ များသည်လည်းကောင်း၊ အလုပ်နှင့်ပတ်သက်သည့် အယူအဆရေးရာများသည်လည်း ပြောင်းလဲ သွားကြမည်ဖြစ်သည်။ ကုန်ထုတ်စွမ်းအား အပြည့်အဝစိုက်ထုတ်ရပြီး အရည်အသွေး ပြည့်မီသော ထုတ်ကုန်ပစ္စည်းကို ထုတ်လုပ်နိုင်သည့်တိုင်အောင် လုပ်အားခကို တိုက်ရိုက်မရသော အလုပ်များ လည်းရှိမည်ဖြစ်သည်။ ဥပမာ အင်တာနက်ပေါ်တွင် မကုန်နိုင်မခမ်းနိုင်သော သတင်းအချက်အလက် များနှင့် အသိပညာများကို အခမဲ့သက်သက် ရရှိနိုင်သည်။ အင်တာနက်သည် ပဒေသာပင်ပမာ လိုတရအပင်ကြီးတစ်ပင် ဖြစ်နေချေပြီ။ ယင်းအင်တာနက် ပဒေသာပင်ကြီးကို လူသားများက လူသား များအတွက် ဖန်တီးထားခြင်းဖြစ်သည်။ လူအမြောက်အများက အင်တာနက်ပေါ်တွင် ဝက်ဆိုက်များ ဖန်တီးကာ သတင်းနှင့် အချက်အလက်စုံလင်စွာရေးသားကာ လွှင့်တင်ထားကြခြင်းဖြစ်သည်။ သူတို့ ထုတ်လုပ်ထားသော အရည်အချင်းမြင့်မားသည့် သတင်းပညာထုတ်ကုန်များအတွက် စာဖတ်သူများ ထံမှ ဘာတပြားတချပ်မျှမရကြပေ။ သို့သော် ဝက်ဆိုက်ပိုင်ရှင်များသည် သင့်တင့်လျောက်ပတ်သော ဝင်ငွေများကိုရရှိသူ ရှိသကဲ့သို့ ကျိုကျိုတက်ချမ်းသာသွားသူများလည်း ဒုနှင့်ဒေးရှိ၏။ ဝက်ဆိုက်တခု သည် အရည်အချင်းမြင့်မားပြီး တန်ဘိုးရှိသော သတင်းအချက်အလက်များ၊ သို့မဟုတ် အများကြိုက် သီချင်း၊ ရုပ်ပုံ၊ ဗီဒီယိုဇတ်လမ်း၊ ဂရာဖစ်ပုံများ စသည်ဖြင့် လူကြိုက်များလာပြီး လာရောက်ဖတ်ရှုသူ လည်ပတ်သူ ကြည့်ရှုသူ **traffic** အတော်အသင့်ရှိလာလျှင် **Google Adsense** မှ ကြော်ငြာများကို

တင်ခွင့်ပေးပြီး ယင်းကြော်ငြာများကို စာရှုသူတို့က ကလစ်လုပ်လိုက်တိုင်း တပြားနှစ်ပြားမှအစ တစ်ဒေါ်လာနှစ်ဒေါ်လာမက အစားစားရကြသည်။ ဤသို့ဖြင့် ဝင်ငွေအမြောက်အမြားကို ရရှိကြသည်။ ထို့ကြောင့်လည်း ယနေ့ခေတ်တွင် "ချမ်းသာချင်ရင် အလကားပေးပစ်" ဟူသောအဆိုကို ကြားလာကြရသည်။ ဤစကားမျိုးသည် **paradox** ခေါ် ပြောင်းတိပြောင်းပြန်ဆန်သော စကားမျိုးဖြစ်သော်လည်း ယနေ့ခေတ်တွင် မှန်ကန်နေသည်ကို လက်တွေ့တွေ့မြင်နေရသည်။

အကောင်းဆုံးသော အခြားဥပမာတခုမှာ **Khan Academy** ဖြစ်သည်။ **Internet** ပေါ်တွင် တစ်ကမ္ဘာလုံး မည်သူမဆိုအတွက် အခမဲ့ပညာရေးကို ပေးကမ်းစွန့်ကြဲသည့် အွန်လိုင်းစာသင်ကျောင်းဖြစ်သည်။ **Bill Gates** နှင့် အခြားမြောက်မြားစွာသော အလှူရှင်များက **Khan Academy** အွန်လိုင်းစာသင်ကျောင်း ရှင်သန်ရေးအတွက် ဒေါ်လာပေါင်း မီလီယံချီပေးကာ ထောက်ပံ့ထားသည်။

သို့ဖြစ်၍ "အလုပ်" "အလုပ်လက်မဲ့" ဟူသော ဝေါဟာရများ၏ အဓိပ္ပါယ်သတ်မှတ်ချက်ကို ပြန်လည်စဉ်းစားကြရတော့မည်ကဲ့သို့ ဖြစ်လာချေပြီ။

စက်မှုခေတ် လူ့ယဉ်ကျေးမှုကာလတွင် အချိန်တိကျမှု၊ အထက်လူကြီးများနှင့် ဗဟိုကိုနာခံတတ်မှု၊ အထက်အောက် ဗျူရိုကရေစီ အုပ်ချုပ်ရေးကိုနာခံတတ်မှု၊ တသက်တာပတ်လုံး မိမိအလုပ်ရှင်၊ အလုပ်လုပ်ရာ ကုမ္ပဏီတခုတည်းအပေါ် သစ္စာခံခြင်း၊ စသည်တို့သည် လူတစ်ဦးယောက်၏ တသက်တာဘဝ အာမခံချက်ရရှိရေးအတွက် လိုအပ်ချက်များဖြစ်သည်။ အသစ်ပေါ်ထွန်းနေသော သတင်းခေတ်သည် ဉာဏ်စွမ်းဉာဏ်စကို ကျွမ်းကျင်လိမ္မာစွာ အသုံးပြုနိုင်သူ၊ ပြုရပြင်ရလွယ်ကူအောင် ပျော့ပြောင်းသော အယူအဆရှိသူ၊ လျင်မြန်လှသော တက္ကနိုလိုဂျီ အပြောင်းအလဲများကိုလိုက်၍ အလျင်အမြန် လိုက်မီညှိနိုင်းနိုင်သူတို့သာလျှင် ရေရှည်တွင် ဘဝအာမခံချက် ရရှိကြတော့မည်ဖြစ်သည်။ ထို့အပြင် တစ်ဦးချင်း တကိုယ်ရေတာကာရ လွတ်လပ်စွာဆုံးဖြတ်နိုင်သူ၊ နေထိုင်လှုပ်ရှားတတ်သူ **individuality**၊ စွန့်ဦးတီထွင်ဆန်းသစ်ကာ စီးပွားရှာစားတတ်သူ **entrepreneurialism**၊ ဉာဏ်စွမ်းဉာဏ်စမြင့်မားပြီး စိတ်ကူးအိပ်မက်ကောင်းသူများ **creative dreamers** နှင့် အရေးအကြီးတကာ့အရေးအကြီးဆုံးအနေနှင့် အနာဂတ်ဆန်သူ **future oriented** တို့သည်သာ ဘဝအာမခံချက် ရှိကြမည်ဖြစ်သည်။

ယင်းသို့သော အရည်အသွေးတို့မှာ မည်သည့်ကမ္ဘာ မည်သည့်ထောင့်တွင် နေထိုင်သည်ဖြစ်စေ ယနေ့ ကမ္ဘာသူကမ္ဘာသားအားလုံးနှင့် သက်ဆိုင်သော အရည်အသွေးများ ဖြစ်ကြပါသည်။ ငါကတော့ အမေရိကန်နိုင်ငံသားမဟုတ်လို့၊ ငါကတော့ ဥရောပသား မဟုတ်လို့ဟူသော ဆင်ခြေဆင်လက်များ

ပေး၍ မရလောက်အောင် ယနေ့ကမ္ဘာကြီးတွင် ရှုရှားမှာပဲနေနေ၊ အာဖရိကမှာပဲနေနေ၊ အမေရိကန်၊ ဥရောပ၊ အာရှ မည်သည့်အရပ်မှာနေနေ ကမ္ဘာကြီးတခုလုံးမှ လူသားအားလုံးသည် တန်းတူသော တူညီသော သတင်းအချက်အလက်များကို အင်တာနက်မှတဆင့် ရယူနိုင်ကြသည်ချည်းဖြစ်သည်။ တပြေးညီ ကစားကွင်း **level play ground** တခုကို အင်တာနက်က ဖန်တီးပေးထားပြီဖြစ်သည်။ လူသားအားလုံး အတားအဆီးမရှိ ကျား၊ မ၊ ဖြူသည်၊ မဲသည်၊ ဆင်းရဲချမ်းသာမရွေး အင်တာနက်တွင် တန်းတူရည်တူ ပါဝင်ကစားနိုင်သည့် ခေတ်ဖြစ်သည်။

စာရင်းဇယားနှင့်စစ်တမ်းများအရ သိရှိရသည်မှာ ယနေ့ကမ္ဘာပေါ်တွင် နေအိမ်အခြေပြုကာ ဝမ်းစာရှာဖွေစားသောက်သူဦးရေသည် နေ့စဉ်နှင့်အမျှ တိုးပွားများပြားလာနေသည်ဟု သိရသည်။ ဤသို့ဆိုသဖြင့် မကြာတော့သောအနာဂတ်တွင် တစ်ကမ္ဘာလုံးမှ လူသားများသည် ဘဝကို ကျောင်းလမ်းကြရာတွင် နေအိမ်ခြေပြု ရှာဖွေစားသောက်သည့် လုပ်ငန်းတခုတည်းကိုသာ လုပ်လာကြတော့မည် ဟု မဆိုလိုပါ။ သမာရိုးကျ လုပ်ငန်းခွင်များသည် မကြာမီကာလတွင် လုံးဝဥသုံ ပျောက်ကွယ်သွားဖွယ်ရာ မရှိပေ။ အလုပ်နှင့် နေအိမ်အကြား ကူးလူးသွားလာကာ လုပ်ကိုင်စားသောက်နေသူများ ဆက်လက်ရှိနေဦးမည်သာဖြစ်သည်။ အလုပ်လုပ်ကြသည့် ပုံစံအမျိုးမျိုးသည်လည်း လုပ်ငန်း၏ သဘောသဘာဝ၊ ထုတ်လုပ်သည့်ကုန်ပစ္စည်း၊ လိုအပ်သော ကျွမ်းကျင်မှုတို့အပေါ်မူတည်ပြီး ပုံစံအမျိုးမျိုး ရှိကြမည်ဖြစ်သည်။ သေချာသောအရာတခုမှာ မိမိအပေါ်မှ တစုံတဦးက ဆရာလုပ်အုပ်ချုပ်ခံရသည့် အလုပ်မျိုးကို မလုပ်ကိုင်ပဲ တင့်တင့်တယ်တယ်လည်း နေလိုသူတို့အဖို့ ရွေးချယ်ရန် သမာရိုးကျ အလုပ်ပုံစံတမျိုးတည်းသာ ရှိနေတော့မည်မဟုတ်ပေ။

## နေအိမ်တွင် အလုပ်လုပ်ခြင်းသည် ဇဟိုဦးစီးစံနစ် ပြိုလဲပျက်စီးခြင်းကို အမြင့်မားဆုံး ပုံဖော်ခြင်းဖြစ်သည်။

ဒီဂျီတယ်ပစ္စည်းများ တပ်ဆင်ထားသောနေအိမ်သည် မသန်စွမ်းများ၊ အသက်အရွယ်ကြီးရင့်သွားသူများနှင့် အိမ်ရှင်မများအတွက် ရွေးချယ်ရမည့် အကောင်းဆုံး အခွင့်အလမ်းတခုဖြစ်ပေသည်။ ယခင်ခေတ်ကာလက ကုန်ထုတ်စွမ်းအားပြည့်မီမှုမရှိဟုဆိုကာ အနှိမ်ခံကြရသော ဤလူတန်းစားတို့အဖို့ လူ့အဖွဲ့အစည်းတွင် နေရာကောင်းများ အသစ်တဖန် ပွင့်လင်းလာတော့မည်ဖြစ်သည်။ နေအိမ်အခြေပြုဘလောက်ဂါဘဝသည် သူတို့အတွက် သမာရိုးကျလုပ်ငန်းများတွင် လုပ်ကိုင်သည်ထက်ပင် ပိုမို၍ တွင်ကျယ်ကာ မိမိတို့၏ ကုန်ထုတ်စွမ်းအားများကို အပြည့်အဝ အသုံးချလာနိုင်ကြမည်ဖြစ်သည်။ နေအိမ်ဟူသည်မှာလည်း အပြောင်းလဲကြီး ပြောင်းလဲလာခဲ့ပြီ၊ ယခင်ခေတ်အခါကာလကကဲ့သို့ အထီးကျန်စံသောနေရာမျိုး မဟုတ်တော့ပေ။

စက်မှုယဉ်ကျေးမှုက ဖန်တီးခဲ့သော "လူထု" သည် ယနေ့ "အစိတ်စိတ်ကွဲသွားသည့် လူ့အဖွဲ့အစည်း အသစ်တခု" **demassified society** အသွင်သို့ အလျင်အမြန်ကူးပြောင်းနေပြီဖြစ်သည်။ တချိန်က အားကောင်းကောင်းနှင့်တည်ရှိခဲ့သော ဗဟိုဦးစီးစံနစ်တို့ ပြိုကွဲကာ လျော့နည်းအားပျော့သော ဗဟိုဦး စီးစံနစ်သည် အစားထိုးဝင်ရောက်လာနေပြီဖြစ်သည်။ အထက်အောက် ဒေါင်လိုက်စီမံ အုပ်ချုပ်ကွပ် ကဲသည့်စံနစ် **vertical management** နေရာတွင် ဘေးတိုက်အလျားလိုက် စီမံအုပ်ချုပ်သောစံနစ် **horizontal management** သည် အစားထိုးဝင်ရောက်ခဲ့ပေပြီ။ ဤဖြစ်စဉ်ကို မည်သည့်အင်အားစု ကမှ ပြောင်းပြန်လှန်ရန်လည်းကောင်း၊ လူ့သမိုင်းဘီးကြီးကို အနောက်ဖက်သို့ ပြန်လှည့်ရန်လည်း ကောင်း တတ်စွမ်းနိုင်တော့မည် မဟုတ်ပေ။

နေအိမ်အတွင်းမှ အလုပ်လုပ်ကာ အသက်ရှင်ရပ်တည်ခြင်းသည် ဗဟိုဦးစီးစံနစ် ပြိုလဲပျက်စီးခြင်းကို အမြင့်မားဆုံး ပုံဖေါ်လိုက်ခြင်း ဖြစ်ပေသည်။

အမျိုးသမီးများ၊ လူငယ်များ၊ အသက်အရွယ်ကြီးရင့်သွားသူများ၊ မသန်စွမ်းသူများသည်လည်းကောင်း ဗဟို သို့မဟုတ် အထက်စီးမှ အုပ်ချုပ်သူတဦးဦး၏ လောင်းရိပ်အောက်တွင် အလုပ်မလုပ်လိုသူ မည် သူမဆိုအတွက် ၎င်းနေအိမ်အတွင်းမှ လွတ်လပ်စွာ အလုပ်လုပ်ကိုင်စားသောက်ခြင်းသည် လူမှု တော်လှန်ရေးတရပ် ဖြစ်သည်။ ကမ္ဘာလုံးနှင့်ချီ ဆင်နွှဲနေကြသော ဤလူမှုတော်လှန်ရေးကြီးတွင် ခြေစုံပစ်ပါဝင်လာကြပါရန် တပ်လှန့်ဖိတ်ခေါ်လိုက်ပါသည်။

ငွေကြေးအခက်အခဲများမှလည်းကောင်း၊ အချိန်၏ အကန့်အသတ်များမှလည်းကောင်း၊ ပထဝီနေရာ ဒေသ၏ ဘောင်ခတ်ခြင်းတို့မှလည်းကောင်း လွတ်မြောက်လိုသူ မည်သူမဆိုအား ဤနေရာမှ ဖိတ် ခေါ်လိုက်ပါသည်။

တစ်ကမ္ဘာလုံးအတိုင်းအတာ နေအိမ်အတွင်းမှ အလုပ်လုပ်သည့် လှုပ်ရှားမှုကြီးတွင် ယခုပင် ပါဝင်လာ ကြပါ။

"Join the World Wide Work @ Home movement NOW!"

**ဝန်ခံချက်။** www.powerinfosumernetwork.com မှ A Brief Historical Sketch of Home အား မှီငြမ်းပြီး ဆီလျော်အောင် ပြန် လည်တင်ပြထားခြင်းဖြစ်ပါသည်

❑❑❑❑❑

# တိုင်းရင်းသားများ၏ တန်းတူအခွင့်အရေးနှင့်ကိုယ်ပိုင်ပြဌာန်းခွင့်အပေါ် ၁၉၄၇၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေများမှ မည်မျှအထိ အကာအကွယ် ပေးခဲ့ပါသနည်း

**Salai Deirel**

## နိဒါန်း

ယနေ့ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးများသည် နယ်ချဲ့ဗြိတိသျှ လက်အောက်မကျရောက်မီ သီးခြားလွတ်လပ်သော လူမျိုးများအနေဖြင့် မိမိတို့ ဘိုးဘွားပိုင်နယ်မြေ ဒေသများတွင် သီးခြားလွတ်လပ်စွာ နေထိုင်လာခဲ့ကြသောလူမျိုးများ ဖြစ်ကြပါသည်။

ထိုနည်းတူ နယ်ချဲ့ဗြိတိသျှအစိုးရမှ တိုက်ခိုက်သိမ်းပိုက်ရာတွင် သီးခြားအချိန်များတွင်သီးခြားစီဖြင့် တိုက်ခိုက်သိမ်းပိုက်လျက် ကိုလိုနီခေတ်တလျောက်လုံး သီးခြားဥပဒေများဖြစ်သည့် "1935 Burma Act ဖြင့်ဗမာ ပြည်မကိုဎင်း၊ 1922 Federated Shan State Act ဖြင့် ရှမ်းပြည်ကိုလည်းကောင်း၊ Kachin Hill Regulation Act 1894 ဖြင့် ကချင်ပြည်ကိုလည်းကောင်း၊ Chin Hill Regulation Act 1896 " ဖြင့် ချင်း ပြည်ကိုလည်းကောင်း သီးခြားစီ ခွဲခြားအုပ်ချုပ်လာခဲ့သည့် လူမျိုးများဖြစ်ပါသည်။

ဒုတိယကမ္ဘာစစ်ကုန်ခါနီး ၁၉၄၅ခုနှစ်၊ စက်တင်ဘာလ (၁၇)ရက်တွင် ဗြိတိသျှအစိုးရမှ တိုင်းရင်းသား များအရေးနှင့်ပတ်သတ်၍ ၎င်း၏သဘောထားအမြင်ကို ထင်ဟပ်စေသည့် စက္ကူဖြူစာတမ်းကို ထုတ် ပြန်ကြေညာခဲ့ပါသည်။

၎င်းစက္ကူဖြူစာတမ်းအရ ချင်း၊ ကချင်၊ ကရင်နီ၊ ရှမ်းစသော တိုင်းရင်းသားလူမျိုးများသည် သီးခြား စီဖြင့် လွတ်လပ်ရေးရယူ၍ မိမိတို့၏ အမျိုးသားနိုင်ငံထူထောင်ခွင့် (သို့) မိမိတို့ဆန္ဒအတိုင်း မြန်မာ (ဗမာ) များနှင့်ပူးပေါင်း၍ အတူတကွလွတ်လပ်ရေးရယူခွင့် (သို့) မိမိတို့ဆန္ဒအတိုင်း ဗြိတိသျှကိုလိုနီ နယ်များအဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်တို့ကို အပြည့်အဝပေးထားပါသည်။ တနည်းအားဖြင့်ဆို သော် နယ်ချဲ့ဗြိတိသျှအစိုးရသည် ချင်း၊ ကချင်၊ ကရင်နီ၊ ရှမ်းစသော တိုင်းရင်းသားလူမျိုးများအား မိမိတို့ အနာဂတ်ရေးနှင့်ပတ်သက်၍ မိမိတို့ကံကြမ္မာကို မိမိတို့ကိုယ်ပိုင်လွတ်လပ်စွာ ရွေးချယ်ဆုံးဖြတ် ပိုင်ခွင့်ကို အပြည့်အဝပေးထားခြင်းပင် ဖြစ်ပါသည်။

သို့သော် တိုင်းရင်းသားလူမျိုးစုများသည် သီးခြားစီဖြင့် လွတ်လပ်ရေးကိုရယူလျက် အမျိုးသားနိုင်ငံထူထောင်ခြင်းကိုလည်းကောင်း၊ ဗြိတိသျှ ကိုယ်လိုနီနယ်အဖြစ် ဆက်လက် နေထိုင်ရေးကိုလည်းကောင်း ရွေးချယ်ခြင်းမပြုဘဲ ဗမာများနှင့်ပူးပေါင်း၍ အတူတကွ လွတ်လပ်ရေးရယူခြင်းသည် မိမိတို့၏ အနာဂတ်ကံကြမ္မာအတွက် အကောင်းဆုံးဖြစ်လိမ့်မည်ဟု ယူဆလျက် ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၂) ရက်နေ့တွင် ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြပါသည်။

ပင်လုံစာချုပ်အရ ပေါ်ပေါက်လာသော ပြည်ထောင်စုမြန်မာနိုင်ငံသည် ဗမာလူမျိုးစုတစုထဲပိုင် မဟုတ်ပေ။ တိုင်းရင်းသားလူမျိုးစုအားလုံး တန်းတူပိုင်ဆိုင်ထားသော နိုင်ငံဖြစ်ပါသည်။ မည်သည့် တိုင်းရင်းသားလူမျိုးစုကမှ အခြားသော တိုင်ရင်းသားလူမျိုးများထက်ပို၍လည်း ပိုင်ဆိုင်ခဲ့ခြင်းမဟုတ်ပေ။ ထို့ကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံ တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မည်သည့်လူမျိုးစုကမှ အခြားသော လူမျိုးစုများထက်ပို၍ တာဝန်ရှိသည်ဟူ၍ သတ်မှတ်ယူဆရန်မဟုတ်ဘဲ တိုင်းရင်းသားလူမျိုးအားလုံးမှ တန်းတူတာဝန်ရှိကြသည်ချည်း ဖြစ်ပါသည်။

ထိုနည်းတူ ယနေ့မြန်မာနိုင်ငံ၏ နိုင်ငံရေးအကြပ်အတည်း ပြဿနာများတွင် အဓိကနှင့်အကျရာဖြစ်သည့် တိုင်းရင်းသားလူနည်းစု (ဗမာမဟုတ်သည့်)များ၏ တန်းတူအခွင့်အရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အခွင့်အရေးများကို လူများစု(ဗမာလူမျိုး) များမှ ရိုးသားစွာ အသိအမှတ်ပြုလေးစားရန် လိုအပ်သလိုနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် ခိုင်မာတိကျစွာ ကာကွယ်ပြဋ္ဌာန်းပေးရန်လိုအပ်ပါသည်။

ထိုသို့ ကာကွယ်ပြဋ္ဌာန်းပေးရန်လိုအပ်ပါလျက် လွတ်လပ်ရေးရပြီး ကျင့်သုံးလာခဲ့ဖူးသော ၁၉၄၇၊ ၁၉၇၄ နှင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေများသည် တိုင်းရင်းသားလူနည်းစုများ၏ တန်းတူအခွင့်အရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများအပေါ် မည်ကဲ့သို့ အသိအမှတ်ပြုပြီး ပြဋ္ဌာန်းခဲ့သည်ကို တိုင်းရင်းသားတစ်ဦး၏ ရှုဒေါင့်ဖြင့် နှိုင်းယှဉ်တင်ပြလိုပါသည်။ ထိုသို့တင်ပြရာတွင် မိမိသည် ဥပဒေပညာရှင်သော်လည်းကောင်း၊ နိုင်ငံရေးသိပ္ပံပညာရှင်သော်လည်းကောင်း မဟုတ်ဘဲ ရိုးရိုးသာမန်လူတဦးသာလျှင်ဖြစ်ပါသဖြင့် မှားယွင်းလွဲချော်မှု၊ မပြည့်စုံမှုများရှိပါက မိမိတစ်ဦးတည်းတွင်သာ တာဝန်ရှိပါကြောင်း တင်ပြလိုပါသည်။

## ပင်လုံညီလာခံနှင့် ပင်လုံစာချုပ်

ပင်လုံညီလာခံကြီးသည် ချင်း၊ ကချင်၊ ရှမ်းစသော တိုင်းရင်းသားလူမျိုးစုများမှ မိမိတို့အနာဂတ် ကံကြမ္မာကို လွတ်လပ်စွာ ဆုံးဖြတ်ပြဋ္ဌာန်းနိုင်ရန်၊ တနည်းအားဖြင့်ဆိုသော် တောင်တန်းဒေသများ အ

နေဖြင့် လွတ်လပ်ရေးမယူသေးဘဲ ဗြိတိသျှကိုယ်လိုနီနယ်အဖြစ် ဆက်လက်နေထိုင်မည်လော၊ သီးခြားစီဖြင့် လွတ်လပ်ရေးရယူမည်လော့၊ အောင်ဆန်းဦးဆောင်သည့် ကြားဖြတ်ဗမာအစိုးရနှင့် ပူးပေါင်းပြီး အတူတကွ လွတ်လပ်ရေးရယူမည်လော့၊ ထိုသို့ရယူခဲ့ပါက မည်သည့်ကတိကဂတ်များအပေါ် အခြေခံပြီး မည်သို့မည်ပုံ၊ မည်သည့်အဆင့်တန်းဖြင့် ပူးပေါင်းရယူမည်နည်းဟူသော မိမိတို့၏ အနာဂတ်ရေးနှင့်ပတ်သတ်၍ ဆွေးနွေးရန် ခေါ်ယူထားသော ညီလာခံဖြစ်ပါသည်။

ညီလာခံပထမနေ့ဖြစ်သည့် ၁၉၄၇ ခုနှစ်၊ ဖေဖော်ဂါရီလ (၆)ရက်နေ့တွင် ရှမ်းကိုယ်စားလှယ်များနှင့် ကချင် ကိုယ်စားလှယ်များဆွေးနွေး၍ အောက်ပါအချက်(၈)ချက်ကို သဘောတူဆုံးဖြတ်ခဲ့ကြပါသည်။

(၁) ဒီမိုကရေစီ "မူ" အရ ဗမာနှင့်တန်းတူအခွင့်အရေးပေးရန်။

(၂) ဘုရင်ခံ၏ အမှုဆောင်ဂန်ကြီးအဖွဲ့တွင်ပါဂင်မည့် ရှမ်းနှင့် ကချင်ကိုယ်စားလှယ်များသည် မိမိတို့ဆိုင်ရာ နယ်ပယ်အရေးကို လုံးဂတာဂန်ယူရုံမက ကာကွယ်ရေး၊ နိုင်ငံခြားရေး၊ မီးရထားနှင့် အကောက်ခွန်လုပ်ငန်းများကိုလည်း ပူးတွဲတာဂန်ယူရန်။

(၃) ကချင်တို့တောင်းဆိုသည့် ကချင်ပြည်နယ်ထူထောင်ရေးကို ထောက်ခံရန်။

(၄) ဗမာကိုယ်စားလှယ်များနှင့် ဗြိတိသျှအစိုးရတို့၏ သဘောတူညီချက်များသည် ရှမ်း၊ ကချင်တို့နှင့် မသတ်ဆိုင်စေရ။

(၅) လွတ်လပ်ရေးရပြီး ပြည်ထောင်စုမှ ခွဲထွက်လိုက ခွဲထွက်ရန်ဟူသော အချက်(၅)ချက်ကို သဘောတူခဲ့ပါသည်။

ညီလာခံပထမနေ့ (၁၉၄၇၊ ဖေဖော်ဂါရီလ (၆)ရက်)ညနေပိုင်းတွင် ပင်လုံသို့ရောက်ရှိလာသော ချင်းကိုယ်စားလှယ်များနှင့် ဖေဖော်ဂါရီလ (၇) ရက်နေ့တွင် ထပ်မံဆွေးနွေးရာ ရှမ်းနှင့် ကချင်မှ သဘောတူညီသည့် အချက်(၅)ချက်ကို ချင်းအတွက်ပါ အကျုံးဂင်အောင် ထပ်မံအတည်ပြုခဲ့သည့်အပြင် ချင်းကိုယ်စားလှယ်များတင်သွင်းသည့် အချက်(၃)ချက်ကိုပါ ထပ်မံဖြည့်စွက်ပြီး အတည်ပြုခဲ့ပါသည်။

ချင်း၊ ကချင်၊ ရှမ်းခေါင်းဆောင်များသည် အထက်ပါသဘောတူဆုံးဖြတ်ချက်များကို ဗိုလ်ချုပ်အောင်ဆန်းအမှူးပြုသော ဗမာခေါင်းဆောင်များနှင့် ၁၉၄၇ ခုနှစ်၊ ဖေဖော်ဂါရီလ (၁၀)ရက်နေ့တွင် ဆွေးနွေးညှိနှိုင်းကြရာ အောင်ဆန်းသည် ထိုလူမျိုးများ၏ သီးခြားလွတ်လပ်ရေးရယူပိုင်ခွင့်နှင့် အမျိုးသားနိုင်ငံတော်ထူထောင်ပိုင်ခွင့်ကို အသိအမှတ်ပြု၍ အောင်ဆန်း - အက်တလီစာချုပ်ကို လတ်လတ်

ဆတ်ဆတ် လက်မှတ်ရေးထိုးခဲ့သူဖြစ်သည်နှင့်အညီ ချင်း၊ ကချင် နှင့် ရှမ်းခေါင်းဆောင်များ တင်ပြချက်ကို လွယ်လင့်တကူပင် သဘောတူခဲ့သည်။

သို့သော် ဆုံးဖြတ်ချက် (၅) မှ "ခွဲထွက်ပိုင်ခွင့်" ကိုမူ စီးပွားရေး(၅)နှစ် စီမံကိန်းနှစ်ကြိမ် စမ်းသပ်ပြီးမှ တိုင်းရင်းသားလူမျိုးစုများအနေဖြင့် ပြည်ထောင်စုထဲပူးပေါင်းခြင်းကို စိတ်တိုင်းမကျဘဲ ခွဲထွက်ချင်သေးသည်ဆိုလျှင် ခွဲထွက်ပါ၊ အနည်းဆုံး (၁၀)နှစ် လောက်တော့စောင့်ပါ" ဟူသော အောင်ဆန်း၏ တောင်းဆိုချက်ကို ချင်း၊ ကချင်၊ ရှမ်းခေါင်းဆောင်များမှ လိုက်လျောခဲ့ရာ ခွဲထွက်ခွင့်ကို (၁၀)နှစ်ကြာမှ ကျင့်သုံးရန် ၁၉၄၇ ဖွဲ့ စည်းပုံအခြေခံဥပဒေ အခန်း(၁၀)တွင် ဖော်ပြထားခြင်းဖြစ်ပါသည်။

ထို့ကြောင့် ပင်လုံ၏ အဓိပ္ပါယ်မှာ အင်္ဂလိပ်ကိုလိုနီဘ၀သို့ မကျရောက်ခင်က သီးခြားလွတ်လပ်စွာ နေထိုင်ခဲ့ကြသော လူမျိုးပေါင်းစုံတို့သည် အင်္ဂလိပ်လက်အောက်မှ လွတ်မြောက်ကြသောအခါ သီးခြားစီဖြင့် လွတ်လပ်သော အမျိုးသားနိုင်ငံတော်များ ထူထောင်ခြင်းမပြုဘဲ အတူတကွတန်းတူရည်တူ ပူးပေါင်း၍ ပြည်ထောင်စုနိုင်ငံတစ်ခုတည်းကို ထူထောင်ကြမည်၊ ဟူ၍ဖြစ်ပါသည်။ တနည်းအားဖြင့် ချင်း၊ ကချင်၊ ရှမ်း လူမျိုးများကို အောင်ဆန်းမှ လက်နက်အင်အားဖြင့် တိုက်ခိုက်အနိုင်ယူ၍ သူ၏ အုပ်ချုပ်မှုနယ်နမိတ်အတွင်းသို့ သွတ်သွင်းအညံ့ခံစေသောစာချုပ်မဟုတ်ပေ။ သီးခြားလွတ်လပ်သော လူမျိုးများက မိမိတို့ဆန္ဒအလျောက် မိမိတို့၏ မွေးရာပါလွတ်လပ်ခွင့်၊ အချုပ်အခြာအာဏာနှင့် ဘိုးဘွားပိုင်နယ်မြေတို့ကို တန်းတူရည်တူပူးပေါင်း၍ ပြည်ထောင်စုနိုင်ငံတော်တခုတည်းကို အတူတကွ ထူထောင်ရန် သဘောတူထားသော စာချုပ်ဖြစ်ပါသည်။

ထို့ကြောင့် တန်းတူရေးနှင့်ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်သည် ပြည်ထောင်စုကြီး၏ အနှစ်သာရဖြစ်ပါသည်။ အကြောင်းမှာ တောင်တန်းသားများ၏ တန်းတူအခွင့်အရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အောင်ဆန်းမှ ပင်လုံညီလာခံတွင် လက်ခံခြင်းမပြုခဲ့ပါက ချင်း၊ ကချင်၊ ရှမ်းစသော တိုင်းရင်းသားလူမျိုးစုများအနေဖြင့် ပင်လုံစာချုပ်ကို သဘောတူလတ်မှတ်ရေးထိုးစရာ အကြောင်းမရှိသလို၊ ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုခြင်းမရှိပါက ပင်လုံစာချုပ်ဟူ၍လည်းကောင်း၊ ထိုနည်းတူ ပြည်ထောင်စုကြီးဟူ၍ လည်းကောင်း၊ ပေါ်ထွန်းလာစရာအကြောင်းလည်း ရှိမည်မဟုတ်ပေ။ ထို့ကြောင့် တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်သည် ပြည်ထောင်စုကြီး၏ အမှန်တကယ် အနှစ်သာရသာလျှင် ဖြစ်ပါသည်။

### ၁၉၄၇ ဖွဲ့စည်းပုံအခြခံဥပဒေ

၁၉၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေသည် ၁၉၄၈ ခုနှစ်၊ ဇန်နဂါရီလ (၄)ရက်နေ့၊ မြန်မာနိုင်ငံလွတ်လပ်ရေးရရှိချိန်မှစ၍ ၁၉၆၂ ခုနှစ်၊ မတ်လ (၂) ရက်နေ့ ဗိုလ်ချုပ်နေဝင်းမှ နိုင်ငံတော်အာဏာသိမ်းယူချိန်

တနည်းအားဖြင့် ပါလီမန်ဒီမိုကရေစီခေတ် (၁၄)နှစ်တာကာလအတွင်း အသုံးပြုခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေ ဖြစ်ပါသည်။

၁၉၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသည် အောင်ဆန်းမကွယ်လွန်မီ အောင်ဆန်းကိုယ်တိုင်ရေးဆွဲပြီး ၁၉၄၇ ခုနှစ်၊ မေလ ဖဆပလ ညီလာခံမှ အတည်ပြုပေးသည့် နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ (မူကြမ်း) ကို အောင်ဆန်းလုပ်ကြံခံရပြီးနောက် ဦးနုမှ ချောင်ထိုးဖုံးဖိခဲ့ပြီး ဦးချန်ထွန်းကို ကမန်းကတန်း အသစ်ရေးဆွဲစေခဲ့သည့် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေဖြစ်ပါသည်။ ၁၉၄၇ ခုနှစ်၊ စက်တင်ဘာလ (၂၄) ရက်နေ့တွင် တိုင်းပြုပြည်ပြုလွှတ်တော်မှ အတည်ပြုခဲ့ပါသည်။ ၁၉၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် အခန်း (၁၄) ခန်း၊ ဇယား (၄) ခုနှင့် ပုဒ်မအားဖြင့် (၂၃၄) ပုဒ်မ ပါဝင်ခဲ့ပါသည်။

### က။ ၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အားနည်းချက်များ

၁၉၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် အားနည်းချက်များစွာရှိပါသည်။ အထူးသဖြင့် ၁၉၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသည် တိုင်းပြုပြည်ပြုလွှတ်တော်က အတည်မပြုမီ၊ လူမျိုးစုခေါင်းဆောင်များ၊ အထူးသဖြင့် ရှမ်းခေါင်းဆောင်များမှ ဂေဖန်သုံးသပ်၍ ပြင်ဆင်ရေးသားရန် တင်ပြခဲ့ပါသည်။ သို့သော် "ဦးနုမှ လွတ်လပ်ရေးရရှိရန် အလျင်စလိုလိုအပ်နေသည်ကတကြောင်း၊ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း လုပ်ကြံခံရ၍ တပြည်လုံးပူဆွေးဂမ်းနည်းနေသည့်အချိန်တွင် တိုင်းရင်းသားအချင်းချင်း အငြင်းအခုံမလုပ်သင့်သေးကြောင်း၊ လွတ်လပ်ရေးရပြီးနောက် လူမျိုးစုများလိုချင်သည့်အပိုဒ်ကို အမြန်ပြင်ဆင်ပေးမည်ဟု ကတိခံသည်ကတကြောင်းတို့ကြောင့် လူမျိုးစုများဖက်မှ ထူးထူးထွေထွေငြင်းခုံခြင်း မပြုတော့ဘဲ အတည်ပြုခဲ့ကြပါသည်။

သို့သော် တိုင်းရင်းသားလူမျိုးများမှ မိမိတို့ဆန္ဒအတိုင်း "တန်းတူရေးမူ" အပေါ်အခြေခံပြီး ပူးပေါင်း ဖွဲ့စည်းထားသော အသစ်စက်စက်သော ပြည်ထောင်စုနိုင်ငံတော်တွင် စတင်ကျင့်သုံးခဲ့သော ၁၉၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသည် ပင်လုံညီလာခံတွင် တိုင်းရင်းသားများ မျှော်မှန်းထားသော "တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများကို လက်တွေ့၌ အကောင်အထည်မဖော်ဆောင်နိုင်ခဲ့သည့်အပြင် အခြားပျော့ကွက်ဟာကွက်များ များစွာရှိလာသည်ကို တွေ့ရှိရပါသည်။ အဓိက အားနည်းချက်များအဖြစ် ယူဆထားသော အချက်အချို့ကို အနည်းငယ်တင်ပြလိုပါသည်။

## (၁) ပြည်ထောင်စုစံနစ်မဟုတ်ဘဲ တပြည်ထောင်စုစံနစ်ဖြစ်ခြင်း

ပင်လုံညီလာခံတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များမှ သဘောတူမျှော်မှန်းခဲ့သော နိုင်ငံတော်တည်ဆောက်ပုံမှာ "တန်းတူရည်တူရှိသောပြည်ထောင်စုတည်ဆောက်ရန်" ဖြစ်ပါသည်။ သို့သော် ၁၉၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ ပေါ်ထွန်းလာသော နိုင်ငံတော်သည် အမည်အားဖြင့် ပြည်ထောင်စုဟု ခေါ်ဆိုရသော်လည်း လက်တွေ့အနှစ်သာရအားဖြင့် "တပြည်ထောင်စံနစ်" ဖြစ်သွားခဲ့ပါသည်။ ယင်းအချက်ကို ၁၉၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ရေးဆွဲသူ ဦးချန်ထွန်းမှ "ကျွန်ုပ်တို့ဖွဲ့စည်းပုံသည် သဘောတရားအားဖြင့် ပြည်ထောင်စံနစ်ဖြစ်ပေမဲ့ လက်တွေ့တွင် တပြည်ထောင်စုစံနစ်ဖြစ်သည်" ဟုဝန်ခံခဲ့ပါသည်။ ဤသည်မှာ ၁၉၄၇ ဖွဲ့စည်းပုံအခြေခံ ဥပဒေ၏ အဓိကအားနည်းချက်ကြီးဖြစ်ပါသည်။

ပင်လုံညီလာခံတွင် အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များ၏ "တန်းတူရည်တူရှိသော ပြည်ထောင်စုထူထောင်ရေး" မျှော်မှန်းချက်မှသွေဖီလျက် လူမျိုးတမျိုးတည်းရှိသော တိုင်းပြည်များတွင် ကျင့်သုံးသည့် "တပြည်ထောင်စံနစ်" ဖြင့် တိုင်းပြည်ကို ဖွဲ့စည်းလာခဲ့ခြင်းသည် ဦးနုအပါအဝင် ဗမာခေါင်းဆောင်များမှ အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များ၏ မျက်နှာကိုမှမထောက်ဘဲ ပြည်ထောင်စုကြီး၏ အသက်သွေးကြောဖြစ်သော အသစ်စက်စက်သော "ပင်လုံစာချုပ်ကြီးကို ပေါ်ပေါ်ထင်ထင်ကြီး သစ္စာဖေါက်ခြင်းပင် ဖြစ်ပါသည်။

## (၂) ဗမာလူမျိုးစုများအတွက် သီးခြားပြည်နယ်ထူထောင်ခြင်းမပြုဘဲ ပြည်ထောင်စုအာဏာကို ဗမာလူမျိုးစုများမှ သိမ်းယူခြင်း

၁၉၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၏ နောက်အားနည်းချက်တခုမှာ "တန်းတူရည်တူရှိသော ပြည်ထောင်စုထူထောင်ရန်" ပင်လုံတွင် သဘောတူညီထားသည့်အတိုင်း ရှမ်း၊ ကချင်၊ ကယား၊ ကရင် လူမျိုးစုများအတွက် သီးခြားပြည်နယ်များ ဖွဲ့စည်းပေးထားပါလျက်နှင့် ဗမာလူမျိုးစုများအတွက် သီးခြားပြည်နယ်ဖွဲ့စည်း ပေးခြင်းမပြုဘဲ နိုင်ငံတော်အချုပ်အခြာအာဏာဟူသမျှ ဗဟိုနှင့်တွဲ၍ ဗမာလူမျိုးများမှ သိမ်းကျုံးထားခြင်း ဖြစ်ပါသည်။

ဤသို့ သိမ်းကျုံးထားခြင်းဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေစာရင်း(၁)အရ ပြည်ထောင်စုဥပဒေပြုစာရင်းမှ အချက် (၈၉) ချက်နှင့်ပတ်သက်၍ ဗမာလူမျိုးစုများမှ ဥပဒေပြုနိုင်သည့်အချိန်တွင် အဖွဲ့ဝင်ပြည်နယ်များအနေဖြင့် စာရင်း(၂)အရ အချက်(၃၇)ချက်နှင့်ပတ်သက်၍သာလျှင် ဥပဒေပြုနိုင်ခဲ့ပါသည်။ ဤသည်မှာ လုံးဝမျှတမှု မရှိသော အာဏာခွဲဝေမှုဖြစ်ပါသည်။

တနည်းအားဖြင့်ဆိုသော် ဗမာလူမျိုးစုတခုတည်းမှ ပြည်ထောင်စုကြီးတခုလုံး၏ အချုပ်အခြာအာဏာ တခုလုံးကို ပြဌာန်းပိုင်ခွင့်ပေးထားသည့်အချိန်တွင် ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များအနေဖြင့် အင်းပက်၊ အိုင်ပက်၊ ထင်းခုတ်၊ ဆားချက်စသော မပြောပလောက်သည့် လုပ်ပိုင်ခွင့်များကိုသာ ပေးထားခြင်းသည်။ သွယ်ဝှက်သောနည်းဖြင့် ပြည်နယ်များကို ဗမာလူမျိုးစုများ၏ ပဏ္ဏာဆက်နိုင်ငံအဖြစ် သွတ်သွင်းလိုက်ခြင်းပင် ဖြစ်ပါသည်။

## (၃) ပါလီမန်တွင်ကိုယ်စားပြုမှု မျှတမှုမရှိခြင်း

၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ နောက်အားနည်းချက်တခုမှာ ပင်လုံတွင် "တန်းတူမှု" အပေါ် အခြေခံပြီး ပြည်ထောင်စုကြီးတခုကို တည်ထောင်ပါလျက်နဲ့ တိုင်းရင်းသားလူမျိုးများ၏ တန်းတူအခွင့်အရေးကို ၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေအရ လုံးဝပုံဖော်ပြီး အာမခံချက်ပေးမထားနိုင်ခြင်းဖြစ်ပါသည်။

ဥပဒေပြုအာဏာတွင် တခုအပါအဝင်ဖြစ်သည့် အထက်လွှတ်တော် (အမျိုးသားလွှတ်တော်) သည် ပြည်ထောင်စုကြီးတခုလုံး တန်းတူဖွံ့ဖြိုးရေးကို ထိန်းညှိပေးရန်ရည်ရွယ်လျက် ဖွဲ့စည်းလေ့ရှိပါသည်။ တနည်းအားဖြင့် အောက်လွှတ်တော်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့အား တန်ပြန်ထိန်းညှိခြင်းပြုပေးရန် အဓိက ရည်ရွယ်၍ ဖွဲ့စည်းလျက်ရှိပါသည်။

သို့သော် ၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းထားသော အထက်လွှတ်တော်ကို အသေအချာလေ့လာကြည့်သော် အခြေခံဥပဒေပုဒ်မ (၈၇)၊ ဇယား(၂)အရ အထက်လွှတ်တော်ဖွဲ့စည်းရာတွင် အထက်လွှတ်တော်အမတ် (၁၂၅)ဦးအနက် ပြည်မမှ (၅၃)ဦး၊ ရှမ်းပြည်နယ်မှ (၂၅)ဦး၊ ကချင်ပြည်နယ်မှ(၁၂)ဦး၊ ကရင်ပြည်နယ်မှ (၂၄)ဦး၊ ချင်းဂိုသေသတိုင်မှ (၈)ဦးနှင့် ကယားပြည်နယ်မှ (၃)ဦးဖြင့် ဖွဲ့စည်းခဲ့ပါသည်။

လူမျိုးကိုအခြေခံလျက် ဖွဲ့စည်းထားသောပြည်ထောင်စုနိုင်ငံတခုအတွက် ထိုမျှအထိ အမတ်ဦးရေ ကွာခြားစွာ အထက်လွှတ်တော်တွင် ကိုယ်စားပြုပါဝင်ခြင်းမျိုး အခြားသော ဖက်ဒရယ်ပြည်ထောင်စုတွင်မရှိချေ။

ပင်လုံကိုအခြေခံပြီး တန်းတူရေးမူအပေါ်အခြေခံလျက် ဖွဲ့စည်းထားသော ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတခု တွင် ဗမာလူမျိုးစုတစုထဲမှ အမတ်(၅၃)ဦး နေရာရယူချိန်တွင် တိုင်းရင်းသားလူမျိုးစု (၅)စုမှ (၇၂) ဦးနေရာသာ ရယူခြင်းသည် လုံးဝဖြစ်သင့်သည့်အရာမဟုတ်ပေ။

ထိုနည်းတူ လူဦးရေကိုအခြေခံပြီးဖွဲ့စည်းထားသော ပြည်သူ့လွှတ်တော်(အောက်လွှတ်တော်)တွင် ပါလီမန် ရွေးကောက်ပွဲအက်ဥပဒေ အမှတ်(၆၅)၊ ပုဒ်မ(၃)အရ အမတ်(၂၅၀)ဦးရှိရာ ရှမ်းပြည်နယ်မှ အမတ် (၁၅)ဦး၊ ကချင်ပြည်နယ်မှ (၇)ဦး၊ ချင်းဂိုဏ်သေသတိုင်းမှ (၆)ဦး၊ ကယားပြည်နယ်မှ(၂)ဦးနှင့် ကရင်အမျိုးသားများအတွက် အမတ်(၂၀)ဦး၊ စုစုပေါင်း တိုင်းရင်းသားလူမျိုးများအတွက် အမတ် (၆၀) ဦးသာ ရရှိသည့်အချိန်တွင် ဗမာလူမျိုးစုပိုင်ပြည်မမှ အမတ် (၁၉၀)ဦးရှိရာ တိုင်းရင်းသားလူမျိုးစုများ၏ အမတ်သည် သုံးပုံတပုံပင် မပြည့်ခဲ့ပေ။

၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ(၆၈)အရ ပါလီမန်တွင် မည်သည့်အဆိုမျိုးမဆို တင်သွင်းနိုင်သည် ဟူ၍လည်းကောင်း၊ ပုဒ်မ (၆၉/၁)အရ ရိုးရိုးအများစုမဲဖြင့် မည်သည့်အဆိုကိုမဆို ဆုံးဖြတ်နိုင်သည် ဟူ၍လည်းကောင်း၊ ပုဒ်မ(၂၀၉/၃)အရ အမတ်သုံးပုံနှစ်ပုံ ထောက်ခံမှုဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်နိုင်သည် ဟူ၍လည်းကောင်း ပြဌာန်ထားပါသည်။

အထက်ပါပြဌာန်းချက်များအရ တိုင်းရင်းသားလူမျိုးစုများ၏ မဲမပါဘဲ/မဲပေးရန် မလိုအပ်ဘဲ ဗမာ (ပြည်မ) အမတ်များ၏ မဲတခုတည်းဖြင့် မည်သည့်ဥပဒေမဆိုပြုနိုင်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ မည်သည့်အပိုဒ်ကိုမဆို ပြင်နိုင်သည်/ပြောင်းလဲနိုင်သည်။ တိုင်းရင်းသားအမတ်များ၏မဲဆိုသည်မှာ မလိုအပ်သော အပိုမဲသက်သက် ဖြစ်သွားပါသည်။

## (၄) ဂန်ကြီးချုပ်မှ ပြည်နယ်ရေးရာဂန်ကြီး/ဥက္ကဌများကို ၎င်းစိတ်ကြိုက်ခန့်အပ်ခြင်း

၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ နောက်အားနည်းချက်တခုမှာ ရှမ်း၊ ကချင်၊ ကယား၊ ကရင်၊ ချင်း စသော ပြည်နယ်များမှ အစိုးရနှင့်ကောင်စီများသည် မိမိတို့နှင့်ဆိုင်ရာ ပြည်နယ်များအတွက် လိုအပ်သော ဥပဒေပြုခြင်းနှင့် စီမံခန့်ခွဲမှုတာဂန်များကို တာဂန်ယူရမည့် အရေးကြီးပုဂ္ဂိုလ်များဖြစ်ပါသည်။ ပြည်နယ် လူထုများအနေဖြင့် ထိုမျှအရေးကြီးသော အမတ်များနှင့်ဂန်ကြီးများကို မိမိကိုယ်တိုင် ရွေးချယ်နိုင်ရမည် ဖြစ်ပါသည်။

သို့သော် ၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ (၁၆၀)အရ ဂန်ကြီးချုပ်မှ ရှမ်းပြည်နယ်ဂန်ကြီး၊ ပုဒ်မ (၁၇၃) အရ ကချင်ပြည်နယ်ဂန်ကြီးနှင့် ဥက္ကဌ၊ ပုဒ်မ (၁၈၁/၂)အရ ကရင်ပြည်နယ်ဂန်ကြီး၊ ပုဒ်မ (၁၉၇/၂) အရ ချင်းဂိုဏ်သေသတိုင်းဂန်ကြီးကို ခန့်အပ်ရမည်ဟု ပြဌာန်းထားပါသည်။

ဤပြဌာန်းချက်များသည် ဗမာလူမျိုးစုများမှ တိုင်းရင်းသားလူမျိုးစုများ၏ ဘဂကံကြမ္မာတခုလုံကို ၎င်းတို့စိတ်ကြိုက် ကြိုက်သလို ချယ်လှယ်ဖန်တီးနိုင်ရန် ဖြစ်ပါသည်။ သာဓကအနေဖြင့် တင်ပြရသော်

၁၉၅၁-၅၂ အထွေထွေရွေးကောက်ပွဲတွင် ချင်းဂိုသေသတိုင်း(ယခုချင်းပြည်နယ်)၌ ဦးဇာရဲလျံ ဦးဆောင်သော ချင်းအမျိုးသားကွန်ဂရက်ပါတီနှင့် ကပတိန်မန်တုံးနံ့ဦးဆောင်သော ချင်းအမျိုးသားအဖွဲ့ပါတီမှ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ချင်းကွန်ဂရက်ပါတီမှ အမတ်(၁၀)နေရာနှင့် ချင်းအမျိုးသားအဖွဲ့ပါတီမှ အမတ်(၂)နေရာ အသီးသီး အနိုင်ရရှိခဲ့ပါသည်။

ပါလီမန်လုပ်ထုံးလုပ်နည်းအရ အမတ်(၁၀)နေရာ အနိုင်ရသည့် ချင်းကွန်ဂရက်ပါတီမှ အစိုးရဖွဲ့ပြီး ခေါင်းဆောင်ဦးဇာရဲလျံမှ ချင်းရေးရာဝန်ကြီးတာဝန်ကို ထမ်းဆောင်ရန်ဖြစ်ပါသည်။ သို့သော် ဝန်ကြီးချုပ်ဦးနုမှ "ဦးဇာရဲလျံသည် အသက်ငယ်သေးသည်၊ အိမ်ထောင်မရှိသေး၊ နိုင်ငံရေးဗဟုသုတ နသေးသည်ဟု အကြောင်းပြကာ ချင်းရေးရာဝန်ကြီးအဖြစ် ခန့်အပ်ရန်ငြင်းဆိုလျက် ချင်းရေးရာဝန်ကြီးအဖြစ် ချင်းကွန်ဂရက်ပါတီထဲမှ ဦးရှိန်းထန်ကို ၎င်းသဘောဖြင့် ခန့်အပ်လိုက်သည်။

နောက်ဆုံး ချင်းရေးရာဝန်ကြီးအတွင်း အလုပ်မဖြစ်တော့မှ ဦးရှိန်ထန်းကို ပြည်မ အခြားဌာနတခုပေး၍ ကွန်ဂရက်အဖွဲ့ခေါင်းဆောင် ဦးဇာရဲလျံကို ချင်းရေးရာဝန်ကြီးအဖြစ် ပြန်လည်ခန့်အပ်လိုက်သည်။

ထိုနည်းတူ ကချင်ပြည်နယ်တွင် အမတ်နေရာ (၇)နေရာ အနိုင်ရသည့် ကချင်အမျိုးသားကွန်ဂရက်ပါတီမှ ဒူဝါဇော်လွန်ကို ကချင်ရေးရာဝန်ကြီးအဖြစ် ခန့်အပ်ရန်ငြင်းပယ်လျက် အမတ်(၄)နေရာ အနိုင်ရသည့် ပြည်သူ့စီးပွားရေးနှင့် ယဉ်ကျေးမှုတိုးတက်ရေးပါတီမှ ဆမားဒူးဝါးဆင်ဝါးနောင်ကို ၎င်းတဦးတည်း၏သဘောဖြင့် ကချင်ပြည်နယ်ရေးရာဝန်ကြီးအဖြစ် ခန့်အပ်လိုက်သည်။ ထိုနည်းတူ ကရင်ပြည်နယ်တွင် ကရင်ပြည်နယ်မှ အမတ်မဟုတ်သော မြစ်ဂကျွန်းပေါ်မှ အမတ်ဦးအောင်ပကို ၎င်းတဦးတည်းသဘောဖြင့် ကရင်ရေးရာဝန် ကြီးနှင့် ကရင်ပြည်နယ်ဥက္ကဋ္ဌ အဖြစ်ခန့်အပ်လိုက်သည်။ သို့သော် ကရင်ရေးရာအတွင်း နောက်ဆုံးအလုပ် မဖြစ်တော့မှ ကရင်ပြည်နယ်မှ ရွေးကောက်တင်မြှောက်ခံ ဒေါက်တာစောလှထွန်းကို ကရင်ပြည်နယ်ဥက္ကဋ္ဌအဖြစ် ပြန်လည်ခန့်အပ်လိုက်သည်။

## ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ

နဝတ အစိုးရသည် ၁၉၉၃ ခုနှစ်မှစ၍ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရန် အမျိုးသားညီလာခံကို စတင်ကျင်းပခဲ့သည်။ ထိုကဲ့သို့ ကျင်းပရာတွင် လူထုကိုယ်စားလှယ်များဖြင့် ကျင်းပခြင်းမဟုတ်ဘဲ ၎င်းစိတ်ကြိုက်ရွေးချယ်ထားသော ကိုယ်စားလှယ်များဖြင့် ရွေးချယ်ကျင်းပခြင်းဖြစ်ပါသည်။ အမျိုးသားညီလာခံကို ၁၉၉၃ မှ စတင်ကျင်းပပြီး ၂၀၀၇ ခုနှစ်၊ စက်တင်ဘာလ (၃)ရက်နေ့တွင် အမျိုးသားညီလာခံ ကျင်းပပြီးစီးခဲ့ပါသည်။ ၂၀၀၈ ခုနှစ်၊ မေလ (၁၀)ရက်နေ့နှင့် (၂၄)ရက်နေ့များတွင် လူထု

ဆန္ဒခံယူပွဲကျင်းပပြီး ၂၀၀၈ ခုနှစ်၊ မေလ (၂၉)ရက်နေ့တွင် မဲပေးသူ (၉၂.၄၈)ရာခိုင်နှုန်းမှ ထောက်ခံအတည်ပြုကြောင်း ကြေညာခဲ့ပါသည်။

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ပြည်သူလူထုမှ ၎င်းတို့တည်ဆောက်ချင်သောနိုင်ငံ၊ ပုံဖော်လိုသော လူ့အဖွဲ့အစည်း၊ လိုချင်သော အစိုးရကိုသော်လည်းကောင်း၊ နှစ်ပေါင်း(၅၀)ကျော်ကြာ တိုင်းရင်းသားများ၏ လက်နက်ကိုင်ပဋိပက္ခ ဘာကြောင့်ဖြစ်ရသည်၊ ၎င်းကိုမည်ကဲ့သို့ ငြိမ်းချမ်းအောင် ပြုလုပ်ရမည်ကိုသော်လည်းကောင်း ဦးတည်ပြီး ပုံဖော်ရေးဆွဲထားခြင်းမဟုတ်ပေ။

၎င်းတို့စိတ်ကြိုက် ကြိုတင်ချမှတ်ပြီးသော အခြေခံမူ(၆)ချက်နှင့် လမ်းညွှန်မူ (၁၀၄) ချက်အပေါ်အခြေခံလျက် "စစ်အုပ်ချုပ်ရေးတရားဝင်ဖြစ်ရေး" ကိုဦးတည်ပြီး ရေးဆွဲထားသော ဖွဲ့စည်းပုံအခြေခံဥပဒေ ဖြစ်ပါသည်။

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အခန်း(၁၅)ခန်း၊ ဇယား (၅)ခုနှင့် ပုဒ်မအားဖြင့် (၄၅၇) ခု ပါဝင်ခဲ့ပါသည်။

## (ခ) ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အားနည်းချက်များ

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေသည် စတင်သန္ဓေတည်ပုံတည်နည်းကအစ မွေးဖွားပုံမွေးဖွားနည်းကအဆုံးအထိ မှားယွင်းသော နည်းလမ်းများဖြင့်စတင် မွေးဖွားလာသော အဖွဲ့စည်းပုံအခြေခံဥပဒေ ဖြစ်ပါသည်။

ထို့ကြောင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ အားနည်းချက်များနှင့် ပျော့ကွက်ဟာကွက်များ ထောက်ပြရန် အချက်ပေါင်းများစွာ ရှိမည်ဖြစ်ပါသည်။ အဓိကကျသည်ဟု ယူဆရသော အချက်အလက်အချို့ကို အနည်းငယ်ထောက်ပြလိုပါသည်။

### (၁) အတုအယောင် ပြည်ထောင်စုစံနစ်ဖြစ်ပါသည်

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ(၈)အရ "နိုင်ငံတော်ကို ပြည်ထောင်စုစံနစ်ဖြင့် ဖွဲ့စည်းတည်ဆောက်သည်" ဟူ၍ပြဌာန်းထားပါသည်။

ပြည်ထောင်စုလွှတ်တော်တွင် လွှတ်တော်နှစ်ရပ်စံနစ် (Bicameralism) ကျင့်သုံးခြင်း၊ အမျိုးသားလွှတ်တော် ခေါ် အထက်လွှတ်တော်တွင်တူညီသော ကိုယ်စားပြုမှု (Equal-representative) စံနစ်ထားရှိ

ခြင်း၊ ဗဟိုနှင့် အဖွဲ့ဝင်ပြည်နယ်အကြား အာဏာခွဲဝေမှု (Division of power) အတော်အတန် ထားရှိခြင်း၊

- အဖွဲ့ဝင်ပြည်နယ်များတွင် လူထုမှရွေးချယ်ထားသော ဥပဒေပြုရေးအာဏာကိုကျင့်သုံးမည့် ပြည်နယ်လွှတ်တော်ထားရှိခြင်း (Legislative power)

- လွှတ်တော်ကိုအခြေခံပြီး အုပ်ချုပ်ရေးအာဏာ (Executive power) ကျင့်သုံးရန် ဖွဲ့စည်းထားသည့် ပြည်နယ်အစိုးရ သီးသန့်ထားရှိခြင်း၊

- ပြည်နယ်တရားစီရင်ရေးအာဏာ (Judicial power)ကို သီးသန့်ထားရှိခြင်း စသည့်အချက်များကို ကြည့်မည်ဆိုလျှင် ပြည်ထောင်စုဟု အပေါ်ယံအားဖြင့် ခေါ်ဆိုနိုင်မည် ဖြစ်ပါသည်။

သို့သော် တကယ့်လက်တွေ့အခြေအနေတွင်

- ပြည်ထောင်စုလွှတ်တော်နှင့် အဖွဲ့ဝင်ပြည်နယ်များ၏ လွှတ်တော် ၂၅% ရာခိုင်နှုန်းစစ်တပ်မှ ပါဝင်ထိန်းချုပ်ထားခြင်း၊

- ၎င်းအပြင် ပြည်ထောင်စုအစိုးရဖွဲ့စည်းရာတွင် အရေးကြီးသော ဝန်ကြီးဌာနများဖြစ်သည်ဟု ယူဆရသော ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် (ပြည်နယ်အပါအဝင်) လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနများကို တပ်မတော်ကာကွယ်ရေးစစ်ဦးစီးချုပ်မှ အမည်စာရင်းတင်သွင်းပြီး ခန့်အပ်ခြင်းဖြင့် အစိုးရကို စစ်တပ်မှ ထိန်းချုပ်ခြင်း၊

- ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသများ၏ ဦးစီးအဖွဲ့တွင် စစ်တပ်မှ ၂၅ ရာခိုင်နှုန်း ပါဝင်ထိန်းချုပ်ခြင်း၊

- လိုအပ်ပါက စစ်ဦးစီးချုပ်ကို ပုဒ်မ ၄၁(ဂ)အရ နိုင်ငံတော်အာဏာသိမ်းယူခွင့်ကို ဖွဲ့စည်းပုံအခြေခံဥပဒေအရ အာဏာပေးထားခြင်း စသည်ဖြင့် "ပြည်ထောင်စု" ဟုခေါ်ဆို၍မရနိုင်သည့် အချက်အလက်များများစွာ တွေ့ရှိနိုင်သကဲ့သို့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အရေးကြီးသည့် ဂုဏ်အင်္ဂါရပ်တခုဖြစ်သည့် "အခြေခံမူ" ချမှတ်ရာတွင် လူထုမှ ချမှတ်ခြင်းမဟုတ်ဘဲ၊ စစ်တပ်မှ ၎င်းတို့စိတ်ကြိုက် ချမှတ်ထားသော အခြေခံမူ (၆)ချက်၊ အထူးသဖြင့် အခြေခံ ၆/စ အရ "နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်နိုင်ရေးကို အစဉ်တစိုက်ဦးတည်သည်" ဟူသော အခြေခံမူပေါ်တွင် "စစ်တပ်အုပ်ချုပ်ရေး တရားဝင်ဖြစ်ရေး"

ကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် ခိုင်ခိုင်မာမာ ကာကွယ်ပြဌာန်းထားသော အတုအယောင်ပြည်ထောင်စု ဖြစ်ပါသည်။ တနည်းအားဖြင့်ဆိုသော် "စစ်တပ်ကို သီးခြားအခွင့်ထူးခံလူတန်းစားတရပ်အဖြစ် ဖန်တီးပြဌာန်းထားသော အတုအယောင် ပြည်ထောင်စု" သာလျှင်ဖြစ်ပါသည်။

## (၂) ဗမာလူမျိုးစုများအတွက် တိုင်းဒေသကြီး(၇)တိုင်း ဖွဲ့စည်းခြင်း

လူမျိုးပေါင်းစုံ၊ ယဉ်ကျေးမှုပေါင်းစုံ၊ ဘာသာပေါင်းစုံ စုပေါင်းနေထိုင်သော ပြည်ထောင်စုနိုင်ငံများတွင် အဖွဲ့ ဝင်ပြည်နယ်များ ဖွဲ့စည်းရာတွင် လူဦးရေအားဖြင့် ပို၍များသောလူမျိုးစုများမှ လူနည်းစုလူမျိုးစုများ၏ တန်းတူအခွင့်အရေးကို မချိုးဖျက်အောင်၊ မထိန်းချုပ်အောင် လူမျိုးစုတစုလျှင် အဖွဲ့ဝင်ပြည်နယ်တပြည်နယ် သတ်မှတ်ပေးရေးသည် အထူးလိုအပ်ပါသည်။

ထိုနည်းတူ ယနေ့ ပြည်ထောင်စုမြန်မာနိုင်ငံ ပြန်လည်ဖွဲ့စည်းရာတွင် အဖွဲ့ဝင်ပြည်နယ်များဖြစ်သည့် ချင်း၊ ကချင်၊ ရှမ်း၊ ကရင်၊ ကယား၊ မွန်နှင့် ရခိုင်စသော တိုင်းရင်းသားလူမျိုးစု (၇)စုအတွက် ပြည်နယ်တခုစီ သတ်မှတ်ပေးခဲ့သလို ပြည်ထောင်စုအဖွဲ့ဝင် ဗမာလူမျိုးစုများအတွက်ပါ ဗမာပြည်နယ်တခုသာသတ်မှတ်ပြီး ဖွဲ့စည်းပေးခဲ့သင့်ပါသည်။ ထိုသို့ဖွဲ့စည်းပေးပါမှ တိုင်းရင်းသားအချင်းချင်းအကြား လူမျိုးရေးအားဖြင့် တန်းတူညီမျှမှု ရှိလာမည်ဖြစ်ပြီး ထိုမှတဆင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးလည်း ရှိလာမည်ဖြစ်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံ စတင်ဖွဲ့စည်းစဉ် ၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အဓိကအားနည်းချက် တချက်ဖြစ်သော ချင်း၊ ကချင်၊ ကရင်၊ ကယား၊ ရှမ်း စသော လူမျိုးစုများအတွက် သီးခြားပြည်နယ်များဖွဲ့စည်းပေးပါလျက် ဗမာလူမျိုးစုများအတွက် သီးခြားပြည်နယ်ဖွဲ့စည်းပေးခဲ့ခြင်းမပြုဘဲ နိုင်ငံတော်အာဏာဟူသမျှ ဗဟိုနှင့်တွဲဖက်၍ ဗမာလူမျိုးစုတစုတည်းမှ ထိန်းချုပ်ထားခဲ့မှုအပေါ် တိုင်းရင်းသားများ၏ မကျေနပ် ချက်ကို ကုစားပေးသောအားဖြင့် အာဏာသိမ်းခေါင်းဆောင် ဗိုလ်ချုပ်ကြီးနေဝင်းမှ ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၃) ပုဒ်မ (၃၁) တွင် ပြည်ထောင်စုမြန်မာနိုင်ငံကို ပြည်နယ် (၇) ပြည်နယ်နှင့် တိုင်း (၇) တိုင်းဖြင့် ၄င်းတစ်ဦးတည်းသဘောဖြင့် ဖွဲ့စည်းလာခဲ့ပါသည်။

၁၉၇၄ ခုနှစ် နိုင်ငံတော်၏ တိုင်းနှင့်ပြည်နယ်ဖွဲ့စည်းပုံကို ၂၀၀၈ ဖွဲ့စည်းပုံအရ နိုင်ငံတော်ဖွဲ့စည်း တည်ဆောက်ရာတွင် ဆက်လက်၍ လက်ခံကျင့်သုံးခဲ့သည်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၄၉) အရ နိုင်ငံတော်ကို တိုင်းဒေသကြီး (၇) ခု၊ ပြည်နယ် (၇) ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေ များဖြင့် ပိုင်းခြားသတ်မှတ်ပေးသည်။ ယခင်တိုင်းကို တိုင်းဒေသကြီးဟူ၍ ပြောင်းလည်းသုံးစွဲလာ သည်။ ပုဒ်မ

(၉/က) အရ "တိုင်း(၇)တိုင်းနှင့် ပြည်နယ် (၇) ပြည်နယ်တို့သည် အဆင့်အတန်း တူ ညီကြသည်" ဟု ပြဋ္ဌာန်းထားပါသည်။

ဤပြဋ္ဌာန်းချက်များကို သေချာစွာလေ့လာသုံးသပ်ကြမည်ဆိုပါက ပင်လုံစာချုပ်၏ အနှစ်သာရဖြစ်သည့် တန်းတူရေးမူကို ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြောင်ချိုးဖောက်ခဲ့ခြင်းဖြစ်ပါသည်။ ထို့ကြောင့် ဗမာလူမျိုးစုများအတွက် တိုင်း(၇)တိုင်း မဟုတ်ဘဲ ပြည်နယ်တနယ်/တခုသာ ဖွဲ့စည်းပေးသင့်ပါသည်။

အကြောင်းမှာ ပြည်ထောင်စု စတင်ဖွဲ့စည်းခဲ့စဉ်တွင် လူဦးရေအနည်းအများအပေါ်တွင် သော်လည်းကောင်း၊ ဖွံ့ဖြိုးတိုးတက်မှု အနိမ့်အမြင့်အပေါ်တွင်လည်းကောင်း၊ ၎င်းနယ်မြေဧရိယာပိုင်ဆိုင်မှုအားဖြင့် ပို၍ကြီးသည် ပို၍ငယ်သည်ဟူသော အချက်အပေါ်တွင်လည်းကောင်း၊ နိုင်ငံရေးဗဟုသုတရှိခြင်း မရှိခြင်းအပေါ်တွင်လည်းကောင်း၊ ပညာတက်လူဦးရေနည်းသည်များသည်ဟူသော အချက်ပေါ်တွင်လည်းကောင်း၊ "အခြေခံမူ" များချမှတ်၍ ပြည်ထောင်စုကို ဖွဲ့စည်းခဲ့ခြင်းမဟုတ်ပေ။ လူမျိုးရေးအရ တန်းတူရည်တူဖြစ်ခြင်းဟူသော အမြင်အပေါ်အခြေခံ၍ "တန်းတူရေးမူ" ဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံကို ဖွဲ့စည်းထူထောင်ခဲ့ခြင်းဖြစ်ပါသည်။

**(၃) ပြည်ထောင်စုလွှတ်တော်/ပါလီမန်တွင် ကိုယ်စားပြုမှုမမျှတခြင်း၊ မျှတမှုမရှိခြင်း။**

လူမျိုးကိုအခြေခံသော ပြည်ထောင်စုနိုင်ငံတခုတွင် ပြည်ထောင်စုအဖွဲ့ဝင်များ၏ တန်းတူညီမျှရေးကို ထိန်းညှိပေးသော အစိုးရအဆောက်အဦးများအနက် တခုအပါအဝင်ဖြစ်သော အမျိုးသားလွှတ်တော်ဖွဲ့စည်းရာတွင် ညီမျှသောကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရေးသည် အထူးလိုအပ်ချက်ကြီးဖြစ်ပါသည်။

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ(၁၄၁)အရ အမျိုးသားလွှတ်တော်ကိုအများဆုံး (၂၂၄)ဦးဖြင့် ဖွဲ့စည်းပြီး၊ ထိုသို့ဖွဲ့စည်းရာတွင် ပုဒ်မ (၁၄၁/က)အရ တိုင်းဒေသကြီး(သို့)ပြည်နယ်တခုစီမှ (၁၂)ဦးစီနှင့် (၁၄၁/ခ)အရ တပ်မတော်သား (၅၆)ဦးဖြင့် ဖွဲ့စည်းခဲ့သည်ဟု ပြဋ္ဌာန်းထားပါသည်။

ထိုသို့ အထက်လွှတ်တော်တွင် ပြည်နယ်တခုစီမှ (၁၂) ဦးစီဖြင့် ဖွဲ့စည်းခြင်းသည် တိုင်းရင်းသားများအကြား ညီမျှမှုရှိသယောင်ယောင်ဖြစ်သည်ဟု ဆိုရမည်ဖြစ်ပါသည်။

သို့သော် အသေးစိတ်လေ့လာသုံးသပ်ကြည့်မည်ဆိုပါက ပုဒ်မ (၄၉) အရ ဗမာလူမျိုးစုတစုထဲမှ တိုင်းဒေသကြီး (၇) ခု ပိုင်ဆိုင်ထားရာ ပုဒ်မ (၁၄၁/က) အရ အမျိုးသားလွှတ်တော်တွင် တိုင်းရင်းသားတခုမှ အမတ် (၁၂) ဦးစီသာ အမတ်နေရာရရှိချိန်တွင် ဗမာလူမျိုးစုတစုထဲမှ (၈၄)ဦးအမတ်နေရာရရှိခဲ့သည်ကို တွေ့ရပါသည်။

ထိုနည်းတူ ပုဒ်မ (၁၀၉)အရ ပြည်သူ့လွှတ်တော်ကို (၄၄၀)ဦးဖြင့် ဖွဲ့စည်းပြီး ပုဒ်မ (၁၀၉/က)အရ မြို့နယ်နှင့် လူဦးရေကိုအခြေခံ၍ (၃၃၀) ဦးနှင့် (၁၀၉/ခ)အရ တပ်မတော်သားကိုယ်စားလှယ် (၁၁၀) ဦးဖြင့် ပါဝင်ဖွဲ့စည်းခဲ့ပါသည်။

ပုဒ်မ (၉၆) အရ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တွင် ဥပဒေပြုရေးနှင့်ပတ်သတ်၍ အဓိကလုပ်ပိုင်ခွင့်အာဏာမရှိဘဲ ပြည်ထောင်စုလွှတ်တော်သည် ဇယား(၁)တွင် ဖော်ပြထားသော ပြည်ထောင်စုဥပဒေစာရင်းပါ ကိစ္စရပ်နှင့်စပ်လျဉ်း၍ ပြည်ထောင်စုတဝှမ်းလုံးအတွက် သော်လည်းကောင်း၊ တစိတ်တဒေသအတွက်သော်လည်းကောင်း၊ အာဏာသက်ရောက်စေရန် ဥပဒေပြုခွင့်ရှိသည်” ဟူ၍ ပြဌာန်းထားပါသည်။

ပုဒ်မ(၇၄)အရ ပြည်ထောင်စုလွှတ်တော်ကို အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်နှစ်ရပ်ပေါင်းကို ဆိုလိုခြင်းဖြစ်သည်။ ပြည်ထောင်စုလွှတ်တော်တွင် ကိုယ်စားပြုမှုကို အသေးစိတ်လေ့လာသုံးသပ်မည်ဆိုပါက အောက်ပါအတိုင်း တွေ့ရှိရမည်ဖြစ်ပါသည်။

| ပြည်ထောင်စုလွှတ်တော် | တိုင်းရင်းသား | ဗမာ | တပ်မတော် |
|---|---|---|---|
| အမျိုးသားလွှတ်တော်(၂၂၄) | ၈၄ | ၈၄ | ၅၆ |
| ပြည်သူ့လွှတ်တော် (၄၄၀) | ၁၁၂ | ၂၁၈ | ၁၁၀ |
| ပြည်ထောင်စုလွှတ်တော် ၆၆၄ ဦး | ၂၀၆ | ၂၉၂ | ၁၆၆ ဦး |
| ၆၆၄ ဦး | ၂၀၆<br>တိုင်းရင်းသား | ၄၅၈ ဦး<br>စစ်တပ်အမတ်ပါထည့်တွက် | |

အထက်ပါအချိုးကိုကြည့်ခြင်းအားဖြင့် တိုင်းရင်းသားအမတ်ဆိုသည်မှာ လွှတ်တော်၌ သုံးပုံတစ်ပုံတောင်မပြည့်မှီခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။

ပုဒ်မ (၉၆) အရ ပြည်ထောင်စုလွှတ်တော်တွင် ဥပဒေပြုခွင့်ရှိကြောင်း ပြဌာန်းထားသော်လည်း မည်သို့မည်ပုံ အတည်ပြုရမည်ကို ပြဌာန်းထားခြင်းမပြုပေ။

ပုဒ်မ(၈၆/က)အရ “ပြည်ထောင်စုလွှတ်တော်တွင် အဆုံးအဖြတ်ပြုရမည့်အကြောင်းအရာတရပ်နှင့်စပ်လျဉ်း၍ မဲခွဲဆုံးဖြတ်ရာ၌ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အခြားနည်းပြဌာန်းထားခြင်းမရှိလျှင် အစည်းအဝေးတက်ရောက်၍ ဆန္ဒမဲပေးသည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၏ များရာဆန္ဒမဲဖြင့် ဆုံးဖြတ်ရမည်” ဟူ၍ပြဌာန်းထားရာ တိုင်းရင်းသားကိုယ်စားလှယ်များ၏ ဆန္ဒမဲသည် ပြည်ထောင်စုလွှတ်တော်တွင် သုံးပုံတစ်ပုံပင်မပြည့်ဖြစ်ခဲ့ရာ ပြည်ထောင်စုလွှတ်တော်ရှိ တိုင်းရင်းသားကိုယ်စား

လုယ်များ၏ ဆန္ဒမဲသည် မလိုအပ်သည့် အပိုမဲသက်သက်ဖြစ်သွားပါသည်။ တနည်းအားဖြင့် တိုင်းရင်းသားကိုယ်စားလှယ်များ၏ ဆန္ဒမဲမပါဘဲ ဗမာကိုယ်စားလှယ်များ၏ ဆန္ဒမဲဖြင့် မည်သည့်ဥပဒေကို မဆို ပြုပြင်နိုင်သည်၊ ပြင်ဆင်နိုင်သည်၊ ပြောင်းလဲနိုင်သည်၊ အသစ်ရေးဆွဲနိုင်သည်ကို တွေ့ရှိရပါသည်။

ထို့ကြောင့် ပြည်ထောင်စုလွှတ်တော်သည် ညီမျှမှုရှိသယောင်ယောင်နှင့် လုံးဝတန်းတူညီမျှမှုမရှိသည့် လွှတ် တော်ဖြစ်နေသည်ကို တွေ့ရမည်ဖြစ်ပါသည်။

**(၄) နိုင်ငံတော်အကြီးအကဲ သမ္မတ၊ ဝန်ကြီးချုပ်များနှင့် ဝန်ကြီးများ ရွေးချယ်ရေးတွင် မျှတမှုမရှိခြင်းနှင့် မတရားခြင်း။**

(က) သမ္မတဦးဆောင် ဒီမိုကရေစီကျင့်သုံးသောနိုင်ငံတွင် အစိုးရဖွဲ့စည်းရေးသည် သမ္မတ၏ တာဝန်ဖြစ်သလို သမ္မတကိုပြည်သူလူထုမှ တိုက်ရိုက်နည်းဖြင့်ဖြစ်စေ၊ ထိုနည်းနှင့် အနှစ်သာရအားဖြင့် တူညီသည့် တခြားနည်းဖြင့်ဖြစ်စေ ရွေးချယ်ကြပြီး သမ္မတမှ ၎င်း၏ အစိုးရအဖွဲ့တွင်ပါဝင်မည့်ဝန်ကြီးများကို ၎င်းစိတ်ကြိုက်ရွေးချယ်ပြီး အထက်လွှတ်တော်မှအတည်ပြု ခန့်ထားလေ့ရှိသည်။ သမ္မတဦးဆောင် ဒီမိုကရေစီကျင့်သုံးသော နိုင်ငံများတွင် သမ္မတသည် နိုင်ငံတော်ဦးသျှောင်ဖြစ်သလို နိုင်ငံတော်ဦးဆောင်လည်းဖြစ်ပါသည်။

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၁၆) အရ နိုင်ငံတော်အကြီးအကဲနှင့် နိုင်ငံတော်အုပ်ချုပ်ရေး အကြီးအကဲသည် နိုင်ငံတော်သမ္မတဖြစ်သည်” ဟူ၍လည်းကောင်း၊ ပုဒ်မ (၅၈)တွင် “နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တစ်ဝှမ်းလုံးတွင် နိုင်ငံသားအားလုံး၏ အထွတ်အထိပ်နေရာရရှိသည်” ဟူ ၍ လည်းကောင်းပြဌာန်းထားပါသည်။

ထို့ကြောင့် နိုင်ငံတော်အကြီးအကဲနှင့် နိုင်ငံတော်၏အုပ်ချုပ်ရေးနှင့် နေ့တဓူဝစီမံခန့်ခွဲရေးကိစ္စ၊ နိုင်ငံတော်၏ တည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေး၊ ဖွံ့ဖြိုးတိုးတက်ရေးများကို တာဝန်ယူဦးဆောင်မည့် သမ္မတကို ပြည်သူလူ ထုမှ တိုက်ရိုက်(သို့) ၎င်းနှင့်အနှစ်သာရအားဖြင့် တူညီသည့်နည်းလမ်းများဖြင့် ရွေးချယ်တင်မြောက်သင့် ပါသည်။

သို့သော် ပုဒ်မ ၆၀/ခ အရ နိုင်ငံတော်သမ္မတကြီးကို
(၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့
(၂) ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအစုအဖွဲ့နှင့်

(၃) လွှတ်တော်နှစ်ရပ်ရှိ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့ဖြင့် သမ္မတရွေးချယ်ရေးအဖွဲ့ကို ဖွဲ့စည်းပြီးရွေးချယ်ရမည်ဟု ပြဌာန်းထားပါသည်။

ဤရွေးချယ်တင်မြှောက်ရေးနည်း ပုဒ်မ (၆၀/ဂ)အရ ယင်းအစုအဖွဲ့တဖွဲ့စီမှ ဒုတိယသမ္မတတစ်ဦးစီကို လွှတ် တော်ကိုယ်စားလှယ်များထဲမှဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ် မဟုတ်သူများထဲမှဖြစ်စေ ရွေးချယ်တင် မြှောက်ရမည်" ဟုပြဌာန်းထားပါသည်။

ဤနည်းအရ တိုင်းရင်းသားများထဲမှ ဒုတိယသမ္မတလောင်းဖြစ်နိုင်သည့်အခွင့်အလမ်း အလွန်နည်းပါး ချိန်တွင် တပ်မတော်ကိုယ်စားလှယ်လောင်းတဦးအနေဖြင့် အမြဲတမ်းအနိမ့်ဆုံး ဒုတိယသမ္မတဖြစ်နိုင် ခွင့်ရှိသည်ကို တွေ့ရှိရပါသည်။ ဤသည်မှာ လုံးဝတရားနည်းလမ်းကြသည့် လုပ်ထုံးလုပ်နည်း မဟုတ် ပေ။ ထိုနည်းတူ သမ္မတသည် ၎င်းနှင့် အတူအလုပ်လုပ်မည့်ဝန်ကြီးများကို ၎င်းစိတ်ကြိုက် ရွေးချယ် ပိုင်ခွင့်ရှိရမည်ဖြစ်သော်လည်း၊ ကာကွယ်ရေးဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးနှင့် နယ်စပ်ရေးရာဝန်ကြီး များကို ပုဒ်မ (၂၃၂/ခ-၂) အရ ကာကွယ်ရေးဦးစီးချုပ်၏ သဘောတူညီချက်အရသာ ခန့်အပ်ရသည် ကိုတွေ့ရပါသည်။

(ခ) တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် ဝန်ကြီးများခန့်အပ်ပုံကို အနည်းငယ်ဝေဖန် ထောက်ပြလိုပါသည်။ ပြည်နယ်ဝန်ကြီးချုပ်ဆိုသည်မှာ ပြည်နယ်၏ နေ့တဓူဝ စီမံခန့်ခွဲရေးကိစ္စကအစ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး၊ အေးချမ်းသာယာရေး၊ လုံခြုံရေးကိစ္စများအဆုံး တာဝန်ယူပြီး ဦးဆောင် အုပ်ချုပ်ရမည့် အရေးကြီးပုဂ္ဂိုလ်ဖြစ်ပါသည်။

ထိုကဲ့သို့ အရေးကြီးသည့်ပုဂ္ဂိုလ်ကို ရွေးချယ်ရာတွင် သက်ဆိုင်ရာပြည်နယ်လူထုမှ တိုက်ရိုက် (သို့) ၎င်းနှင့် အနှစ်သာရတူညီသည့် အခြားနည်းလမ်းများဖြင့် ရွေးချယ်သင့်ပါသည်။ ထိုနည်းတူ ပြည်နယ် ဝန်ကြီးချုပ်သည် ၎င်းနှင့်အတူ အလုပ်လုပ်မည့်သူများကို ၎င်းစိတ်ကြိုက်ရွေးချယ်ပြီး ပြည်နယ်လွှတ် တော်မှ အတည်ပြုခန့်အပ်ပေးရမည်ဖြစ်ပါသည်။

သို့သော် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ (၂၆၁/ဂ)အရ ပြည်နယ်ဝန်ကြီးချုပ်ကို သမ္မတမှ ခန့်အပ် တာဝန်ပေးရမည်ဖြစ်ပြီး ပြည်နယ်ဝန်ကြီးများခန့်အပ်ရေးကို ပုဒ်မ (၂၆၂/စ)အရ သမ္မတတွင်သာ လုပ် ပိုင်ခွင့်ရှိသည်ကိုတွေ့ရပါသည်။ ပြည်နယ်ဝန်ကြီးများခန့်အပ်ရေးတွင် သမ္မတတွင်လုပ်ပိုင်ခွင့်ရှိသည်ဟု ပြဌာန်းထားသော်လည်း တဖက်တွင် ပြည်နယ်အစိုးရအဖွဲ့မှ နယ်လုံဝန်ကြီးကိုမူ ပုဒ်မ (၂၆၂/က ၂) အရ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ သဘောတူညီချက်အရသာ ခန့်အပ်နိုင်သည်ကို တွေ့ရှိရပါ သည်။

ထိုနည်းတူ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့်ဒေသဦးစီးအဖွဲ့တွင် ပုဒ်မ (၂၇၆/ဈ) အရ တပ်မတော်မှ ၂၅% ရာခိုင်နှုန်း ပါဝင်ထိန်းချုပ်ထားပြီး ဦးစီးဥက္ကဌကို ပုဒ်မ (၂၇၆/စ) အရ သမ္မတမှ ခန့်အပ်ရသည်ကို တွေ့ရပါသည်။

တိုင်းဒေသကြီး/ပြည်နယ်အုပ်ချုပ်ရေးနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသဦးစီးအဖွဲ့၏ အုပ်ချုပ်ရေးတွင် တပ်မတော်သားများမှ နယ်လုံဝန်ကြီးကို အပိုင်သိမ်းပိုက်ထားခြင်းနှင့် သမ္မတမှ ဝန်ကြီးချုပ် များနှင့်ဝန်ကြီးများ "ခန့်အပ်တာဝန်ပေး" ထားခြင်းများသည် လုံဝမဖြစ်သင့်သည့် ကိစ္စရပ်များ ဖြစ်ပါသည်။ ဤသည်မှာ တိုင်းရင်းသားများ၏ ကိုယ်ပိုင်ပြဌာန်းခွင့်နှင့် ကိုယ်ပိုင်ရွေးချယ်ပိုင်ခွင့်ကို အသိအမှတ်မပြုခြင်း၊ မလေးစားခြင်းသာလျှင်ဖြစ်ပါသည်။ ဤသည်မှာ ပြည်ထောင်စုမြန်မာနိုင်ငံ စတင်ထူထောင်စဉ်ကတည်းက ဗမာတိုင်းရင်းသားများမှ တိုင်းရင်းသားများ၏ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့် အခွင့်အရေးများအပေါ် ထားရှိသည့် စိတ်သဘောထား (Mind set) ဖြစ်ပါသည်။

တိုင်းရင်းသားများ၏ ကိုယ်ပိုင်ပြဌာန်းခွင့်ဆိုသည်မှာ ခေတ်သစ်အဓိပါယ်ဖွင့်ဆိုချက်အရအပြင် ကိုယ်ပိုင်ပြဌာန်းခွင့်ကိုဆိုလိုခြင်းမဟုတ်ဘဲ အတွင်းကိုယ်ပိုင်ပြဌာန်းခွင့်ကိုသာလျှင် ဆိုလိုခြင်းဖြစ်ပါသည်။ အတွင်း ကိုယ်ပိုင်ပြဌာန်းခွင့်ဆိုရာတွင် ပြည်ထောင်စုထဲ၌နေထိုင်ရင်း မိမိတို့၏ နိုင်ငံရေး၊ စီးပွားရေး၊ ဖွံ့ဖြိုးတိုးတက် ရေး၊ လူမှုရေး စသည့်ကဏ္ဍများတွင် လွတ်လပ်စွာ ပြဌာန်းဆောင်ရွက်ပိုင်ခွင့်ကို ဆိုလိုခြင်းဖြစ်ပါသည်။

**နိဂုံးချုပ်သုံးသပ်ချက်**

(၁) ၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ဗမာအမျိုးသားနိုင်ငံထူထောင်ရေး တနည်းအားဖြင့် ဗမာလူမျိုးကြီးစိုးရေးကို အဓိကထားပြီးရေးဆွဲပြဌာန်းထားသော ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်သည်ဟု သုံးသပ်ထားပါသည်။

(၂) ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေသည် စစ်တပ်ကြီးစိုးရေး၊ စစ်တပ်အုပ်ချုပ်ရေး တရားဝင်ဖြစ်ရေးကို အဓိကထားပြီး ရေးဆွဲပြဌာန်းထားသော ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်သည်ဟု သုံးသပ်ထားပါသည်။

(၃) ၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေသည် သဘောတရားအားဖြင့် ပြည်ထောင်စုဖွဲ့စည်းပုံဖြစ်သော်လည်း၊ လက်တွေ့အနှစ်သာရအားဖြင့် တပြည်ထောင်စံနစ်ဖြစ်သည်။

(၄) ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ပုဒ်မ(၈)အရ ပြည်ထောင်စုဖြစ်သည်ဟု ပြဌာန်းထားသော်လည်း လက်တွေ့အနှစ်သာရတွင်မူ ဗဟိုချုပ်ကိုင်မှုတင်းကြပ်သည့်၊ တနည်းအားဖြင့် ဥပဒေပြု

ရေးနှင့် အုပ်ချုပ်ရေးကဏ္ဍများတွင် စစ်တပ်မှ ထိန်းချုပ်လွှမ်းမိုးထားသော အတုအယောင်ပြည်ထောင်စုဖြစ်သည်ဟု သုံးသပ် ထားပါသည်။

(၅) သို့သော် ၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေတို့သည် ပေါ်ပေါက်လာပုံခြင်း မတူညီကွဲပြားခြင်း၊ ပေါ်ပေါက်လာသည့် ကာလအပိုင်အခြားအားဖြင့် မတူညီကွဲပြားမှုရှိခဲ့သော်လည်း တိုင်းရင်းသားများ၏ တန်းတူအခွင့်အရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးအပေါ် ရှုမြင်ပုံနှင့် သဘောထားပုံမှာ အတူတူပင်ဖြစ်ပါသည်ဟု သုံးသပ်ထားပါသည်။

(၆) ပင်လုံစာချုပ်အရ တန်းတူရေးအပေါ်အခြေခံပြီး ပြည်ထောင်စုထူထောင်ဖော် ထူထောင်ဖက်များဖြစ်ကြသော်လည်း တိုင်းရင်းသားများ၏ တန်းတူအခွင့်အရေးကို ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် ခိုင်ခိုင်မာမာကာကွယ် ပြဋ္ဌာန်းရန်ပျက်ကွက်ခဲ့ခြင်းတွင် ၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေတို့သည် အတူတူဖြစ်သည်ဟုသုံးသပ်ထားပါသည်။

(၇) ပြည်ထောင်စုထူထောင်ဖော် ထူထောင်ဖက်များဖြစ်ခဲ့သော်လည်း တိုင်းရင်းသားများကို ဗမာလူမျိုးတို့၏ လက်အောက်ခံလူမျိုးများအဖြစ်ရှုမြင်ပုံနှင့် သဘောထားပုံများတွင် ၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေတို့သည် အတူတူပင်ဖြစ်သည်ဟု သုံးသပ်ထားပါသည်။

(၈) နှစ်ပေါင်း(၆၀)ကျော်ကြာ တိုင်းရင်းသားများ၏ လက်နက်ကိုင်ပဋိပက္ခနှင့် ပြည်တွင်းစစ်၏ ပြဿနာအရင်းအမြစ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပြဿနာဖြစ်သည်ဟု ပညာရှင်များမှ သုံးသပ်ထားပါသည်။ သို့သော် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေသည် နှစ်ပေါင်း(၆၀)ကျော်ကြာ ပြည်တွင်းစစ်အဆုံးသတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဖော်ဆောင်သွားရန်ဦးတည်ပြီး ရေးဆွဲထားသော ဖွဲ့စည်းပုံအခြေခံဥပဒေမဟုတ်ဘဲ စစ်အုပ်ချုပ်ရေးတရားဝင်ဖြစ်ရေးကို ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် အခိုင်အမာ ကာကွယ်ပြဋ္ဌာန်းထားချက်သာလျှင် ဖြစ်သည်ဟု သုံးသပ်ထားပါသည်။

(၉) ၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေသည် နှစ်ပေါင်း ၆၀ ကျော်ကြာ ပြည်တွင်းစစ်ကို မီးမွေးပေးသလို ၂၀၀၈ ဖွဲ့စည်းပုံသည် ပြည်တွင်းစစ်မီးကိုငြိမ်းသတ်ရန် မကြိုးစားဘဲ စစ်မီးအားကောင်းအောင် ဆီလောင်းပေးသည့် ဖွဲ့စည်းပုံအခြေဥပဒေ ဖြစ်ပါသည်။

❑❑❑❑❑

# ချင်းတို့ဌာနေ ဇလပ်မြေမှာ အောက်ချင်းငှက်တွေ တောင်ပံကျိုးသွားခြင်း

Posted by; khonumthung news. admin on Friday, November 27th, 2015

မတ်စောက်လွန်းတဲ့တောင်တန်းကြီးတွေ ကာရံထားပြီး တောင်ဇလပ်ပွင့် ဖတ်နီကြီးတွေ ဖူးဖွင့်တဲ့ တောင်ဇလပ်မြေဟာ အောက်ချင်းငှက်တို့ ရှေးယခင် ဘိုးစဉ်ဘောင်ဆက်ကတည်းက ကျင်လည်လာတဲ့ စားကျက်မြေပါ။ ဒီမြေဟာ ချင်းအမျိုးသားတို့ အမှတ်သင်္ကေတဖြစ်တဲ့ ချင်းတို့ဌာနေငှက်တဖြစ်လည်း အောက်ချင်းငှက်တို့ အပျော်မွေ့ဆုံးကျက်စားရာဒေသ ဖြစ်ပါတယ်။ ရာဇဝင်တွင်တဲ့ အောက်ချင်းငှက် သူရဲကောင်းတွေ မွေးဖွားရာဒေသ၊ စည်းလုံးခြင်းအားအင်ဖြင့် အောင်ပွဲခံခဲ့ကြတဲ့ တကယ့်ရာဇဝင်သမိုင်းကြောင်းတွေ ကမ္ဗထိုး မြုပ်နှံထားတဲ့မြေပေါ့။

ဒါပေမယ့် ပြီးခဲ့တဲ့နိုဝင်ဘာလ ၈ ရက် (တနင်္ဂနွေ)နေ့ဟာ အောက်ချင်းငှက်တို့ ကျဆုံးတဲ့နေ့တစ်နေ့ဖြစ်ခဲ့တယ်။ အင်အားကြီးမားလွန်းတဲ့ ခွပ်ဒေါင်းတွေနဲ့ အကြိတ်အနယ်ယှဉ်ပြိုင်မှုမှာ အောက်ချင်းငှက်တွေ မရှုမလှအရေးနိမ့်ခဲ့ကြတာပါ။ ဘိုးစဉ်ဘောင်ဆက် အုပ်စိုးလာခဲ့ကြတဲ့ မိမိတို့စားကျက်ဒေသ တောင်ဇလပ်မြေမှာ အောက်ချင်းငှက်တွေ ခွပ်ဒေါင်းကို မယှဉ်နိုင်တာ ဘာကြောင့်ပါလဲ။ အောက်ချင်းငှက်တွေဟာ စည်းလုံးညီညွတ်မှုမရှိကြတော့ဘဲ မိမိတို့ အချင်းချင်းခွပ်ပြီး တိုက်ခိုက် ယှဉ်ပြိုင်နေကြတာကြောင့်များလား။ ဒါမှမဟုတ် အင်အားချင်းမမျှလို့ အရေးနိမ့်သွားကြတာလားဆိုတာ ချင်းနိုင်ငံရေးလေ့လာသုံးသပ်သူတွေရဲ့ မေးခွန်းတစ်ခုဖြစ်သွားပါတယ်။

## ၂၀၁၅ ရွေးကောက်ပွဲမှာ

ချင်းနိုင်ငံရေးပါတီများ လက်တွဲဆောင်ရွက်ရေးသဘောတူညီမှု ရရှိနိုင်ရေးအတွက် အဓိက အခန်းကဏ္ဍမှ ဦးဆောင်ပါဝင်ခဲ့သော Gender and Development Initiative Myanmar မှ ဒါရိုက်တာ ဆလိုင်းအိုက်ဇက်ခင် ကတော့ ချင်းနိုင်ငံရေးပါတီ အများအပြားရှိနေခြင်းဟာ ရွေးကောက်ပွဲမှာ ချင်းပါတီတွေ ရှုံးနိမ့်ရတဲ့ အဓိကအကြောင်းရင်းတစ်ခုဖြစ်တယ်လို့ ပြောပါတယ်။

“ချင်းပါတီတွေ တော်တော်များပြီး ကိုယ့်အချင်းချင်းလည်းယှဉ်ပြိုင်မှုဖြစ်တဲ့အခါကျတော့ ပြည်သူတွေအနေနဲ့ ချင်းပါတီကို ရွေးမယ့်အစား NLD ကိုရွေးတာက သူတို့အတွက် မှန်ကန်တဲ့ရွေးချယ်မှုဖြစ်မယ်လို့ သုံးသပ်ကြပုံရပါတယ်၊ အထူးသဖြင့်က ကျွန်တော်တို့ ချင်းပါတီတွေများနေတဲ့ကိစ္စက လူထုအတွက် မရေရာမှုပိုများစေတယ်၊ ပိုပြီးတော့ အားနည်းသွားနိုင်တဲ့ အနေအထားမျိုးကိုပိုမြင်စေတယ်၊

ချင်းပါတီများအနေနဲ့ကတော့ ပါတီတွေများတဲ့အခါကျတော့ ဘယ်ပါတီကိုရွေးရမယ်ဆိုတဲ့ ကိစ္စအတွက် လူထုမှာတော်တော်လေးအခက်အခဲ ရှိခဲ့တယ်လို့ သုံးသပ်လို့ရပါတယ်၊ အဲဒီအတွက်ကြောင့်မို့လို့ လူထုက NLD ကို ရွေးလိုက်တယ်လို့ ယူဆလို့ရပါတယ်'' လို့ သူက သုံးသပ်ပါတယ်။

ရွေးကောက်ပွဲအကြိုကာလတွေတုန်းက ချင်းပြည်နယ်မှာ ဒေသခံချင်းပါတီတွေ အားကောင်းနိုင်တယ်လို့ ကြိုတင်ခန့်မှန်းမှုတွေရှိခဲ့ပေမဲ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မဲစာရင်းရလဒ်တွေ ကြေညာအပြီးမှာတော့ ချင်းနိုင်ငံရေးပါတီတွေ မှန်းချက်နဲ့နှမ်းထွက်မကိုက်ဘဲ ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်က လွဲပြီး ချင်းနိုင်ငံရေးပါတီတွေအားလုံး မရှုမလှရှုံး နိမ့်ခဲ့ကြတာပါ။ မဲဆန္ဒနယ်မြေ စုစုပေါင်း (၃၉) နေရာရှိတဲ့ ချင်းပြည်နယ်မှာ ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်တဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ၂၈ နေရာ၊ ပူးကျင့်ရှင်းထန် ဦးဆောင်တဲ့ ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်က ၆ နေရာ၊ လက်ရှိအစိုးရ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီက (၅) နေရာရရှိခဲ့ကြပါတယ်။ ချင်းနိုင်ငံရေးပါတီတစ်ခုဖြစ်တဲ့ ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ် ZCD ပါတီတစ်ခုတည်း ချင်းပြည်နယ်မှာ အောင်ပွဲခံနိုင်ရတာဟာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD နဲ့ ကောင်းမွန်တဲ့ ချိတ်ဆက်မှုရှိတာ ကြောင့်ဖြစ်ပြီး တခြား ချင်းနိုင်ငံရေးပါတီတွေဟာ NLD ချိပ်ဆက်မှုပိုင်းမှာ အားနည်းတာကြောင့်လည်း ဖြစ်တယ်လို့ ဆလိုင်းအိုက်ဇက်ခင် ကပြောပါတယ်။

"ချင်းနိုင်ငံရေးပါတီများအနေနဲ့ NLD နဲ့ ဒေါ်စုဦးဆောင်ပြီးတော့သွားနေတဲ့ လမ်းကြောင်းပေါ်မှာရောက်အောင် မချိတ်ဆက်နိုင်တဲ့ဟာမျိုးကြောင့်ဖြစ်တယ်ဆိုတာ ကျွန်တော်တို့တွေ့ရတယ်၊ ဘာဖြစ်လို့လည်းဆိုလို့ရှိရင် ချင်းက ၁၂ ပါတီရှိတဲ့အနက် ဇိုမီး ZCD ဆိုလို့ရှိရင် ၆ နေရာအထိရတယ်ပေါ့လေ၊ ဒါကိုကြည့်လိုက်တဲ့အခါမှာ ချင်းပါတီတွေအားလုံး မရဘူးဆိုတာ မဟုတ်ဘူး။ ဒါပေမဲ့ ဒီနေရာမှာနိုင်သွားတဲ့ ZCD ကိုကြည့်မယ်ဆိုလို့ရှိရင် NLD နဲ့ ကောင်းကောင်း ချိတ်ဆက်မှုရှိတယ်ဆိုတာ တွေ့ရတယ်ဆိုတော့ အဓိပ္ပါယ်က တီးတိန်၊ တွန်းဇံဘက်မှာရှိတဲ့လူထုက NLD ကိုမရွေးသော်လည်းဘဲ ZCD ရှိတယ်ဆိုတဲ့ အဲ့လိုမျိုးခိုင်မာသေချာမှု သူတို့မှာရှိတယ်၊ အဲဒီအတွက်ကြောင့်မို့လို့ NLD အစား ZCD ကို အစားထိုးပြီးတော့ ရွေးလိုက်တယ်ဆိုတာမျိုး ကျွန်တော်တို့တွေ့ရတယ်၊ ဆိုတော့ တခြား ချင်းပါတီများအနေနဲ့ NLD ချိပ်ဆက်မှုနဲ့ပတ်သက်ပြီးတော့ တော်တော်လေး ချင်းလူထုတွေရဲ့အမြင်မှာ လုံလောက်မှုမရှိဘူးလို့ သုံးသပ်ပုံပေါက်ပါတယ်၊ အဲဒီအတွက်ကြောင့်မို့လို့ သူတို့က NLD ကို တိုက်ရိုက်ရွေးတယ်ဆိုတဲ့ဟာမျိုး ကောက်ချက်ချလို့ရပါတယ်'' လို့ သူကပြောပါတယ်။

ပြီးခဲ့တဲ့ နိုဝင်ဘာ ရွေးကောက်ပွဲတုန်းက ချင်းပြည်နယ်မှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ USDP၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ NUP တို့လို

ပြည်မနိုင်ငံရေးပါတီကြီးတွေ အပါအဝင် ဒေသခံ ချင်းနိုင်ငံရေးပါတီတွေဖြစ်ကြတဲ့ ချင်းအမျိုးသား ဒီမိုကရက်တစ်ပါတီ CNDP၊ ချင်းတိုးတက်ရေးပါတီ CPP၊ ချင်းဒီမိုကရေစီအဖွဲ့ချုပ် CLD၊ ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ် ZCD၊ တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးပါတီ ENDP၊ ဇို တိုင်းရင်းသားဒေသဖွံ့ဖြိုးရေးပါတီနဲ့ ခူမီး(ခမီး)အမျိုးသားပါတီအပြင် ရခိုင်အမျိုးသားပါတီတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြတာပါ။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ဟားခါး၊ ဖလမ်း၊ မတူပီ၊ ပလက်ဝ၊ မင်းတပ် စတဲ့ (၅) မြို့နယ်မှာရှိတဲ့ မဲဆန္ဒနယ်မြေအားလုံးကို အနိုင်ရရှိတဲ့အပြင် ကန်ပက်လက်မှာ ၃ နေရာ၊ ထန်တလန်မှာ ၂ နေရာ၊ တွန်းဇံမှာ ၁ နေရာရရှိခဲ့ပြီး၊ ZCD ကတော့ တီးတိန် နှင့် တွန်းဇံမြို့နယ်မှာ ၃ နေရာစီ၊ ကြံ့ခိုင်ရေးပါတီကတော့ ထန်တလန်မှာ ၂ နေရာ၊ ကန်ပက်လက်မှာ ၁ နေရာ၊ တီးတိန်မှာ ၂ နေရာ အသီးသီး ရရှိခဲ့ပါတယ်။

မင်းတပ်မဲဆန္ဒနယ်မြေမှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့တဲ့ ချင်းတိုးတက်ရေးပါတီ အတွင်းရေးမှူး ကိုရှိန်းထွန်းကတော့ ချင်းပါတီတွေ အချင်းချင်းစည်းလုံးမှု မရှိဘဲ တိုက်ခိုက်မှုတွေပြုလုပ်နေတာကြောင့် ရွေးကောက်ပွဲမှာ ခုလိုရှုံးနိမ့်ကြရတာလို့ပြောပါတယ်။

“ကျွန်တော်တို့ ချင်းပါတီအချင်းချင်းတိုက်တာ ပြည်သူတွေရဲ့အမြင်ထဲမှာက ချင်းပါတီအချင်းချင်း မညီညွတ်ဘူး မညီညွတ်တဲ့သဘောမျိုးကိုမြင်လာတယ်၊ ဒီလိုမညီမယ့်အတူတူ NLD ကိုမဲပေးမယ်ဆိုတဲ့ တစ်အုပ်စု ရှိလာတယ်၊ အဓိက ခြုံငုံပြီး ပြောရမယ်ဆိုရင်တော့ စည်းလုံးညီညွတ်မှုမရှိဘူး ဒီမိုကရေစီရဲ့ အသွင်ကူးပြောင်းရေးလှမ်းနေတဲ့ ပါတီပေါ်လစီ တိတိကျကျမရှိဘူး၊ ပါတီပေါ်လစီနဲ့ စည်းရုံးရေးဝင်ရမယ့်ဟာကို သူတို့က လမ်းဘေးက ငါးစိမ်းသည်လို ဟိုလူ့ကိုပုတ်ခတ်ပြော ဒီလူ့ကိုပုတ်ခတ်ပြော ငါးစိမ်းသည်အဆင့်နဲ့ အမတ်လောင်းတွေက အမတ်လောင်းတွေရော ပါတီတွေရော ထလုပ်နေတဲ့ အခါကျတော့ ပြည်သူတွေ စိတ်ပျက်တာပေ့ါ” လို့ပြောပါတယ်။

ချင်းနိုင်ငံရေးပါတီတွေထဲမှာ မဲဆန္ဒနယ်မြေအများ ဆုံးဝင်ရောက်ယှဉ်ပြိုင်ခဲ့တဲ့ ချင်းအမျိုးသားဒီမိုကရက်တစ်ပါတီ CNDP အတွင်းရေးမှူး ဆလိုင်းကျဲအိုဘိခ်ထောင်း ကတော့ ရွေးကောက်ပွဲကျင်းပပုံစံနစ်နဲ့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ အားနည်းချက်တွေကလည်း ချင်းပါတီတွေ ရှုံးနိမ့်ရတဲ့ အကြောင်းရင်းတစ်ချက်ဖြစ်တယ်လို့ သုံးသပ်ပါတယ်။

“တကယ်တမ်းတော့ ပြည်နယ်ရွေးကောက်ပွဲနဲ့ ပြည်ထောင်စုရွေးကောက်ပွဲဟာ သီးသန့်ကျင်းပသင့်တယ်၊ အကုန်လုံးပူးတွဲကျင်းပတော့ တချို့နေရာမှာ မဲပြား ၃ ပြားပေးတယ်၊ တချို့နေရာမှာ မဲပြား ၄

ပြားပေးတယ်၊ အဲဒီဟာ တကယ်တမ်းက သီးခြားစီကျင်းပပေးသင့်တယ်၊ အမေရိကန်နဲ့ အိန္ဒိယ ကို ကြည့်မယ်ဆိုရင်လည်း ဒီတိုင်းပဲ သူတို့က ပြည်နယ်နဲ့ ပြည်ထောင်စုရွေးကောက်ပွဲကို တရက်တည်းနဲ့ တထပ်တည်းမကျင်းပဘူး၊ မြန်မာနိုင်ငံကျတော့ တစ်ရက်တည်းနဲ့ ကျင်းပတဲ့အခါကျတော့ အကုန်လုံး က ရှုပ်ထွေးကုန်တယ်" လို့ ကဲျအိုဘိခ်ထောင်း ကထောက်ပြပါတယ်။ ဒ့ါအပြင် ဒေါ်အောင်ဆန်း စုကြည်ရဲ့ အရှိန်အဂါကြောင့်လည်းပါသလို ချင်းပါတီတွေရဲ့ အားနည်းချက် ကြောင့်လည်းပါတယ်လို့ သူက ဆက်ပြောပါတယ်။

"ဒေါ်အောင်ဆန်းစုကြည် ရဲ့ အရှိန်အဂါပေ့ါဗျာ၊ ဒါက အဓိက အချက်ထဲမှာ ပါမှာပေ့ါလေ လူတိုင်း က ဒေါ်အောင်ဆန်းစုကြည်ဆိုတဲ့ဟာပဲဖြစ်နေတယ်၊ သူတို့တန်းမြင်တာက သန်း ၅၀ ကျော်အုပ်ချုပ် လာတဲ့ ဒီအစိုးရကို ဒေါ်အောင်ဆန်းစုကြည်မှာပဲ ပုံအပ်ပြီးတော့ အင်အားတည်ဆောက်ရင် ပြောင်းလဲ မယ်ဆိုတဲ့ဟာ ရှိတယ်လေ၊ ဘာပဲပြောပြော သူများကိုလက်ညိုးထိုးမယ့်အစား ကျွန်တော်တို့အား နည်းချက်တွေပါ၊ ကျွန်တော်တို့က စွမ်းဆောင်နိုင်သလောက် မစွမ်းဆောင်နိုင်တဲ့အပိုင်းလည်း ဖြစ်မှာ ပါ" လို့ ကဲျအိုဘိခ်ထောင်း ကပြောပါတယ်။

ချင်းအမျိုးသားဒီမိုကရက်တစ် CNDP နဲ့ ချင်းတိုးတက်ရေး CPP ပါတီတို့ဟာ ပြီးခဲ့တဲ့ ၂၀၁၀ ရွေး ကောက်ပွဲကာလတုန်းက ချင်းပြည်နယ်မှာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး မဲဆန္ဒနယ်မြေထက်ဝက်နီးပါး ရရှိနိုင်တဲ့အထိ အားကောင်းခဲ့ကြတဲ့ပါတီ တွေဖြစ်ခဲ့ကြပါတယ်။ ဒါပေမဲ့ နိုဝင်ဘာလ ၈ ရက်နေ့ ရွေး ကောက်ပွဲမှာတော့ ချင်းပြည်နယ်နဲ့ ချင်းပြည်နယ်ပြင်ပတွေမှာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြတဲ့ တစ်ဒါဇင် လောက်ရှိတဲ့ ချင်းနိုင်ငံရေးပါတီတွေအားလုံး မဲဆန္ဒနယ်မြေတစ်နေရာမှမရကြတဲ့အပေါ် စံနစ်တကျ ပြန်လည်သုံးသပ်ဖို့ လိုအပ်နေပြီး ချင်းပြည်နယ်သူလူထုအနေဖြင့်လည်း သေချာစဉ်းစားဖို့ လိုအပ်နေ ပြီလို့ ကဲျအိုဘိခ်ထောင်း ကပြောပါတယ်။

"ရှုံးနိမ့်ရတဲ့ အကြောင်းရင်းကတော့ များပါတယ်၊ ဒါကို ကျွန်တော်တို့ ပြန်လည်းသုံးသပ်ပြီးတော့ ဘယ်လိုကျော်လွှားမလဲပေ့ါ၊ ကျွန်တော်တို့ ပါတီတွေဘက်ကလည်း ပြင်ဆင်စရာရှိတာ လိုအပ်လို့ရှိ ရင် ကျွန်တော်တို့ကနေရာ ဖယ်ပေးရမလား နုတ်ထွက်ပေးရမလား၊ ပါတီပဲဖျက်သိမ်းပေးရမလား ဒါ ကျွန်တော် တို့လုပ်လို့ရပါတယ်၊ ကျွန်တော်တို့အနေနဲ့လည်း အများကြီးစဉ်းစားသွားမှာပါ တဖက်မှာ လည်းပဲ လူထုတရပ်လုံးက အများကြီးစဉ်းစားသင့်ပြီပေ့ါဗျာ၊ အထူးသဖြင့် ချင်းပြည်သူလူထုလည်းပဲ နည်းနည်းတော့စဉ်းစားစရာဖြစ်နေပြီပေ့ါ၊ ကျွန်တော်တို့လူမျိုးမှာ အမျိုးသားရေးစိတ်ဓါတ် ဘယ် လောက် ထိခိုင်မာသလဲ၊ ရှမ်းပါတီတို့ ရခိုင်ပါတီတို့လည်း တစ်ပါတီတည်းသာရှိတာ မဟုတ်ပါ။ သူတို့

လည်း အောင်ပွဲရနေတာပဲလေ၊ ရှမ်းလူထုက ရှမ်းပါတီကို မဲပေးလို့ ရခိုင်လူထုက ရခိုင်ပါတီကို မဲပေးလို့ အစိုးရမပြောင်းလဲတာမှ မဟုတ်တာ၊ အခုလည်း အစိုးရပြောင်းနေတာပဲလေ၊ အဲဒီဟာမျိုးလေးတွေကို ဆင်ခြင်တတ်ဖို့လိုအပ်နေပြီ'' လို့ ဆလိုင်းကျဲအိုဘိခ်ထောင်း က ပြောပါတယ်။

ချင်းနိုင်ငံရေးပါတီတွေဟာ ရွေးကောက်ပွဲမတိုင်ခင် ကာလကတည်းက ရွေးကောက်ပွဲအောင်နိုင်ရေးကိစ္စနဲ့ပတ်သက်ပြီး ချင်းမိသားစုနိုင်ငံရေးပါတီများတွေ့ဆုံဆွေးနွေးပွဲကို ၃ ကြိမ်တိုင်တိုင် ကျင်းပခဲ့ကြပါတယ်။ နောက်ဆုံးကျင်းပတဲ့ တွေ့ဆုံပွဲမှာ " ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် ချင်းနိုင်ငံရေးပါတီများ လက်တွဲညှိနှိုင်းဆောင်ရွက်ရေးသဘောတူစာချုပ်'' ကို ချင်းပါတီ ၁၂ အနက် ပါတီ ၁၀ ခုက သဘောတူချုပ်ဆိုခဲ့ကြပါတယ်။ အဲဒီသဘောတူညီချက်မှာ လာမည့် လွှတ်တော်/အစိုးရသက်တမ်း (၂၀၁၆-၂၀၂၀) အတွင်း ချင်းလူမျိုးများအား နိုင်ငံရေးအရ ဦးဆောင်မှုပေးရာတွင် ပါဝင်သင့်တယ်လို့ ချင်းမိသားစု နိုင်ငံရေးပါတီအသီးသီးတို့မှ လက်ခံသဘောတူသော လူပုဂ္ဂိုလ် ၁၂ ဦး (အမျိုးသား ၉ ဦး နှင့် အမျိုးသမီး ၃ ဦး) ကို ရွေးချယ်ကြမှာဖြစ်ပါတယ်။

အရွေးချယ်ခံရတဲ့ ပုဂ္ဂိုလ်များဝင်ရောက်ယှဉ်ပြိုင်ကြမယ့် မဲဆန္ဒနယ်မြေအသီးသီးမှာ ချင်းမိသားစုဝင် အခြားပါတီများက ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုတော့ဘဲ အဲဒီပုဂ္ဂိုလ်တွေ အောင်နိုင်ရေးအတွက် ဝိုင်းဝန်းပံ့ပိုးပေးရမယ်လို့ သဘောတူညီချက်မှာ ဖော်ပြထားပါတယ်။ သဘောတူညီချက်အတိုင်း ချင်းပါတီကြီးတွေဖြစ်ကြတဲ့ ချင်းအမျိုးသားဒီမိုကရက်တစ်ပါတီ၊ ချင်းတိုးတက်ရေးပါတီ နဲ့ ချင်းဒီမိုကရေစီအဖွဲ့ချုပ်ပါတီတို့ကနေ တစ်ပါတီလျှင် ၂ ဦးစီရွေးချယ်ပြီး ဒေသအခြေပြု ပါတီတွေက တစ်ပါတီလျှင် (၁) ဦးစီ ရွေးချယ်ခဲ့ကြပါတယ်။

ဒါပေမဲ့ ရွေးကောက်ပွဲနီးကပ်လာတဲ့အချိန်မှာ ချင်းပါတီတွေဟာ သူတို့ချုပ်ဆိုထားတဲ့ သဘောတူညီချက်တွေကို လိုက်နာမှုမရှိကြတော့ဘဲ ဦးစားပေးပုဂ္ဂိုလ်အဖြစ် အရွေးချယ်ခံရသူတွေ ဝင်ရောက်ယှဉ်ပြိုင်တဲ့ မဲဆန္ဒနယ်မြေအသီးသီးတွေမှာ ချင်းမိသားစုဝင် အခြားပါတီတွေကလည်း ဝင်ရောက်ပြီး အချင်းချင်းယှဉ်ပြိုင်ခဲ့ကြပါတယ်။ ဒီလိုမဟုတ်ဘဲ သဘောတူညီချက်အတိုင်း ချင်းပါတီတွေအသီးသီး လိုက်နာပြီး ပူးပေါင်းဆောင်ရွက်ကြမယ်ဆိုရင် ချင်းပါတီတွေ မဲဆန္ဒနယ်မြေ အနည်းအကျဉ်းမှာတော့ အနိုင်ရနိုင်တယ်လို့ ချင်းနိုင်ငံရေးလေ့လာသုံးသပ်သူတွေကတော့ ပြောဆိုနေကြပါတယ်။

**(ခိုနမ်သုမ်သတင်းဂျာနယ်မှ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ (၂၇)ရက်စွဲပါ ဆောင်းပါးရှင် စစ်မုန်းလူ၏ သတင်းဆောင်းပါးအား ကူးယူဖော်ပြခြင်းဖြစ်ပါသည်။)**

❑❑❑❑❑

# ပညာရှိ အဆိုအမိန့်များ

ကျွန်ုပ်တို့ အခုရင်ဆိုင်နေရတဲ့ အရေးကြီးပြဿနာတွေကို သူတို့ကို ကျွန်ုပ်တို့ဖန်တီးခဲ့စဉ်က စဉ်းစားခဲ့ပုံအဆင့်လောက်နဲ့ ဖြေရှင်းလို့တော့ မရနိုင်ပေဘူး။

**အဲလ်ဘတ်အိုင်စတိုင်း**

လူတွေကို ခေါင်းဆောင်ပါ။ စေ့ဆော်ပါ။ လူတွေကို စီမံဖို့ မကြိုးစားပါနှင့်၊ ကြိုးကိုင်ဖို့ မစဉ်းစားပါနှင့်။ စာရင်းအင်းတွေကို စီမံခန့်ခွဲလို့ရတယ်။ လူတွေကိုကျတော့ ဦးဆောင်မှုပေးရမှာ။

**ရော့စ်ပရိုး**

လူမိုက်တွေဟာ သူတို့နိုင်ငံအတွက်နဲ့ပဲ ကျေနပ်တတ်တယ်။ ဒီတော့ သူတို့ဟာ အခြားသူတွေရဲ့ ကျေးကျွန်ဖြစ်နေတာကို မသိကြတော့ဘူး။ လူတော်တွေကတော့ သူတို့နိုင်ငံကို ချီးမွမ်းပြီး အခြားနိုင်ငံတွေနဲ့ ကျေနပ်နေကြတယ်။ သူတို့ဟာ ပိုပြီးကြီးကျယ်လာနိုင်တဲ့ ရန်သူတွေ များလာတာကို မသိကြဘူး။ ပညာရှိတွေကတော့ နိုင်ငံတကာရဲ့ ကောင်းတာတွေကို ချီးမွမ်းတယ်။ သူတို့ဟာ ကောင်းမွန်ပြည့်ဝခြင်းကို ရှာဖွေနေကြတယ်။ ရန်လိုမှုကိုတော့ ရှောင်ကြဉ်ကြတယ်။

**ချားလ်လက်စ်အက်ကာရာ**

ဒီမိုကရေစီကို ဤအတိုင်းထား၍ မရနိုင်။ ထက်မြက်သော ခေါင်းဆောင်တစ်ဦးက ရှေ့ဆောင်ရမည်။ ထိုသူကသာ ထိုးထွင်းတတ်သော အသိဉာဏ်နှင့် လမ်းမှန်ကို ရှေ့ဆောင်နိုင်မည်။ အစိုးရကောင်း ဆိုသည်မှာ အသိဉာဏ်ပြည့်ဝသည့် အစိုးရသာ ဖြစ်ရမည်။ အသိဉာဏ်ကင်းမဲ့သော လူထုထဲ၌ အစိုးရကောင်း ရှာမတွေ့နိုင်။

**သောမတ်စ်ကာလိုင်း**

အစိုးရအဖွဲ့အစည်းတစ်ခု ဖြစ်လာရင် တွေဝေနေလို့ မရတော့ဘူး။ မူဝါဒတစ်ခုကို ရွေးချယ်ထားပြီးပြီဆိုတာနဲ့ ဘယ်တွေညာတွေ လှည့်ကြည့်မနေတော့ဘဲ ရှေ့တည့်တည့်ကိုသာ တိုးသွားလိုက်ပေတော့။

**အော်တိုဗွန်ဘစ်မတ်စ်**

□□□□□